# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်　၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ တနင်္လာနေ့　အတွဲ (၆၃)၊ အမှတ်(၁၃၅)


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)

# တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ ကြည်ဖြူစွာ လက်တွဲကြိုးပမ်းဆောင်ရွက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ (၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူ အပေါင်းတို့ ခင်ဗျား–**

ယနေ့ကျရောက်သော (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယတွင် နိုင်ငံတော်အတွင်း ချစ်ကြည်ရင်းနှီးစွာ အတူတကွ နေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားသွေးချင်းညီအစ်ကို မောင်နှမများအားလုံး ကျန်းမာချမ်းသာပြီး ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကိုယ့်မင်းကိုယ့်ချင်း နေထိုင်လာခဲ့ကြရာမှ ကုန်းဘောင်ခေတ်ကာလတွင် အင်္ဂလိပ်နယ်ချဲ့တို့က ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲပြီး မြန်မာနိုင်ငံတော်ကို သိမ်းပိုက်ခဲ့ရာ ထီးကျိုးစည်ပေါက် ထီးနန်းပျောက်ကာ သူ့ကျွန်ဘဝရောက်ခဲ့ရပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့၏ သွေးခွဲအုပ်ချုပ်ရေးမူအရ လူမျိုးစုများကို အုပ်ချုပ်ရေးစနစ်အမျိုးမျိုးကျင့်သုံးကာ အခွင့်အရေး မတူညီစေခဲ့ခြင်းကြောင့် လူမျိုးရေးသွေးကွဲခြင်းကို ဖြစ်စေခဲ့ပါသည်။ တိုင်းရင်းသားတို့သည် ခိုင်မာသော ပြည်ထောင်စုစိတ်၊ မျိုးချစ်စိတ်ဖြင့် လွတ်လပ်ရေးအတွက် လက်နက်စွဲကိုင်မှုအပါအဝင် နည်းမျိုးစုံဖြင့် တိုက်ပွဲဝင်ခဲ့ကြရာ အင်္ဂလိပ်နယ်ချဲ့တို့က လွတ်လပ်ရေးမပေး၍မရသည့် အခြေအနေတွင် တောင်တန်းနှင့် ပြည်မကို ခွဲခြား၍ လွတ်လပ်ရေးပေးရန် ကြံစည်ခဲ့ကြပါသည်။

တောင်တန်းနှင့်ပြည်မ သာတူညီမျှ တစ်လုံးတစ်စည်းတည်းဖြင့် လွတ်လပ်ရေးကို အရယူမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင် (၂၃) ဦးတို့က ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ ရှမ်းပြည်နယ်၊ ပင်လုံမြို့တွင် သမိုင်းဝင်ပင်လုံစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပါသည်။ ထိုသို့ ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေထူနိုင်ခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင်ခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၇၇)နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။

“စည်းလုံးခြင်းသည်အင်အား၊ ပြည်ထောင်စု၏စွမ်းပကား” ဟူသော ဆောင်ပုဒ်နှင့်အညီ တိုင်းရင်းသားအားလုံး၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ရယူခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန် ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ဆက်လက်ကာကွယ်စောင့်ရှောက်နိုင်မည်

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း**
ဥပဒေ　စာ - ၄

. . . . . . . . . . . . . . . . .

**လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်များဖြင့် ရန်ကုန်၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ စက်မှုဇုန်များမှ လူမှုဖူလုံရေးအကျုံးဝင် အာမခံအလုပ်သမားများအား ကွင်းဆင်းကုသ**
ပြည်တွင်းသတင်း　စာ - ၇

. . . . . . . . . . . . . . . . .

**အဆင့်မြင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ယှဉ်ပြိုင်မှုများ**
ဆောင်းပါး　စာ - ၁၆


## ရှုံးပိတ်ရက်ကာလ ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူး တစ်သိန်းနှစ်သောင်းကျော် လာရောက်



ညောင်ဦး ဖေဖော်ဝါရီ ၁၁

ညောင်ဦးမြို့နယ် ပုဂံရွှေဟောင်း ယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူ များပြားနေကာ ညောင်ဦးမြို့နှင့် ပုဂံမြို့သစ်တို့တွင် ဖွင့်လှစ်ထားရှိသည့် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာများတွင် ဘုရားဖူးလာ ဧည့်သည်များဖြင့် ပြည့်နေပြီဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဘုရား၊ ပုထိုး၊ စေတီ၊ သာသနိကအဆောက်အအုံ ၃၇၀၀ ကျော်ကျန်ရှိနေကာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထားရှိသည့် ဘုရားများဖြစ်သည့် ရွှေစည်းခုံဘုရား၊ တုရင်တောင် စွယ်တော်မြတ်စေတီ၊ လောကနန္ဒာ စွယ်တော်မြတ်စေတီ၊ ဓမ္မရာဇကဘုရား၊ ထီးလိုမင်းလိုဘုရား၊ အလိုတော်ပြည့်ဘုရား၊ အာနန္ဒာဘုရား၊ ဗူးဘုရား၊

*စာမျက်နှာ ၇ ကော်လံ ၁* ❋

မြန်မာ့အလင်း

# လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တိုင်းရင်းသားတို့ စည်းလုံးမှုဖြင့် စောင့်ရှောက်

ယနေ့သည် တောင်ပေါ်မြေပြန့်မကျန် နိုင်ငံတစ်ဝန်းလုံး လွတ်လပ်ရေးရယူနိုင်ရေးအတွက် တစ်စည်းတစ်လုံးတည်းသော ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေထူကာ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့တွင် သမိုင်းဝင်ပင်လုံစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့သည့် (၇၇) နှစ်ပြည့်မြောက်သော နေ့ထူးနေ့မြတ် ဖြစ်သည်။ ထို့အပြင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည့် ၇၆ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သော မိမိတို့နိုင်ငံ၏ ပစ္စုပ္ပန်အခြေအနေမှာ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူလူထုအားလုံး တစ်ခဲနက်စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်နေချိန်လည်းဖြစ်သည်။

၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံသူနိုင်ငံသားများ၏ တစ်မျိုးတစ်စားတည်းသော နိုင်ငံသားစိတ်ဓာတ်ဖြင့် နိုင်ငံလွတ်လပ်ရေးကို ရယူနိုင်ခဲ့သလို လွတ်လပ်ရေးရပြီးကာလ ပြည်တွင်းသောင်းကျန်းမှုများနှင့် ပြည်ပကျူးကျော်မှုတို့ကိုလည်း စည်းလုံးညီညွတ်စွာ တွန်းလှန်ချေမှုန်းနိုင်ခဲ့ကြခြင်းကြောင့် နိုင်ငံအစွန့်ရှည်ခဲ့သည်။ ယခုအခါ မိမိတို့နိုင်ငံသည် ပြည်သူများ၏ လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများ ထွန်းကားရာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံအဖြစ် လျှောက်လှမ်းနေချိန်ဖြစ်သည်။ ဒီမိုကရေစီ နိုင်ငံသားများအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း(တရားဥပဒေ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာခြင်း)တို့ မရှိမဖြစ် လိုအပ်သော်လည်း နုနယ်သည့် ဒီမိုကရေစီသက်တမ်းကာလအတွင်း အထူးသဖြင့် နိုင်ငံရေးနယ်ပယ်တွင် အားနည်းချက်များစွာရှိခဲ့သည်ကို တွေ့ရသည်။

နိုင်ငံကို တည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး အင်အားစုများအကြား စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည့်အစား ဦးဆောင်နိုင်ငံရေးအင်အားစုတို့၏ ငါတကောကောမှုများ၊ ဖွဲ့ထုတ်စည်းရုံးမှုများ၊ နိုင်ငံအကျိုးပြည်သူအကျိုးအတွက် မြော်မြင်နိုင်စွမ်းကင်းမဲ့မှုများသာ ဖြစ်ပေါ်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့တွင်လည်း ခေါင်းဆောင်လုပ်သူတို့က လူမျိုးစုများအတွင်း ကျဉ်းမြောင်းသည့် လူမျိုးရေးမုန်းတီးမှုဝါဒကို ရိုက်သွင်း၍ အလွန်အကျွံလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြပြီး ခြံကြီးထဲတွင် ခြံငယ်ခတ်ရန်၊ လှေကြီးပေါ်တွင် လှေငယ်တင်ရန်၊ ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေရန် ပိုမိုအားထုတ်လာခဲ့ကြသည်။ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲတွင် ပေါ်ထွက်လာခဲ့သည့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသော NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့နှင့် အခြားဒေသအလိုက် ကာကွယ်ရေးအဖွဲ့အမည်ခံ လက်နက်ကိုင်အကြမ်းဖက်အုပ်စုအမျိုးမျိုးတို့မှာလည်း စစ်အာဏာရှင်တော်လှန်ရေးဟူ၍ ဟန်ဆောင်ကြွေးကြော်ကာ ၎င်းတို့ကိုယ်တိုင် စစ်ဘုရင်ဝါဒ၊ တစ်တောတစ်ကြက်ဖဝါဒတို့ဖြင့် ဒေသခံပြည်သူများအပေါ် ဗိုလ်ကျမင်းမူမှုများ ပြုလုပ်လျက်ရှိသည်။

မိမိတို့နိုင်ငံဖြစ်ပေါ်နေသည့် အခြေအနေများမှာ အန္တရာယ်ကြီးမားသည့် အခြေအနေများပင်ဖြစ်ပြီး နိုင်ငံပြိုကွဲပျက်စီးမသွားစေရေးအတွက် နိုင်ငံသူ၊ နိုင်ငံသား အားလုံးတို့က စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ထိန်းသိမ်းကြရမည့် အချိန်ဖြစ်သည်။ တစ်ဖက်တွင်လည်း နိုင်ငံရေးမကျေလည်မှုများကြောင့် လက်နက်ကိုင်လမ်းကြောင်းသို့ ရောက်ရှိလာသည့် အဖွဲ့အစည်းများအနေဖြင့် အချိန်မရွေးဖွင့်လှစ်ပေးထားသည့် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းမှတစ်ဆင့် အဖြေရှာကြရန်လိုအပ်သည်။ နိုင်ငံကိုရော ပြည်သူကိုပါ လွန်စွာထိခိုက်နာကျင်ဆုံးရှုံးစေသည့် အကြမ်းပတမ်းနည်းလမ်းများအစား နှလုံးရည်နည်းလမ်းဖြင့် ဖြစ်နိုင်သည်တို့ကိုသာ ဂုဏ်သိက္ခာရှိစွာ ဆောင်ရွက်ကြစေလိုသည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရေကိုသား၍ ကြားမထင်သော စည်းလုံးညီညွတ်မှု၊ ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် အတိတ်နှင့်ပစ္စုပ္ပန်တို့၌ ကာကွယ်စောင့်ရှောက်ခဲ့ကြသကဲ့သို့ပင် အနာဂတ်ကာလများစွာ ထာဝရတည်တံ့စေရေး ဆက်လက်ကာကွယ်စောင့်ရှောက်ကြရပါမည့်အကြောင်း။ ။

**စည်းလုံးခြင်းသည် အင်အား ပြည်ထောင်စု၏ စွမ်းပကား**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မိုး/ဇလ




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်း တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်ပေး

**ထားဝယ် ဖေဖော်ဝါရီ ၁၁**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၄ နာရီ က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားရင်ပြင်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးထွန်းတို့က (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု ပြကွက်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ မှတ်တမ်းမှတ်ရာပစ္စည်းများနှင့်လုပ်ငန်းများ၊ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသောဒေသထွက်ကုန်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများနှင့် တူရိယာပစ္စည်းများ၊ ဒေသမှ ထွက်ရှိသော သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ၊ အသေးစားစက်မှုလက်မှုထုတ်ကုန်များ စသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှု အားပေးသည်။

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းတွင် ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ခင်းကျင်းပြသထားလျက်ရှိရာ ဒေသခံပြည်သူများက ပြခန်းများကို စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးကြပြီး ပြခန်းကို ဖေဖော်ဝါရီ ၁၃ ရက်အထိ ခင်းကျင်းပြသပေးသွားမည် ဖြစ်ကြောင်း လာရောက်ကြည့်ရှုသော ဒေသခံပြည်သူများကို ထားဝယ်ရိုးရာ ယဉ်ကျေးမှုအကများနှင့် တေးသံရှင်များက စင်တင်တေးဂီတများဖြင့် သီဆိုဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ တွဲထားလက်များ ခိုင်မြဲစို့**

# ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းတည်ဆောက်ကာ ဆောင်ရွက်ကြရမည်

❖ ရှေ့ဖုံးမှ

ဖြစ်ပါသည်။ မျက်မှောက်ကာလတွင် အင်အားကြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် စစ်ရေးအရ လွှမ်းမိုးချုပ်ကိုင်လိုမှု၊ နိုင်ငံရေးအရ မိမိဩဇာခံအဖြစ်ထားရှိလိုမှုများကြောင့် နောက်ကွယ်မှ ဘက်စုံစစ်ပွဲအသွင်ဖော်ဆောင်ကာ လုပ်ဆောင်နေကြသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ ပြည်ထောင်စုကြီး အဓွန့်ရှည်ကြာ ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်အရင်းခံလျက် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူ အပေါင်းတို့ ခင်ဗျား—**

မြန်မာ့နိုင်ငံရေးအခင်းအကျင်းကို ပြန်လည်လေ့လာကြည့်ပါက မျိုးချစ်စိတ်ကိုအရင်းခံပြီး လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ သန္ဓေတည်ခဲ့သော မြန်မာ့တပ်မတော်သည် ရရှိထားသည့် လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုကြီးကို တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲတည်ဆောက်လျက်ရှိပါသည်။

လွတ်လပ်ရေးရရှိပြီး မကြာမီတွင် ပြည်တွင်းရောင်စုံသူပုန်သောင်းကျန်းမှု အရှိန်အဟုန်မြင့်တက်ခဲ့သည့်အတွက် ရန်ကုန်အစိုးရဟုပင် ခေါ်ဆိုခြင်းခံခဲ့ရသည့်အချိန်တွင် အင်အားနှစ်သောင်းခန့်သာ ရှိခဲ့သော တပ်မတော်သည် ပြည်သူလူထု၏ အားပေးမှု၊ ပူးပေါင်းပါဝင်မှုတို့ကြောင့် ရက်ပေါင်း (၁၂၂)ရက်ကြာ အင်းစိန်တိုက်ပွဲကို အောင်မြင်စွာ ဆင်နွှဲခဲ့ပြီး ရောင်စုံသောင်းကျန်းမှုများကို အဆင့်ဆင့်နှိမ်နင်းချေမှုန်းကာ ပြည်ထောင်စုကြီးမပြိုကွဲရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ရပါသည်။

လက်ရှိကာလတွင် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အချို့နှင့် ပြည်တွင်းပြည်ပမှ အဖျက်သမားများသည် မိမိတို့နိုင်ငံအကျိုးကို မလိုလားသော ပြည်ပအင်အားကြီးနိုင်ငံအချို့၏ သွေးထိုးမြှောက်ပင့်အားပေးမှုတို့ဖြင့် ဆူပူအကြမ်းဖက်မှုမျိုးစုံနှင့် တိုက်ပွဲများ ဖော်ဆောင်လျက်ရှိနေကြပါသည်။ ထိုကဲ့သို့ မတည်ငြိမ်မှုများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးဒဏ်ရာရကြခြင်းအပြင် နိုင်ငံ့အရင်းအမြစ်များ များစွာဆုံးရှုံးနစ်နာပြီး ဒေသခံတိုင်းရင်းသားပြည်သူများမှာ ဆင်းရဲဒုက္ခများစွာ ခံစားနေကြရပါသည်။ ရေရှည်တွင် နိုင်ငံတော်အတွက် အဘက်ဘက်မှ အန္တရာယ်ကြီးမားလှသည်ကို အားလုံးက သတိတရားဖြင့် ထိန်းသိမ်းကာကွယ်ကြရန် အလွန်အရေးကြီးနေပြီ ဖြစ်ကြောင်း အသိပေးမှာကြားလိုပါသည်။

ပြည်ထောင်စုအကျိုးအမြဲရှေးရှုသော တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို ဦးထိပ်ထားကာ ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်လျက် ရှိပါသည်။ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိတိုင်းရင်းသားအားလုံး၏ အားပေးထောက်ခံမှုနှင့် တပ်မတော်နှင့်ပြည်သူ တစ်သားတည်းရပ်တည်မှုတို့သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အခြေခံပံ့ပိုးမှု တစ်ရပ်ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ ကြည်ဖြူစွာ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူ အပေါင်းတို့ ခင်ဗျား—**

> ◆ **လက်ရှိကာလတွင် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပြည်တွင်းပြည်ပမှ အဖျက်သမားများသည် မိမိတို့နိုင်ငံအကျိုးကို မလိုလားသော ပြည်ပအင်အားကြီးနိုင်ငံအချို့၏ သွေးထိုးမြှောက်ပင့်အားပေးမှုတို့ဖြင့် ဆူပူအကြမ်းဖက်မှုမျိုးစုံနှင့် တိုက်ပွဲများ ဖော်ဆောင်လျက်ရှိနေကြပါသည်။ ထိုကဲ့သို့ မတည်ငြိမ်မှုများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးဒဏ်ရာရကြခြင်းအပြင် နိုင်ငံ့အရင်းအမြစ်များ များစွာဆုံးရှုံးနစ်နာပြီး ဒေသခံ တိုင်းရင်းသားပြည်သူများမှာ ဆင်းရဲဒုက္ခများစွာ ခံစားနေကြရပါသည်။ ရေရှည်တွင် နိုင်ငံတော်အတွက် အဘက်ဘက်မှ အန္တရာယ်ကြီးမားလှသည်ကို အားလုံးက သတိတရား ဖြင့် ထိန်းသိမ်းကာကွယ်ကြရန် အလွန်အရေးကြီးနေပြီဖြစ်ကြောင်း အသိပေးမှာကြားလို**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့စီးပွားရေး စွမ်းပကားမြင့်မားရေးကို ဦးတည်ကြိုးပမ်းလျက်ရှိပါသည်။ ပြည်သူလူထုတစ်ရပ်လုံးကို အချိန်တိုအတွင်း ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းစေနိုင်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော၊ သဘာဝထွက်ကုန်များဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်းများကို အခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်း၊ လုပ်ငန်းသစ်များ အစပျိုးရာတွင် တွေ့ကြုံရမည့်အခက်အခဲများ လျှော့ချပေးခြင်း၊ ရင်းနှီးမတည်ငွေစီးဆင်းမှု လွယ်ကူချောမွေ့စေခြင်း၊ အသိပညာပေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ နည်းပညာမျှဝေခြင်း၊ စွန့်ဦးတီထွင်မှု လုပ်ငန်းများ အားကောင်းစေခြင်း၊ သတင်းကွန်ရက် ချိတ်ဆက်ခြင်းနှင့် သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေခြင်း အစရှိသည်တို့ကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး နေရာလပ်မကျန် ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ကြိုးပမ်းသွားမည် ဖြစ်ပါသည်။

လူသားတိုင်း အသက်ရှင်ရပ်တည်နိုင်ရေးအတွက် စား၊ ဝတ်၊ နေရေးသည် အခြေခံလိုအပ်ချက်ဖြစ်သဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက် ၂ ရပ်အဖြစ် ချမှတ်ထားပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမြေဧရိယာ ကျယ်ပြန့်ခြင်း၊ လူဦးရေသင့်တင့်မျှတခြင်း၊ ရာသီဥတုသမမျှတခြင်းတို့ ပြည့်စုံသည့်အတွက် အခြေခံအားဖြင့် စားရေရိက္ခာဖူလုံသည်ဟု ဆိုနိုင်သည်ဖြစ်၍ အာဟာရပြည့်ဝသည့် အမယ်စုံလင်သော စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်သွားခြင်းအားဖြင့် တိုင်းပြည်သာယာဝပြော တိုးတက်လာစေမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်များ အောင်မြင်စေရေးအတွက် နိုင်ငံသားတိုင်း ပညာတတ်မြောက်ပြီး နိုင်ငံတော်၏ နယ်ပယ်အသီးသီးတွင် ကျရာကဏ္ဍမှ တာဝန်ထမ်းဆောင်နိုင်ကြရမည် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးနှင့် အနည်းဆုံး KG + 9 အလယ်တန်းအဆင့် ပြီးမြောက်ရေးကို မူဝါဒချမှတ် အကောင်အထည်ဖော်လျက် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်၍ နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် အထောက်အပံ့ကောင်းများကို ဖန်တီးပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးတွင် ကာလ၊ ဒေသနှင့်ကိုက်ညီသော သီးထပ်၊ သီးညှပ်များကို စိုက်ပျိုးထုတ်လုပ်ကြသကဲ့သို့ နိုင်ငံသားတိုင်းအကျိုးရှိစေမည့် မွေးမြူရေးလုပ်ငန်းများကိုလည်း အရှိန်တိုးမြှင့်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက် ၂ ရပ် အောင်မြင်ဖြစ်ထွန်းလာစေရန် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါသည်။

ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းတည်ဆောက်ကာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်က ဦးတည်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တွင် တိုင်းရင်းသားအဖွဲ့အချို့က တောင်းဆိုနေသောအချက်များ အားလုံးပါဝင်ပြီး ဖြစ်ပါသည်။ ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးလုပ်ငန်းစဉ် သုံးရပ်အဖြစ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်ကို ခိုင်ခိုင်မာမာ တည်ဆောက်ထားခြင်းဖြစ်သဖြင့် အထိခိုက်ခံမည် မဟုတ်ကြောင်း ဖော်ပြလိုပါသည်။ နိုင်ငံတော်အတွင်း ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို သက်ဆိုင်ရာဒေသနှင့် ဒေသခံများကသာ ခံစားရမည်ဖြစ်သောကြောင့် မိမိတို့ဒေသအကျိုး၊ တိုင်းပြည်အကျိုးကိုကြည့်၍ နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းကြကာ မိမိတို့မျှော်မှန်းထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူ အပေါင်းတို့ ခင်ဗျား—**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တင့်တင့်တယ်တယ် ဝင့်ဝင့်ထည်ထည် တည်တံ့နေစေရေးအတွက် တစ်လေ့တည်းစီး၊ တစ်ခရီးတည်းသွား ပြည်ထောင်စုဖွား သွေးချင်းများအားလုံး ဥမကွဲသိုက်မပျက် ခိုင်မြဲစွာလက်တွဲလျက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် လေးလေးနက်နက် တိုက်တွန်းနှိုးဆော်လျက် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ပေးပို့အပ်ပါသည်။

> ○ **တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသား ပြည်သူလူထု တစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး နေရာလပ်မကျန် ဖွံ့ဖြိုးတိုးတက် စေရေးကို ဦးတည်ကြိုးပမ်းသွားမည်**

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၆ /၂၀၂၄)**
**၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်**
**( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ရာဇသတ်ကြီးတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ဝန်ကြီး** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဂ) **ရဲချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကို ဆိုသည်။

(ဃ) **ရဲတပ်ဖွဲ့** ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံအရ ဖွဲ့စည်းထားသည့် ရဲတပ်ဖွဲ့ဌာနချုပ်၊ တပ်ဖွဲ့နှင့် ရဲလေ့ကျင့်ရေးကျောင်းများလည်း ပါဝင်သည်။

(င) **ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံ** ဆိုသည်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖွဲ့စည်းပုံကို ဆိုသည်။

(စ) **တပ်ဖွဲ့** ဆိုသည်မှာ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံအရ ဖွဲ့စည်းထားသည့် နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့၊ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ နေပြည်တော်ရဲတပ်ဖွဲ့၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့ သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့နှင့် သီးခြားလုပ်ငန်းတာဝန် ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် တပ်ဖွဲ့များကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါတပ်ဖွဲ့များ၏ ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ခွဲများ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့များလည်း ပါဝင်သည်။

(ဆ) **ပြန်တမ်းဝင်ရဲအရာရှိ** ဆိုသည်မှာ ဒုတိယရဲမှူးနှင့် ယင်းအထက်အဆင့်ရှိ ရဲအရာရှိကို ဆိုသည်။

(ဇ) **ရဲအရာရှိ** ဆိုသည်မှာ ဒုတိယရဲအုပ်နှင့် ယင်းအထက်အဆင့်ရှိ ရဲတပ်ဖွဲ့ဝင်ကို ဆိုသည်။

(ဈ) **အထက်အရာရှိ** ဆိုရာတွင် ဤဥပဒေကို လိုက်နာရသူတစ်ဦးနှင့်ပတ်သက်၍ ရာထူးအဆင့်အလိုက်သုံးနှုန်းထားသည့်အခါ ရဲအရာရှိများအပြင် ရဲအရာခံနှင့် အကြပ်တို့လည်း ပါဝင်သည်။

(ည) **အကြပ်** ဆိုသည်မှာ ရဲတပ်ဖွဲ့တွင် အကြပ်အဆင့်လက်ရှိဖြစ်သောသူကို ဆိုသည်။

(ဋ) **ရဲတပ်ဖွဲ့ဝင်** ဆိုသည်မှာ ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်ထားခြင်း ခံရသူကို ဆိုသည်။

(ဌ) **ရဲပြေး** ဆိုသည်မှာ ရဲတပ်ဖွဲ့မှ ထာဝရကျောခိုင်းလိုသောရည်ရွယ်ချက်ဖြင့် ခွင့်မဲ့ ထွက်ခွာသွားသော သို့မဟုတ် ၂၁ ရက်နှင့် ၎င်းကာလထက်ကြာပြီး ခွင့်မဲ့ထွက်ခွာသွားသော ရဲတပ်ဖွဲ့ဝင်ကို ဆိုသည်။"

၃။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ (က)၊ (ခ)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ည)၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၃၁၊ ပုဒ်မ ၄၀ နှင့် ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ) တို့တွင်ပါရှိသော "အရာရှိ'' ဆိုသည့် စကားရပ်ကို "ရဲအရာရှိ'' ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၉ ခြေဆင်း၊ ပုဒ်မ ၃၆ နှင့် ပုဒ်မ ၄၅၊ ပုဒ်မခွဲ (က)၊ (ခ) တို့တွင်ပါရှိသော "ရဲတပ်ရင်းမှူး" ဆိုသည့် စကားရပ်ကို "ရဲတပ်ဖွဲ့ခွဲမှူး" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၅။ မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၇ ခြေဆင်း၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) တို့တွင်ပါရှိသော "တိုင်း သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး" ဆိုသည့် စကားရပ်ကို "တပ်ဖွဲ့ သို့မဟုတ် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲမှူးကြီးအဆင့်နှင့် အထက်အဆင့်ရှိ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူး သို့မဟုတ် ကျောင်းအုပ်ကြီးများ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ခ) ရဲအရာရှိနှင့်ရဲအရာခံမှတစ်ပါး ဤဥပဒေကိုလိုက်နာရသည့် မိမိကွပ်ကဲရသူတစ်ဦးအား ပို၍နိမ့်သော ရာထူးအဆင့်သို့ဖြစ်စေ၊ ရဲတပ်သားအဆင့်ထိသို့ဖြစ်စေ လျှော့ချနိုင်သည်။"

၇။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(ခ) ဖမ်းဆီးထားသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ၂၄ နာရီထက် ကျော်လွန်ပြီး ၇ ရက်အထိ အကျယ်ချုပ် သို့မဟုတ် အကျဉ်းချုပ်နှင့်ထားနိုင်ခွင့်ကို ရဲတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှူး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနခွဲမှူး သို့မဟုတ် ယင်းတာဝန်ထမ်းဆောင်နေသည့် ရဲမှူး အဆင့်ထက်မနိမ့်သော ရဲအရာရှိတို့က အမိန့်ပေးနိုင်သည်။"

၈။ မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၆၊ ပုဒ်မ ၃၈ နှင့် ပုဒ်မ ၄၇ တို့တွင် ပါရှိသော "ပြစ်မှုဆိုင်ရာတရားရုံး" ဆိုသည့် စကားရပ်ကို "တရားရုံး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၅၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) တို့တွင် ပါရှိသော "ပြစ်မှုဆိုင်ရာတရားသူကြီး" ဆိုသည့် စကားရပ်ကို "ရာဇဝတ် တရားသူကြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၅၀ တို့တွင် ပါရှိသော "ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ" ဆိုသည့် စကားရပ်ကို "ရာဇဝတ်ကျင့်ထုံးဥပဒေ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၀ တွင် ပါရှိသော "ပြစ်မှုဆိုင်ရာဥပဒေ"ဆိုသည့် စကားရပ်ကို "ရာဇသတ်ကြီး" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) တွင်ပါရှိသော "ပြစ်မှုမကင်းသော အနိုင်ထက်ပြုမှု" ဆိုသည့် စကားရပ်ကို "ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှု" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ) တွင်ပါရှိသော "ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု" ဆိုသည့် စကားရပ်ကို "ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှု" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၀။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၁။ ဤဥပဒေကို လိုက်နာရသူတစ်ဦးသည်–

(က) သေရည်သေရက်ကို သောက်စားခြင်းကြောင့် မိမိထမ်းဆောင်လျက်ရှိသည့် တာဝန်ကို မထမ်းဆောင်နိုင်လောက်အောင် မူးယစ်နေလျှင် ရဲအရာရှိဖြစ်ပါက ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်ခြင်းပြစ်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊ ရဲအရာခံ၊ အကြပ်နှင့် ရဲတပ်သားဖြစ်ပါက ၆ လ အထိ ထောင်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

(ခ) မည်သည့်အချိန်တွင်မဆို သေရည်သေရက်ကို သောက်စားခြင်းကြောင့် ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို ထိခိုက်လောက်အောင်ပြုမူသည်အထိ မူးယစ်နေလျှင် ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်ခြင်းပြစ်ဒဏ်ဖြစ်စေ၊ ဤဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်။

**ရှင်းလင်းချက်**။ သေရည်သေရက် ဆိုသည်မှာ အရက်၊ ဗျစ်ရည်၊ ကစော်ရည်၊ ထန်းရည်၊ ဓနိရည်၊ ခေါင်ရည် စသည့် မူးယစ်စေနိုင်သော အရည်များကို ဆိုသည်။"

၁၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည်–

"၂၈။ (က) ရဲချုပ်သည် ဤဥပဒေပါပြစ်မှုတစ်ခုခုကိုကျူးလွန်သည်ဟု စွပ်စွဲခံရသည့် ဒုတိယရဲမှူးကြီး အဆင့်အောက်နိမ့်သော ရဲအရာရှိတစ်ဦးအား သတ်မှတ်ထားသော နည်းလမ်းအတိုင်း အကျဉ်းနည်းဖြင့်စစ်ဆေးပြီး အောက်ပါပြစ်ဒဏ်တစ်ခုခုကို ချမှတ်နိုင်သည်–

(၁) ချိန်နှုန်းလစာတစ်ခုအတွင်း လစာအဆင့်လျှော့ချခြင်း၊

(၂) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊

(၃) နှစ်တိုးလစာ ရပ်ဆိုင်းခြင်း၊

(၄) ပြင်းထန်စွာပြစ်တင် ရှုတ်ချခြင်း၊

(၅) လစာမှ ပေးလျော်စေခြင်း။

(ခ) တပ်ဖွဲ့ သို့မဟုတ် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲမှူးကြီးအဆင့်နှင့်အထက် အဆင့်ရှိ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူး သို့မဟုတ် ကျောင်းအုပ်ကြီးများသည် ဤဥပဒေပါ ပြစ်မှုတစ်ခုခုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့် ရဲအုပ် သို့မဟုတ် ဒုတိယရဲအုပ်တစ်ဦးအား သတ်မှတ်ထားသောနည်းလမ်းအတိုင်း အကျဉ်းနည်းဖြင့် စစ်ဆေးပြီး အောက်ပါပြစ်ဒဏ်တစ်ခုခုကို ချမှတ်နိုင်သည်–

(၁) ချိန်နှုန်းလစာတစ်ခုအတွင်း လစာအဆင့်လျှော့ချခြင်း၊

(၂) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊

(၃) နှစ်တိုးလစာ ရပ်ဆိုင်းခြင်း၊

(၄) ပြင်းထန်စွာ ပြစ်တင်ရှုတ်ချခြင်း၊

(၅) လစာမှ ပေးလျော်စေခြင်း။

(ဂ) တပ်ဖွဲ့ သို့မဟုတ် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲမှူးကြီးအဆင့်နှင့်အထက် အဆင့်ရှိ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူး သို့မဟုတ် ကျောင်းအုပ်ကြီးများသည် ဤဥပဒေပါ ပြစ်မှုတစ်ခုခုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသည့် ရဲအရာခံ၊ အကြပ်၊ ရဲတပ်သားတစ်ဦးအား သတ်မှတ်ထားသောနည်းလမ်းအတိုင်း အကျဉ်းနည်းဖြင့် စစ်ဆေးပြီး အောက်ပါပြစ်ဒဏ်တစ်ခုခုကို ချမှတ်နိုင်သည်–

(၁) ရဲအချုပ်တွင် သုံးလထိ ထောင်ဒဏ်၊

(၂) ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်ခြင်း၊

(၃) ရာထူးမှရပ်စဲခြင်း၊

(၄) ရဲအရာခံနှင့် အကြပ်များအတွက်ဖြစ်ပါက ရာထူးအဆင့်လျှော့ချခြင်း၊

(၅) ချိန်နှုန်းလစာတစ်ခုအတွင်း လစာအဆင့်လျှော့ချခြင်း၊

(၆) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊

(၇) နှစ်တိုးလစာ ရပ်ဆိုင်းခြင်း၊

(၈) ရဲအရာခံနှင့် အကြပ်ဖြစ်ပါက ပြင်းထန်စွာပြစ်တင်ရှုတ်ချခြင်း၊

(၉) လစာမှ ပေးလျော်စေခြင်း။"

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

၁၂။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၈ ၏ နောက်တွင် ပုဒ်မ ၂၈-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၈-က။ ရဲချုပ် သို့မဟုတ် ရဲချုပ်က တာဝန်ပေးအပ်သည့် ရဲမှူးချုပ်အဆင့်ထက်မနိမ့်သော ရဲအရာရှိသည် တပ်ဖွဲ့ သို့မဟုတ် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲမှူးကြီးအဆင့်နှင့်အထက် အဆင့်ရှိ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူး သို့မဟုတ် ကျောင်းအုပ်ကြီးများ၏ အခွင့်အာဏာများကို ကျင့်သုံးနိုင်သည်။"

၁၃။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၃။ ရဲတရားရုံးသည် ဤဥပဒေအရ ပြစ်ဒဏ်ချမှတ်ထိုက်သည့် ပြစ်မှုတစ်ခုခုအတွက် ဤဥပဒေကို လိုက်နာရသူတစ်ဦးအား စစ်ဆေးစီရင်ရန်နှင့် ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အောက်ပါ ပြစ်ဒဏ်တစ်ခုခုကိုသော်လည်းကောင်း၊ တစ်ခုထက်ပို၍သော်လည်းကောင်း ချမှတ်ရန် အာဏာရှိရမည်-

(က) ဤဥပဒေအရ ချမှတ်နိုင်သည့် ထောင်ဒဏ်၊
(ခ) ရဲတပ်ဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်ခြင်း၊
(ဂ) ရာထူးမှရပ်စဲခြင်း၊
(ဃ) ရာထူးအဆင့်လျှော့ချခြင်း၊
(င) ရာထူးတိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း၊
(စ) အငြိမ်းစားလစာအတွက် ရဲမှုထမ်းသက်လျှော့ချခြင်း၊
(ဆ) ငွေဒဏ်။"

၁၄။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၄။ ရဲတရားရုံးသည်-

(က) ပုဒ်မ ၃၃ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော ပြစ်ဒဏ်ချမှတ်ပါက ပုဒ်မခွဲ (ခ) ပါ ပြစ်ဒဏ်ကိုလည်း ချမှတ်ရမည်။
(ခ) ပုဒ်မ ၃၃ ပုဒ်မခွဲ (က) နှင့် (ခ) တွင် ဖော်ပြထားသော ပြစ်ဒဏ်တစ်ခုခုချမှတ်ပါက ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (င) နှင့် (စ) ပါ ပြစ်ဒဏ်တစ်ခုခုနှင့် ပူးတွဲမချမှတ်ရ။
(ဂ) ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ဂ) တွင် ဖော်ပြထားသော ပြစ်ဒဏ်ကို ပုဒ်မခွဲ(ဃ)၊ (င) နှင့် (စ) ပါ ပြစ်ဒဏ်တစ်ခုခုနှင့်ပူးတွဲ မချမှတ်ရ။
(ဃ) ရဲတပ်သားအဆင့်ရှိသူအား ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ဃ) ပါ ပြစ်ဒဏ်မချမှတ်ရ။"

၁၅။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေပုဒ်မ ၅၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၇။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်းဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေး စစ်ဆေးရေးဓာတ်ခွဲခန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားစိုက်ပျိုးရေး သိပ္ပံကျောင်းဝင်းအတွင်းရှိ ဓာတ်ခွဲခန်းအဆောက်အအုံသစ်၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က စိုက်ပျိုးရေး ထွက်ကုန်များ အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်း အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး(**အပေါ်ဝဲပုံ**) ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က သီးနှံများ၏ အရည်အသွေးဆိုင်ရာစံချိန်စံညွှန်းများတွင် အာဟာရဓာတ်ပါဝင်မှုများခြင်း၊ လတ်ဆတ်၍ နှစ်လိုဖွယ်ရာရှိခြင်းများအပြင် လူသားတို့၏





ကျန်းမာရေးကို ထိခိုက်စေနိုင်သော အဏုဇီဝပိုးများ၊ မှို အဆိပ်များ၊ အဆိပ်ဖြစ်စေသည့် သတ္တုဓာတ်များနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းများ မပါရှိရန် အလွန်အရေးကြီးကြောင်း၊ ယခု ဖွင့်လှစ်လိုက်သည့် ဓာတ်ခွဲခန်းတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းများနှင့် အာဟာရဓာတ်များကို နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲစစ်ဆေးပေးနိုင်မည်ဖြစ်၍ အစားအစာဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများကို တာဝန်ကျေပွန်စွာဖြင့် တိုးမြှင့်လုပ်ဆောင်သွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်းတည်ဆောက်ဖွင့်လှစ်ရခြင်းနှင့် ပြည်တွင်း စားသုံးမှုနှင့် ပို့ကုန်များ၏ အစားအစာဘေးကင်းလုံခြုံမှုအတွက် ဓာတ်ခွဲခန်းလုပ်ငန်းများ၏ အရေးပါမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

**ထပ်မံ၍တိုးချဲ့ဖွင့်လှစ်ခဲ့**

ယခုဖွင့်လှစ်သော စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်းတွင် ခေတ်မီစက်ကိရိယာဖြစ်သည့် Liquid Chromatography and Inductively Coupled Plasma Spectrometry (LC–ICP MS) ကိုအသုံးပြုပြီး စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ GAP လုပ်ငန်းစဉ်နှင့် ပြည်ပသို့ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့မှုအတွက် အရေးကြီးသော အဆိပ်ဖြစ်သတ္တုဓာတ်များဖြစ်သည့် အာဆင်းနစ်(Arsenic)၊ ကက်ဒ်မီယမ်(Cadmium)၊ ကြေးနီ(Copper)၊ ခဲ(Lead)နှင့် နီကယ်(Nickel)များကို စစ်ဆေးပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးထွက်ကုန်များတွင် ရောနှောပါဝင်နေတတ်သည့် အဆိပ်ဖြစ် သတ္တုဓာတ် (Heavy metals) များစစ်ဆေးခြင်း၊ GAP လုပ်ငန်းစဉ်တွင် ပါဝင်သည့် စိုက်ခင်းမစတင်မီ မြေနမူနာနှင့် ရေနမူနာတို့တွင် ပါဝင်နိုင်သည့် အဆိပ်ဖြစ်သတ္တုဓာတ် (Heavy metals)များ စစ်ဆေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခြင်းအပြင် စိုက်ပျိုးရေးထွက်ကုန်များ၏ အရည်အသွေးနှင့် အာဟာရဓာတ်များကို တိုင်းတာစစ်ဆေးနိုင်ရန်အတွက်လည်း ဆောင်ရွက်ထားရှိကြောင်း၊ သီးနှံများ၏ အချိုဓာတ်၊ အချဉ်ဓာတ်၊ ဗီတာမင်စီ၊ ဘီတာခရိုတင်းနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်း အန်တီအောက်စီးဒင့် (anti oxidants)များကိုလည်း ခေတ်မီစက်ကိရိယာနည်းပညာများအသုံးပြုခြင်းဖြင့် တိုင်းတာစစ်ဆေးပေးသွားမည်ဖြစ်ပြီး အရည်အသွေးနှင့် အာဟာရဓာတ်ပြည့်ဝသော စိုက်ပျိုးရေးထွက်ကုန်များကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းဖြင့် မြန်မာ့စိုက်ပျိုးရေး ထွက်ကုန်များအနေဖြင့် ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်စွမ်းအားတိုးတက်မြင့်မားလာစေရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးဓာတ်ခွဲခန်းကို ရန်ကုန်မြို့တွင် တည်ထောင်ထားရှိခဲ့ရာ ယခုနေပြည်တော်တွင် ထပ်မံ၍တိုးချဲ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မန္တလေးမြို့တွင်လည်း ဆက်လက်၍ ဖွင့်လှစ်နိုင်ရေး စီမံထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့၊ နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း)၊ လွိုင်လင်မြို့၊ မိုင်းယန်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့၊ ပင်လောင်းမြို့၊ တီးတိန်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

# ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်



မနေ့ကတော့ ကျွန်တော်တို့ ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်တဲ့ အမိန့် ထုတ်ပြန်ခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အမြင်အမျိုးမျိုးရှိကြောင်း တွေ့ရပါတယ်။ ဒီကြားထဲမှာ ထုံးစံအတိုင်းပေါ့၊ ပြည်ဖျက်မီဒီယာတွေ၊ အကြမ်းဖက်အဖွဲ့အစည်းတွေအနေနဲ့ ဒီအပေါ်မှာ အဆိုးမြင်ဝါဒနှင့် ပြည်သူလူထုကို ကြောက်လန့်အောင် ခြိမ်းခြောက်နေတာတွေ၊ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ပျက်ပြားအောင် လုပ်ဆောင်နေတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ဒီပြည်သူ့စစ်မှုထမ်းဥပဒေ တစ်နည်းအားဖြင့် အမျိုးသားစစ်မှုထမ်းစနစ်နှင့်ပတ်သက်ပြီး ပြည်သူလူထု ပိုမိုသိရှိနိုင်စေဖို့ ပြောပြလိုပါတယ်။ နိုင်ငံသားတိုင်း၊ နိုင်ငံသားတိုင်းဟာ မိမိနိုင်ငံကို ချစ်ကြပါတယ်။ မိမိနိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေချင်ကြပါတယ်။ သူများနိုင်ငံတွေထက် မိမိနိုင်ငံကို သာစေချင်တယ်။ ဒါဟာ နိုင်ငံချစ်စိတ်ပါ။ ကောင်းပါတယ်။ ဒါဆိုရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ဘာလိုသလဲ။ အဓိကအခြေခံအကျဆုံး လိုအပ်ချက်ကတော့ တည်ငြိမ်အေးချမ်းရေးပါ။ တည်ငြိမ်အေးချမ်းမှပဲ ကောင်းစွာစီးပွားရှာလို့ရမယ်။ တည်ငြိမ်အေးချမ်းမှလည်း ကောင်းစွာသွားလာလို့ရမယ်။ နေထိုင်လို့ရမယ်။ တိုးတက်အောင်လုပ်လို့ရမယ်။ တည်ငြိမ်အေးချမ်းဖို့ ဘာလိုသလဲ။ ပြည်သူတွေဘဝ လုံခြုံဖို့လိုပါတယ်။ လုံခြုံရေး၊ ကာကွယ်ရေးအင်အား ကောင်းဖို့လိုပါတယ်။ နိုင်ငံတစ်ခုမှာ ရှိသေခန့်ညားလောက်တဲ့ လုံခြုံရေးအင်အား၊ ကာကွယ်ရေးအင်အားမရှိဘဲနဲ့ ခိုင်မာတဲ့တည်ငြိမ်အေးချမ်းမှုဆိုတာ မရှိနိုင်ပါဘူး။

ကျွန်တော်တို့လို လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းသောင်းကျန်းမှုနဲ့ ကြုံလာတဲ့နိုင်ငံမှာဆိုရင် ဒီကိစ္စက ပိုပြီးလိုတာပေါ့။ ရှိသေခန့်ညားလောက်တဲ့ကာကွယ်ရေးစွမ်းပကား၊ လုံခြုံရေးစွမ်းပကားရှိဖို့ တပ်မတော်တစ်ရပ်တည်းမှာပဲ တာဝန်ရှိတာမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံကိုချစ်တဲ့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါတယ်။ ဒီနေ့ကမ္ဘာကို ပြန်ကြည့်ရအောင်၊ ကမ္ဘာမှာ Globalization နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေကြောင့် ယခင်ကတော့ ပြည်တွင်းရေး၊ အိမ်တွင်းရေးလို့ထင်ရတဲ့ ကိစ္စတွေတောင်မှပဲ သတင်းခေတ် Information age ရိုက်ခတ်မှုကြောင့် ကမ္ဘာ့အရေး၊ ဒေသအရေးသဖွယ် ဖြစ်လာတာတွေ တွေ့ရပါတယ်။ ကျွန်တော်တို့ နေ့စဉ်ထိတွေ့ကိုင်တွယ်ရတဲ့ အင်တာနက်စာမျက်နှာတွေ၊ ရုပ်မြင်သံကြားစက်တွေ၊ လူမှုကွန်ရက်စာမျက်နှာတွေကနေတစ်ဆင့် ကမ္ဘာ့ပုံရိပ်တွေကို ကျွန်တော်တို့ အချိန်နဲ့တစ်ပြေးညီ တွေ့မြင်နေရပါတယ်။ ကမ္ဘာမှာ ငြိမ်းချမ်းရေး၊ လက်နက်ဖျက်သိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ လူ့အခွင့်အရေး စတဲ့ စတဲ့နှစ်သက်သဘောကျဖွယ်ကောင်းတဲ့ ဟန်ရေးပြမှုတွေ တွေ့နေတော့လည်း ယနေ့သတင်းခေတ်ရဲ့ အကျိုးကျေးဇူးကြောင့် သေချာပြန်လည်ဆန်းစစ်ကြည့်မယ်ဆိုရင် ဒေသအနှံ့မှာ ဖြစ်နေတဲ့ မငြိမ်မသက်မှုတွေ၊ အင်အားကြီးနိုင်ငံအချို့ရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး၊ အကြမ်းဖက်နှိမ်နင်းရေးအကြောင်းပြပြီး ဆင်နွှဲနေတဲ့စစ်ဆင်ရေးတွေ၊ သူတို့မနှစ်သက်တဲ့ အစိုးရတွေအုပ်ချုပ်နေတဲ့ နိုင်ငံတွေအပေါ်မှာ နည်းမျိုးစုံသုံး ပိတ်ဆို့မှုတွေ၊ Proxy War ကိုယ်စား စစ်ပွဲဆင်နွှဲမှုတွေ၊ လက်နက်ခဲယမ်းအသစ်ထုတ်လုပ် စစ်အင်အားတိုးချဲ့နေမှုတွေက မမြင်ချင်အဆုံးပါပဲ။ ဒီလိုလှုပ်ခတ်နေတဲ့ ကမ္ဘာကြီးမှာ နိုင်ငံအများစုက မိမိတို့နိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကြိုးစားတည်ဆောက်နေရပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ ကမ္ဘာ့နိုင်ငံအများစုအနေနဲ့ ကိုယ့်နိုင်ငံကို ကမ္ဘာနဲ့အညီ၊ ခေတ်နဲ့အမီ ဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းနေရသလို နိုင်ငံကြီးတွေရဲ့ ခေတ်သစ်ကိုလိုနီဝါဒနဲ့ မိမိတို့နိုင်ငံအပေါ်၊ မိမိတို့ရဲ့အချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးအပေါ် ထိပါးလာမှုတွေ၊ ထိုးဖောက်လာမှုတွေနဲ့ လွှမ်းမိုးနေမှုတွေအပေါ် အစွမ်းကုန်ကြိုးစားကာကွယ်နေရတာကို တွေ့ရပါလိမ့်မယ်။ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ နိုင်ငံအများစုမှာ နည်းပညာမြင့်မားတဲ့လက်နက်တွေ၊ စစ်သုံးကိရိယာပြည့်စုံစွာ ကိုင်တွယ်နိုင်တဲ့တပ်မတော်နဲ့ လက်နက်ကိုင်တပ်ဖွဲ့များ အကန့်အသတ်ဖြင့်သာရှိနိုင်တဲ့အတွက် နိုင်ငံတော်ကို ကာကွယ်ဖို့ နိုင်ငံ့စွမ်းအားစုအားလုံး ပါဝင်ကာကွယ်ရန် လိုအပ်လာတဲ့အခြေအနေ ဖြစ်ပါတယ်။

အဲဒီတော့ နိုင်ငံတော်မှာရှိတဲ့ နိုင်ငံ့စွမ်းအားစုအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တစ်ခုတည်းသောနည်းလမ်းကတော့ အမျိုးသားစစ်မှုထမ်းစနစ် National Service ပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်စီးပွားရေးနဲ့ နိုင်ငံတော်လုံခြုံရေးတွေကို ဘက်ညီမျှစွာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်ဆောင်ရွက်ရတဲ့ လုပ်ငန်းလည်းဖြစ်ပါတယ်။ နိုင်ငံတော်စစ်မှုထမ်းစနစ်ဆိုတာက ရေတိုဆောင်ရွက်ရတဲ့လုပ်ငန်း မဟုတ်ဘဲ ရေရှည်တစိုက်မတ်မတ်ဆောင်ရွက်ရတဲ့ စီမံချက်(Long Term Plan) ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဥပဒေပြဋ္ဌာန်းချက်တွေ၊ တပ်မတော်ရဲ့ မြင့်မားတဲ့စွမ်းဆောင်နိုင်မှု၊ ပြည်သူလူထုတစ်ရပ်လုံးရဲ့ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ အသိဉာဏ်ပညာမြင့်မားမှုတွေနဲ့ ကာကွယ်ရေးပညာဗဟုသုတကြွယ်ဝမှု၊ ကာကွယ်ရေးပညာတတ်ကျွမ်းမှုတို့ ပေါင်းစပ်ပြီးဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပြည်သူ့စစ်မှုထမ်းစနစ်ကို ကျင့်သုံးရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးနေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဘာကြောင့် ဒီပြည်သူ့စစ်မဟာဗျူဟာကိုကျင့်သုံးနေရသလဲဆိုရင် မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေး အခြေအနေ၊ ပထဝီ နိုင်ငံရေးအနေအထားအရ ပါဝင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေး အနေအထားနဲ့ပြောရင် အချက်အချာကျတယ်။ အရေးပါတယ်ဆိုပြီး ပြောကြပါတယ်။ အဲဒီအတွက် အချက်အချာကျတယ်။ အရေးပါတယ်ဆိုတဲ့အတွက် အခွင့်အရေးတွေ(Opportunity) ရှိသလို ခြိမ်းခြောက်မှု(Threat)တွေလည်း ရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ကာကွယ်နိုင်ဖို့ ပြည်သူလူထုတစ်ရပ်လုံးပါဝင်ဖို့ လိုအပ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံတွေ၊ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့နိုင်ငံတွေမှာ ကမ္ဘာမှာရေရှည်ရပ်တည်နိုင်ဖို့အတွက် စီးပွားရေးအင်အားကို တည်ဆောက်ရတဲ့အပြင် မိမိအင်အားကို လေးစားခန့်ညားဖို့အတွက် ကာကွယ်ရေးအင်အားကိုလည်း တည်ဆောက်ရပါတယ်။ ဒါတွေကို တည်ဆောက်တဲ့နေရာမှာ နိုင်ငံရဲ့စီးပွားရေးစွမ်းအား (Economic Might)၊ နိုင်ငံရဲ့ကာကွယ်ရေးစွမ်းအား(Military Might) ဘက်ညီမျှတပြီး ခြိုးခြံချွေတာနိုင်ဖို့အတွက် ပြည်သူလူထုတစ်ရပ်လုံးက ပါဝင်တည်ဆောက်ဖို့လိုပါတယ်။ ဒါတွေကိုကျင့်သုံးခြင်းအားဖြင့် ကျွန်တော်တို့အနေနဲ့ ကာကွယ်ရေးစွမ်းပကားအသင့်ဖြစ်မှုတွေ၊ စစ်ဘက်/အရပ်ဘက် ဆက်ဆံရေးပိုမိုကောင်းမွန်မှုတွေ၊ စစ်ဘက်ကို အရပ်ဘက်က နားလည်နိုင်စွမ်း၊ အရပ်ဘက်ကို စစ်ဘက်က နားလည်နိုင်စွမ်း ပိုမိုမြင့်မားတိုးတက်လာမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ လက်ရှိအခြေအနေ ဖြစ်ပါတယ်။ ကျွန်တော်တို့အခုလိုလုပ်ဆောင်ရတာက ပြည်သူလူထုရဲ့ဆန္ဒဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ကာကွယ်တာပဲဖြစ်တယ်။ ဒီစစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ဖြစ်ဖို့အတွက် ပထမဦးဆုံးလိုတဲ့ အခြေခံအုတ်မြစ်က သိက္ခာရှိတဲ့အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးဖို့ပဲဖြစ်တယ်။ ဒါကို ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့လည်း အမြဲတမ်းအာမခံထားတာဖြစ်တယ်။ ကျွန်တော်တို့ စတင်တာဝန်ယူစဉ်ကတည်းကနေ အခုအချိန်အထိ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ်တွေ၊ ဦးတည်ချက်တွေမှာ အမြဲတမ်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပဖို့ဆိုတာ အာမခံထားပြီးဖြစ်တယ်။ ရည်ရွယ်ဆောင်ရွက်ပြီးဖြစ်တယ်။ ဒီလို ရွေးကောက်ပွဲလုပ်ဖို့အတွက် တည်ငြိမ်အေးချမ်းဖို့လိုပါတယ်။ ဒီတည်ငြိမ်အေးချမ်းမှုကို ကျွန်တော်တို့ တည်ဆောက်ရပါမယ်။ တည်ဆောက်ရာမှာလည်း နိုင်ငံသားအားလုံး ပါဝင်တည်ဆောက်မှ ဖြစ်မှာဖြစ်ပါတယ်။ ယခုလက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေကိုကြည့်ရင် အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၊ အခြားအကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ ဘယ်လိုပဲနာမည်ကောင်းတွေနဲ့ ဟစ်ကြွေးနေပါစေ သူတို့လိုချင်တာက စစ်ဘုရင်ဝါဒ၊ သူတစ်လူငါတစ်မင်း၊ နယ်တစ်နယ်ခေါ်းတစ်စင်းဝါဒကို ကျင့်သုံးချင်နေတာပဲဖြစ်ပါတယ်။ လက်တွေ့မှာလည်း ဒါတွေကိုမြင်နေရမှာ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပြည်သူလူထုတစ်ရပ်လုံးက တိုက်ဖျက်ရမှာဖြစ်ပါတယ်။

ပြည်သူတိုင်း ဒီမိုကရေစီအခွင့်အရေးကို ခံစားရမှာဖြစ်ပါတယ်။ ဒီအတွက်လည်း မျိုးချစ်စိတ်ရှိတဲ့နိုင်ငံသားတိုင်း၊ နိုင်ငံချစ်စိတ်ရှိတဲ့နိုင်ငံသားတိုင်းက ကာကွယ်နိုင်ဖို့ ပြည်သူ့စစ်အဖွဲ့များဖွဲ့စည်းပေးရေး၊ ဒေသခံကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းပေးရေး အင်တိုက်အားတိုက်တောင်းဆိုနေတာတွေ ရှိပါတယ်။ ဒါကြောင့် ဒီပြည်သူ့စစ်အဖွဲ့များ၊ ဒေသခံကာကွယ်ရေးအဖွဲ့များထက် ပိုပြီး ဥပဒေနဲ့ ညီညွတ်တဲ့၊ ပိုပြီးစနစ်ကျတဲ့ ဒီပြည်သူ့စစ်မှုထမ်းစနစ်ကို ကျွန်တော်တို့ပြဋ္ဌာန်းရခြင်း၊ တည်ဆောက်ရခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် နံပါတ်(၁)အနေနဲ့ ရှိသေခန့်ညားလောက်တဲ့ ကာကွယ်ရေးစွမ်းအားနဲ့ နိုင်ငံတော်ကိုကာကွယ်နိုင်ရေးအတွက် ဒီပြည်သူ့စစ်မှုထမ်းစနစ်မှာ နိုင်ငံသားအားလုံး ပါဝင်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ နံပါတ်(၂) အချက်အနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်တဲ့ တည်ငြိမ်အေးချမ်းမှုကို နိုင်ငံသားအားလုံး ပါဝင်တည်ဆောက်ကြဖို့ လိုပါတယ်။ နံပါတ်(၃) အနေနဲ့ ပြည်သူလိုလားတဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ကာကွယ်ဖို့၊ စစ်ဘုရင်ဝါဒ၊ သူတစ်လူငါတစ်မင်း၊ နယ်တစ်နယ်ခေါ်းတစ်စင်း အကျင့်ဆိုးတွေကို တိုက်ဖျက်ဖို့ ပြည်သူအားလုံး ပြည်သူ့စစ်မှုထမ်းစနစ်ကို အားပေးထောက်ခံဝိုင်းဝန်းကူညီပံ့ပိုးကြဖို့ တိုက်တွန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံသို့ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာရှိ ပျဉ်းမနားမြို့နယ် သမဝါယမ အသင်းစုလီမိတက်၏ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံသို့ သွားရောက်ပြီး မြို့နယ်သမဝါယမအသင်းစုလီမိတက်နှင့် Big M Group Services ကုမ္ပဏီတို့ အကျိုးတူပူးပေါင်း၍ ရုရှားသဘာဝမြေသြဇာများ အသုံးပြုကာ ဧက ၄၀ ကျော်တွင် စိုက်ပျိုးထားရှိသော ထိုင်းအစေ့ထုတ်ပြောင်းမျိုး (GT-200၊ GT-822၊ GT-722) စိုက်ပျိုးထားရှိမှု၊ နှမ်း (Black 7) မျိုး စိုက်ပျိုးထားရှိမှု၊ မတ်ပဲနှင့်နေကြာ စိုက်ပျိုးထားမှု၊ ရုရှားသဘာဝမြေသြဇာကို အသုံးပြု၍ ထိုင်းနံ့ကောက်စပါးမျိုးဖြင့် နွေစပါးစိုက်ပျိုးထားမှုနှင့် ကြက်ကောင်ရေ ၄၀၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်သမဝါယမအသင်းစုမှ အသင်းအမှုဆောင်များ၊ အသင်းသူ အသင်းသားများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ပိုမိုလုပ်ကိုင်နိုင်ပြီး အထွက်တိုးရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် သမဝါယမအသင်းစု တာဝန်ရှိသူများနှင့် အသင်းသားများကိုယ်တိုင်ကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထို့ပြင်သမဝါယမအသင်းအဖွဲ့စနစ်ဖြင့် တောင်သူများ လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ သွင်းအားစုများကို စိုက်ပျိုးချိန် အမီရရှိရေး ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းစနစ်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏ အခက်အခဲများကို ဖြေရှင်းဆောင်



ရွက်ပေးနိုင်ရေးနှင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးစေရေးအတွက် စံချိန်စံညွှန်းပြည့်ဝသည့် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများကို ဈေးနှုန်းသက်သာစွာဖြင့် ရာသီချိန်မီ ဖြန့်ဖြူးရောင်းချပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်များဖြင့် ရန်ကုန်၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ စက်မှုဇုန်များမှ လူမှုဖူလုံရေးအကျုံးဝင် အာမခံအလုပ်သမားများအား ကွင်းဆင်းကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်များ (Mobile Medical Units) သုံးစီးဖြင့် ရန်ကုန်၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ စက်မှုဇုန်များမှ လူမှုဖူလုံရေးအကျုံးဝင် အလုပ်သမားများအား ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။



**ဆောင်ရွက်ပေးလျက်ရှိ**

လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ၂၀၂၄ ခုနှစ် ဇန်နဝါရီတွင် အကျုံးဝင်အာမခံအလုပ်သမား ၁၂၃၅၉၈၉ ဦးရှိပြီး ကျန်းမာရေး စောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေး ဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၀၊ စာချုပ်ဆေးခန်း ၆၁ ခန်း၊ သားဖွားမီးယပ် ပြင်ပလူနာကုသမှု (Specialist OG OPD) ဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၂၈ ခန်း၊ မီးဖွားဝန်ဆောင်မှု ဆောင်ရွက်လျက်ရှိသော စာချုပ်ဆေးရုံ၊ သားဖွားခန်း ၁၄ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့ဖြင့် ဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိသည်။

**လိုအပ်သောဆေးဝါးကုသ**

(၇၇) နှစ်မြောက်ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်ဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက် မှ ၁၅ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာမြို့နယ်နှင့် ရွှေလင်ပန်း စက်မှုဇုန်တို့တွင် အလုပ်ဌာနပေါင်း လေးဌာနမှ အာမခံအလုပ်သမားဦးရေ ၅၆၅၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်မြို့တွင် အလုပ်ဌာနပေါင်း ၁၃ ဌာနမှ အာမခံအလုပ်သမားဦးရေ ၁၁၇၃ ဦး၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကြို့ပင်ကောက်မြို့တွင် အလုပ်ဌာနပေါင်း ၈၅ ဌာနမှ အာမခံအလုပ်သမားဦးရေ ၂၂၈၆ ဦးနှင့် နတ်တလင်းမြို့တွင် အလုပ်ဌာနပေါင်း ၄၈ ဌာနမှ အာမခံအလုပ်သမားဦးရေ ၈၃၇ ဦးတို့ကို လိုအပ်သော ဆေးဝါးကုသမှုများ၊ ဓာတ်ခွဲစစ်ဆေးမှုများ၊ နှလုံးအတွက် ECG စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရုံးဖွင့်ရက်များ၌ လာရောက်အခွန်ထမ်းဆောင်သူ ပျမ်းမျှ ၁၀၀၀ ခန့်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရုံးဖွင့်ရက်များ၌ နေ့စဉ်လာရောက်အခွန်ထမ်းဆောင်သူ ပျမ်းမျှ ၁၀၀၀ ခန့်ရှိကြောင်း အဆိုပါသံရုံးမှ သိရသည်။

မြန်မာသံရုံးသို့ ရုံးဖွင့်ရက်များ၌ နေ့စဉ်လာရောက်အခွန်ထမ်းဆောင်သူ ပျမ်းမျှ ၁၀၀၀ ခန့်ရှိရာ အခွန်ပေးသွင်းမှု အထောက်အထား(ငွေရပြေစာ) ကို နေ့ချင်းပြီး ထုတ်ပေးလျက်ရှိကြောင်းသိရပြီး အခွန်စတင်ကောက်ခံသည့် ၂၀၂၃ ဒီဇင်ဘာ ၁၃ ရက်မှ ၂၀၂၄ ဖေဖော်ဝါရီ ၈ ရက်အထိ ၃၅၉၁၉ ဦး လာရောက် အခွန်ထမ်းဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အခွန်ထမ်းပြည်သူများသည် အခွန်ပေးသွင်းမှု အထောက်အထား (ငွေရပြေစာ) များကို စနစ်တကျ သိမ်းဆည်းကြရန် လိုအပ်ကြောင်းနှင့် မြန်မာနိုင်ငံသို့ပြန်ရောက်ချိန်တွင် မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာန၌ ဤငွေရပြေစာကို ပြသ၍ ငွေဖြူ (အခွန်ကင်းလွတ်ခွင့်ငွေ) တွက်ချက်ပြီး မြေကွက်၊ နေအိမ်၊ တိုက်ခန်း၊ မော်တော်ယာဉ် စသည်တို့ ဝယ်ယူရာတွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိရေးအတွက် အသုံးပြုနိုင်မည်ဖြစ်ကြောင်းလည်း အသိပေးထားသည်။

စက်ရုံ/ အလုပ်ရုံနှင့် လုပ်ငန်းခွင်များတွင် စုစည်း အလုပ်လုပ်ကိုင်နေသူများအနေဖြင့် တစ်ဦးချင်း လာရောက်အခွန်ထမ်းဆောင်ရန် မလိုအပ်ဘဲ စက်ရုံအစီအစဉ်ဖြင့် ကိုယ်စားလှယ် တစ်ဦးဦးအား အခွန်ထမ်းဆောင်မည့်သူများကိုယ်စား မြန်မာသံရုံးသို့ စေလွှတ်၍ ဆောင်ရွက်နိုင်ကြောင်းနှင့် ကိုယ်စားလှယ်သည် လုပ်သားတစ်ဦးချင်းစီ၏ နိုင်ငံကူးလက်မှတ်၌ ရေးသွင်းထားသော အမည် (Name of Passport)၊ ကျား/ မ (Gender)၊ နိုင်ငံကူးလက်မှတ်အမှတ် (Passport Number)၊ မွေးသက္ကရာဇ် (Date of Birth)၊ နိုင်ငံကူးလက်မှတ်ထုတ်ပေးရက်စွဲ (Date of Issue)၊ နိုင်ငံကူးလက်မှတ် ကုန်ဆုံးမည့် ရက်စွဲ (Date of Expire) အောက်ပါအချက်အလက်များကို ဇယားတွင် ဖြည့်စွက်ယူဆောင်လာရမည်ဟုလည်း သံရုံးထုတ်ပြန်ချက်တွင် ပါရှိသည်။

အခွန်ထမ်းဆောင်ထားသော မြန်မာလုပ်သားများအနေဖြင့် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံး (ချင်းမိုင်) သို့ အကြောင်းကိစ္စရှိ၍ လာရောက်ပါက အခွန်ပေးသွင်းမှု အထောက်အထား ငွေရပြေစာကို ယူဆောင်လာကြရန် အသိပေးထားသည်။

**MT**

# အလုပ်ခွင်ထိခိုက်မှုကြောင့် အကျိုးခံစားခွင့်များထုတ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Central Manufacturing စက်ရုံမှ အာမခံအလုပ်သမား လုပ်ငန်းခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအတွက် အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်းကို ယမန်နေ့နံနက်က တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးက ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Central Manufacturing စက်ရုံမှ အာမခံအလုပ်သမား ဦးသီဟဇော်သည် လုပ်ငန်းခွင်အတွင်း အလုပ်တာဝန်ထမ်းဆောင်နေစဉ် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၅၉၂၇၀၄၀ ကို ကာယကံရှင် ဦးသီဟဇော်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**




*✻ ရှေ့ဖုံးမှ*

မဟာဗောဓိဘုရား၊ မြစေတီဘုရား၊ မနုဟာဘုရား၊ ဓမ္မရုံကြီးဘုရား၊ စူဠာမဏိဘုရား၊ ငှက်ပစ်တောင်ဘုရား၊ ရွှေဆံတော်ဘုရား၊ သဗ္ဗညုဘုရား၊ ကန်တော့ပလ္လင်ဘုရားနှင့် ပြဿဒ်ကြီးဘုရားတို့တွင် စည်ကားလျက်ရှိပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာလိုသည့် ဧည့်သည်များသည် မြင်းကပါ ဂူပြောက်ကြီးဘုရား၊ ဂူပြောက်လေးဘုရား၊ ဝက်ကြီးအင်း ဂူပြောက်ကြီး၊ ဂူပြောက်လေးဘုရား၊ ဘုရားသုံးဆူ၊ လောကထိပ်ပန်ဘုရား၊ စသည်တို့တွင် များပြားနေကြောင်း၊ ညနေပိုင်း တောင်ကုန်းတုများပေါ်မှ နေဝင်ဆည်းဆာကြည့်ရှုခြင်းများနှင့် နံနက်ပိုင်း Balloons စီးပြီး ပုဂံအလှအား ကောင်းကင်မှ ကြည့်ရှုသူများဖြင့် စည်ကားနေကြောင်း ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများထံမှ သိရသည်။

ပုဂံသို့ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် သုံးရက်ဆက် ပိတ်ခြင်းကြောင့် ဘုရားဖူးလာရောက်သူများပြားခြင်းနှင့်အတူ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများပြည့်နေပြီး မြင်းလှည်း၊ အီးဗိုက်၊ မီနီအိုးဝေ၊ ကားအငှားလိုက်သူများ အဆင်ပြေနေကြကာ စားသောက်ဆိုင်များ၊ ဒေသထွက်ကုန်အရောင်းဆိုင်များ ရောင်းအားကောင်းနေကြောင်းနှင့် ဧည့်လမ်းညွှန်များလည်း အလုပ်အကိုင်ကောင်းမွန်နေကြောင်း သိရသည်။ **ဒီပါလင်း**

# ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်တို့မှ အငြိမ်းစားဝန်ထမ်းဟောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်တို့မှ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများ စုစုပေါင်း ၉၉ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထား ကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်း ပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူး အငြိမ်းစား ဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါမိပတိ သာသနဇ္ဇဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အဦများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး **(အပေါ်ပုံ)** အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့် အငြိမ်းစား ဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများ၏ ရင်တွင်းစကားသံများကို ယခုလိုကြားသိရသည် -



အခုလို လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ရင်ထဲမှာပြောမပြတတ်အောင် ပီတိဖြစ်မိပါတယ်။ ဒီဘုရားကြီးကိုစပြီး တည်ထားပြီဆိုတဲ့သတင်းကို တီဗွီမှာစပြီးမြင်တဲ့နေ့ကတည်းက လာရောက်ဖူးမြော်ခွင့်ရဖို့ နေ့တိုင်းစိတ်ကူးတွေယဉ်ခဲ့တယ်။ ပြီးတော့ဘုရားကြီးကို ဖူးမြော်လိုက်ရတိုင်း ကြက်သီးတွေ ထမိပါတယ်။ ကိုယ့်လို နိုင်ငံ့ဝန်ထမ်းအငြိမ်းစားတွေ ကျန်ပါသေးတယ်။ သူတို့ကိုလည်း နောက်တစ်ခါကျရင် ပို့ပေးမယ်လို့ပြောတဲ့အတွက် ကိုယ့်လိုပဲ သူတို့ကိုလည်း ပျော်စေချင်ပါတယ်။ ဝမ်းသာပီတိ ဖြစ်စေချင်တဲ့ ဆန္ဒလေးတွေ ရှိပါတယ်။ ဒီဘုရားကြီးကို ဖူးမြော်ရတဲ့အချိန် ရင်ထဲမှာ နိုင်ငံကို အေးချမ်းစေချင်တယ်။ အေးအေးချမ်းချမ်းကြီး မြင်လိုက်ရတဲ့အတိုင်းပါပဲ။ ဘုရားရင်ပြင်ပေါ်ကို ရောက်တဲ့အချိန်မှာ ရင်ပြင်တော်ကြီး တစ်ခုလုံးကို နေပူခံကျောက်ပြားတွေ ခင်းထားတဲ့အတွက် ဘုရားဖူးပြည်သူတွေ အေးအေးချမ်းချမ်းနဲ့ နေရသလို နိုင်ငံတော်ကြီးလည်း အေးချမ်းတော့မယ်ဆိုတဲ့ ပီတိတွေ ရင်ထဲမှာဖြစ်ပေါ်လာပါတယ်။ ဒီဘုရားကြီးကို တည်ထားပူဇော်နိုင်ဖို့ ကြိုးစားလုပ်ဆောင်ပေးတဲ့ ဦးဆောင် ဘုရားဒါယကာကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ တကွ နိုင်ငံတော်အကြီးအကဲတွေ အားလုံးကို တကယ်ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်။



အခုမှပထမဆုံးလာရောက်ဖူးမြော်တာပါ။ ဒါပေမယ့် တော်တော်လေး ဝမ်းသာပီတိဖြစ်မိပါတယ်။ ရှင်းလင်းဆောင်မှာ ကျွန်မတို့ကို ရှင်းပြတယ်။ ဒီဘုရားနဲ့ပတ်သက်ပြီး လုပ်ဆောင်ရတဲ့အပိုင်းတွေမှာ တော်တော်ကို ခက်ခက်ခဲခဲနဲ့ လုပ်ဆောင်ခဲ့ရပြီး ခေတ်မီအဆင့်မြင့်နည်းပညာတွေကို အသုံးပြုပြီး ကြံ့ကြံ့ခံနိုင်အောင်၊ ကြာရှည်တည်တံ့အောင် လုပ်ဆောင်ထားတဲ့အတွက် အခုလိုအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြတဲ့ ပုဂ္ဂိုလ်အားလုံးကို ကျေးဇူးတင်ပါတယ်။ သူတို့တွေ အဲဒီလို လုပ်ဆောင်ခဲ့ကြတဲ့ အတွက် ကျွန်မတို့ အခုလို အေးအေးချမ်းချမ်း ဖူးမြော်ကြည်ညိုခွင့်ရတာ ဖြစ်ပါတယ်။ အခုလိုကြည်ညိုသပ္ပာယ်တဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားပူဇော်နိုင်ဖို့ စီစဉ်ဆောင်ရွက်ခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုလည်း အထူး ကျေးဇူးတင်ပါတယ်။ ရင်ပြင်တော်ကနေ ဆင်းလာပြီး ကျောက်စာရုံစေတီတွေကိုလေ့လာတဲ့အခါမှာလည်း အင်မတန် ဝမ်းသာကြည်နူး ရပါတယ်။ တည်ဆောက်ခဲ့ကြတဲ့ ပညာရှင်တွေကို ချီးကျူးမိပါတယ်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံမှာ အကြီးဆုံး ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်တဲ့အပြင် ကမ္ဘာပေါ်မှာလည်း အကြီးဆုံး ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်တဲ့အတွက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်မိပါတယ်။

ဘုရားကြီး တည်ထားပြီးပြီလို့ သတင်းကြားကတည်းက သိပ်ကို လာရောက် ဖူးမြော်ချင်နေတာပါ။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မလာဖြစ်ခဲ့ပါဘူး။ အခုကျမှ အကြောင်းဖန်လာတဲ့အတွက် ရောက်လာခဲ့တာပါ။ အခုလို လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် အင်မတန်ဝမ်းသာပီတိဖြစ်မိပါတယ်။ စီစဉ်ပေးတဲ့ ကရင်ပြည်နယ်အစိုးရအဖွဲ့က တာဝန်ရှိသူတွေကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်။ ဒီလိုကြီးကျယ် ခမ်းနားသပ္ပာယ်တဲ့ ဘုရားကြီးကို ဖူးမြော်ခွင့်ရတာ နည်းတဲ့ ကုသိုလ်တော့ မဟုတ်ပါဘူး။ ကျောက်စာရုံစေတီတွေကို သွားရောက်လေ့လာခဲ့ပြီး အခုမှစလိန္ဒအိုင်ကို လာရောက်လေ့လာရင်းနဲ့ နဂါးရုံဘုရားကိုလည်း ဖူးမြော်ကြတာ ဖြစ်ပါတယ်။ ရင်ထဲက ပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်မိပါတယ်။



ဒီလိုနေရာမျိုးမှာ ဒီလောက်ကြီးမားတဲ့ စကျင်ကျောက်တုံးတော်ကြီးနဲ့ စကျင်ကျောက်တွေ အများကြီးကို အလျှံပယ်အသုံးပြုပြီး တည်ထားပူဇော်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကို ဖူးမြော်ခွင့်ရတဲ့အတွက် ရင်ထဲကနေ အတိုင်းမသိ ပီတိဝမ်းသာ ဖြစ်ရပါတယ်။ ဒီကနေပြန်သွားရင်လည်း ကရင်ပြည်နယ်မှာရှိတဲ့ မိသားစုဝင်တွေ၊ ဆွေမျိုးသားချင်းတွေ၊ ညီအစ်ကိုမောင်နှမတွေ၊ ငယ်ပေါင်းမိတ်ဆွေတွေ အားလုံးကိုလည်း အခုဘုရားဖူးခရီးစဉ်ရဲ့ အတွေ့အကြုံတွေကို ပြန်ပြီးဝေမျှပေးသွားမှာပါ။ မသေခင်မှာ ဒီမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တစ်ခါက်လောက်ဖြစ်ဖြစ် လာရောက်ပြီး ဖူးမြော်ကြည်ညိုကြပါလို့ ကျွန်တော့်အနေနဲ့ ဖိတ်ခေါ်ပြောကြားလိုပါတယ်။ **သတင်းစဉ်**

## မချမ်းဘောမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်မြတ်ကြီး၌ ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**မချမ်းဘော ဖေဖော်ဝါရီ ၁၁**

ကချင်ပြည်နယ် မချမ်းဘောမြို့နယ်ရှိ ကောင်းမှုလုံစေတီတော်မြတ်ကြီးတွင် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မဟာအဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကောင်းမှုလုံစေတီတော် ပရိဝုဏ်အတွင်းရှိ တေဇသာလာဓမ္မာရုံတော်၌ ပွဲတော်ဖွင့်ပွဲကို ကျင်းပမည်ဖြစ်ပြီး မဟာအဘိဓမ္မာ ခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ခြင်းကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၂ ရက်အထိ ဘာဏကသံဃာ ၂၇ ပါးတို့က ကိုးရက်တာ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်သည်။

### ဥပ္ပါတသန္တိသုတ်တော်ရွတ်ဖတ်ပူဇော်မည်

ဆက်လက်၍ ဖေဖော်ဝါရီ ၂၃ ရက်တွင် ဥပ္ပါတသန္တိသုတ်တော် ရွတ်ဖတ်ပူဇော်ခြင်းနှင့် ပဒေသာပင်လှည့်လည်ပူဇော်ခြင်း၊ ထမနဲထိုးပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲနှင့် ညနေပိုင်းတွင် ကောင်းမှုလုံစေတီတော်ရင်ပြင်တော်၌ ဆီမီးပူဇော်ခြင်းတို့ကို ကျင်းပသွားမည်ဖြစ်သည်။

### မသိုးသင်္ကန်းဆက်ကပ်ပူဇော်မည်

ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၅ နာရီတွင် ကောင်းမှုလုံမုခ်ဦးဘုရားကိုးဆူတွင် မသိုးသင်္ကန်းဆက်ကပ်ပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ နံနက် ၈ နာရီတွင် အဘိဓမ္မာရေစင်တော်များအား မလိခမြစ်တွင်းသို့ သွန်းလောင်းပူဇော်ခြင်းနှင့် နံနက် ၉ နာရီခွဲတွင် အဘိဓမ္မာသိမ်းအောင်ပွဲ၊ ဗုဒ္ဓပူဇနိယရေစက်ချအခမ်းအနားတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ယောရွှေနီ(မချမ်းဘော)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဒသမအကြိမ် ရန်အောင်မြင်သာသနာလင်္ကာရအကျော် စာတော်ပြန်ပွဲတွင်အောင်မြင်သော စာအောင်သာမဏေများနှင့် သီလရှင်များအား စာအောင်ဆုနှင်းသဘင် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ပရိယတ္တိသာသနာ လင်္ကာရအသင်းမှ ကြီးမှူးကျင်းပသော ဒသမအကြိမ် ရန်အောင်မြင်သာသနာလင်္ကာရအကျော် စာတော်ပြန်ပွဲတွင် အောင်မြင်သော စာအောင်သာမဏေများနှင့် သီလရှင်များအား စာအောင်ဆုနှင်းသဘင် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်အောင်မြင်ဘုရားရှိ ရန်အောင်မြင်သာသနာလင်္ကာရဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီးတို့သည် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အလှူရှင်များက ဒသမအကြိမ် ရန်အောင်မြင်သာသနာလင်္ကာရအကျော် စာတော်ပြန်ပွဲတွင် အောင်မြင်သော စာအောင်သာမဏေများနှင့် သီလရှင်များအတွက် နဝကမ္မအလှူငွေများကို လယ်ဝေးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သရက်တော ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိကဗဟုဇန ဟိတဓရ ဘဒ္ဒန္တကုမာရထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာအောင်သာမဏေများနှင့် သီလရှင်များအား စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လယ်ဝေးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သရက်တောပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တကုမာရထံမှ ဧည့်ပရိသတ်များက သာဓုအနုမောဒနာ တရားနာကြားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆပ်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာအောင်သံဃာတော်များနှင့် သီလရှင်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

ယနေ့ပြုလုပ်သည့် ဒသမအကြိမ် ရန်အောင်မြင်သာသနာလင်္ကာရအကျော်စာမေးပွဲကို မြန်မာနိုင်ငံအနှံ့အပြားမှ စာဖြေသာမဏေနှင့် သီလရှင် စုစုပေါင်း ၁၄၇၂ ပါးတို့က ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်ကြာ ဖြေဆိုခဲ့ကြပြီး စာအောင်သာမဏေ ၃၆၅ ပါး၊ သီလရှင် ၈၅ ပါး စုစုပေါင်း ၄၅၀ ပါးတို့အား စာအောင်လက်မှတ်များ ဆပ်ကပ်လှူဒါန်းကြသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ဖြစ်သည့် ပျဉ်းမနားမြို့နယ်အသင်းနှင့် တပ်ကုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများက အကောင်းဆုံး ဂိုးသမားဆု၊ နောက်တန်းအကောင်းဆုံးအားကစားသမားဆု၊ အလယ်တန်းအကောင်းဆုံးအားကစားသမားဆု၊ ရှေ့တန်းအကောင်းဆုံးအားကစားသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိကြသူများကို လည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များက တတိယဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ်အသင်းနှင့် ဒုတိယဆုရရှိသည့် တပ်ကုန်းမြို့နယ်အသင်းတို့ကို လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပထမဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းအား နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပထမဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး(မြိတ်မြို့)သို့ ဒုတိယအကြိမ် ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ကျန်းမာရေး ဝန်ကြီးဌာနသည် နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝ တိုးတက်စေရန်အတွက် လူတိုင်း ကျန်းမာရေးကောင်းမွန်စေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ တိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် အထူးကုဘာသာရပ်ဆိုင်ရာ ကုသမှုများကို ပြည်သူများ လက်လှမ်းမီရရှိနိုင်ရေးအတွက် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မှ ပါမောက္ခအထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကွင်းဆင်းကုသမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)ရန်ကုန်၊ ကလေးဆေးရုံကြီး -ရန်ကုန်နှင့် ခုတင်-၅၅၀ ဆံ့ကလေးဆေးရုံကြီး ရန်ကုန်တို့မှ ပါမောက္ခအထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ ဒုတိယအကြိမ်အဖြစ် သွားရောက်၍ ပြည်သူ့ဆေးရုံကြီး မြိတ်မြို့မှ အထူးကုဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ အဆိုပါခရီးစဉ်အတွင်း နှလုံးဆေးကုသမှုဆိုင်ရာ လူနာ ၂၁၀၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာ လူနာ ၁၆၀၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာ လူနာ ၁၉၀၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ လူနာ ၂၁ ဦး၊ အထွေထွေရောဂါ ဆေးပညာဆိုင်ရာလူနာ ၁၂၄ ဦး၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာ လူနာ ၅၉ ဦး၊ အရိုးအကြောအဆစ် ရောဂါဆိုင်ရာ လူနာ ၂၈၃ ဦး၊ ဆီးချိုနှင့်ဟော်မုန်းရောဂါဆိုင်ရာ လူနာ ၁၁၉ ဦး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာ လူနာ ၁၀၈ ဦး၊ ကလေးနှလုံးဆေးကုသမှုဆိုင်ရာ လူနာ ၄၅ ဦး၊ ကလေးကင်ဆာရောဂါဆိုင်ရာ လူနာ ၇၆ ဦး၊ ကလေးဦးနှောက်နှင့် အာရုံကြော လူနာ ၄၇ ဦး၊ မျက်စိရောဂါလူနာ ၈၉ ဦး၊ သွားနှင့်ခံတွင်းလူနာ ၃၀ စုစုပေါင်း ဒေသခံပြည်သူ ၁၅၆၁ ဦးကို ကြည့်ရှုကုသပေးနိုင်ခဲ့သည်။



လာရောက်ပြသသော လူနာများတွင် မြိတ်မြို့သာမက မြိတ်ခရိုင်အတွင်းရှိ မြို့နယ် ငါးမြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့မှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများပါဝင်ပြီး ရောဂါရှာဖွေစမ်းသပ်မှုများအနေဖြင့် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardio-graphy) ၇၅ ဦး၊ အစာအိမ်မှန်ပြောင်းကြည့်ရှုခြင်း(OGD Scope) ၂၃ ဦး၊ အူမကြီးမှန်ပြောင်းကြည့်ရှုခြင်း (Colonoscope) နှစ်ဦး၊ ကွန်ပျူတာဓာတ်မှန် (CT Scan) ရိုက်ကူးခြင်း ၁၈ ဦး၊ သွေးချိုဓာတ် (HbA1C) တိုင်းတာခြင်း ၈၀၊ အဆစ်တွင်းဆေးထိုး၍ ကုသမှုပေးခြင်း လေးဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၉၀၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ၂၃၃ ဦး၊ Ultrasound ရိုက်ကူးခြင်း ၅၄ ဦး၊ အဆုတ် စမ်းသပ်စစ်ဆေးခြင်း (PEFR) ၃၄ ဦးနှင့် နှလုံးစက်ဖြင့် စစ်ဆေးခြင်း(ECG) ၁၇၉ ဦးတို့ကို စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့ပြီး နှလုံးရောဂါဆိုင်ရာလူနာ ၁၅ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာလူနာ နှစ်ဦး၊ ရင်ခေါင်းရောဂါလူနာ နှစ်ဦး၊ ဆီးနှင့်ကျောက်ကပ်ရောဂါ လူနာ ၁၂ ဦး၊ ကလေးကင်ဆာရောဂါ လူနာ နှစ်ဦး၊ ကလေးဦးနှောက်နှင့် အာရုံကြောရောဂါလူနာ ရှစ်ဦး၊ ကလေးနှလုံးရောဂါဆိုင်ရာလူနာ ၁၇ ဦး တို့ကို လိုအပ်သောစစ်ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန် ရန်ကုန်ရှိသက်ဆိုင်ရာ ပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းတွင်အထူးကုဆေးကုသရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာ ရဲထွန်း၊ ပါမောက္ခဌာနမှူး (ရင်ခေါင်းဆေးကု)က နာတာရှည် အဆုတ်နှင့်အသက်ရှူလမ်းကြောင်းရောဂါများဖြစ်သည့် ပန်းနာရင်ကျပ်ရောဂါနှင့် အဆုတ်ပွ လေပြွန်ကျဉ်းရောဂါအကြောင်းကို လည်းကောင်း၊ ပါမောက္ခဒေါက်တာ မင်းဇော်ဦး၊ ပါမောက္ခ (ဆေးပညာ)က သွေးတိုးရောဂါအကြောင်းကို လည်းကောင်း၊ ပါမောက္ခဒေါက်တာ စန်းစန်းဝင်း၊ ပါမောက္ခ(ဆီးချိုနှင့်ဟော်မုန်း)က ဆီးချိုသွေးချိုရောဂါအကြောင်းကို လည်းကောင်း ကျန်းမာရေး ဝန်ထမ်းများနှင့် လာရောက်ပြသသူ လူနာများကို အသိပညာပေး ဟောပြောသည်။

တနင်္သာရီ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၀ ရက်က လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၁ ရက်တွင် လည်းကောင်း လာရောက်ပြသကုသမှု ခံယူကြသော လူနာများကို ကြည့်ရှုအားပေး၍ ပါမောက္ခအထူးကုဆရာဝန်ကြီးများကို ကျေးဇူးတင်စကားပြောကြားကာ ဒေသထွက်လက်ဆောင်များ ပေးအပ်ပြီး ညစာအတူသုံးဆောင်ကြသည်။

ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မှ အထူးကုသမှုဆိုင်ရာ (Super specialty) ပါမောက္ခ၊ အထူးကု ဆရာဝန်ကြီးများ၏ အထူးကုကွင်းဆင်းကုသရေး ခရီးစဉ်များကို ၂၀၂၃ ခုနှစ်အတွင်း ၁၅ ကြိမ်၊ ၂၀၂၄ ခုနှစ်အတွင်း ၇ ကြိမ် ဆောင်ရွက်ထားရှိပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သုတေသနနယ်ပယ်မှသည် ဖွံ့ဖြိုးမှုဆီသို့

မိုးကေနိုင်

ဘယ်ပညာရပ်နယ်ပယ်မဆို တတ်မြောက်ပြီးတဲ့ ပညာရပ်တစ်ခုကို ထိထိရောက်ရောက် အသုံးချမှသာ အသုံးဝင်ပါတယ်၊ အကျိုးလည်းရှိပါမယ်။ ပညာခေတ်လို့ဆိုတဲ့အရာမှာ နားလည်အောင်သင်၊ သင်တာကိုသိရုံနဲ့မပြီး၊ အသိကို အကျင့်နဲ့ပေါင်းပြီး လုပ်ရင်းကိုင်ရင်းနဲ့ လက်တွေ့အသုံးချနေမှသာ ထိရောက်အောင်မြင်မှုရှိပါမယ်။

ထုတ်လုပ်ပေးတဲ့အရေအတွက် ပမာဏသက်သက် (output) မှာလမ်းမဆုံးဘဲ ထွက်ရှိလာတဲ့ ပမာဏအတိုင်းအတာနဲ့ လက်တွေ့နယ်ပယ်မှာ ထိထိရောက်ရောက် အသုံးပြုနိုင်မှသာ အကျိုးကျေးဇူးဖြစ်ထွန်းတယ် (outcome) ဖြစ်တယ်လို့ ဆိုကြပါတယ်။ တကယ့်လက်တွေ့နယ်ပယ်များစွာမှာ အကျိုးပြုရလဒ်ကောင်း (outcome) ရဖို့ထက် ရလဒ်ထွက်ရုံ (output) မှာသာ ရပ်နေကြတာများပါတယ်။ ထိုအခါ လုပ်သလောက် အကျိုးကျေးဇူးမခံစားကြရခြင်းများ ဖြစ်လာပါတယ်။ ရေရှည်ရလဒ်ကောင်း ထွက်အောင်လုပ်မှသာ အကျိုးကျေးဇူးဖြစ်ထွန်းတယ်လို့လည်း ဆိုချင်တာဖြစ်ပါတယ်။ အမှန်တကယ်အလုပ်ဖြစ်အောင် မလုပ်ဘဲ အဖြစ်လောက်သာ လုပ်နေကြခြင်းကြောင့် outcome မဖြစ်တဲ့အခါ အဖွဲ့အစည်းအပေါ်မှာပါ သက်ရောက်မှု impact အပိုင်းမှာ ထိခိုက်မှုတွေ ရှိလာနိုင်ပါတယ်။

### ဖွံ့ဖြိုးမှု အတွေးအခေါ်

ဒီမှာ ဖွံ့ဖြိုးမှုအတွေးအခေါ်ပိုင်း (development thinking) ဆိုတာကို အမှုမဲ့၊ အမှတ်မဲ့ မဖြစ်သင့်ပါ။ မိမိသင်ကြားနာယူတတ်မြောက်ထားတဲ့ အသိအတတ်ပညာကို လက်တွေ့လုပ်ငန်းခွင်မှာ အသုံးချနေမှု၊ အခြေအနေ၊ အချိန်အခါအပေါ်မူတည်ပြီး ကိုယ့်ရဲ့ပညာနဲ့ တကယ့်လက်တွေ့နယ်ပယ် ကိုက်ညီမှုရှိမရှိ ပြန်လည်ဆန်းစစ်စမ်းသပ်နေမှသာ ရေရှည်မြဲတဲ့ရလဒ်ကောင်းတွေ ဆက်တိုက်ရနေမှာ ဖြစ်ပါတယ်။

ပညာရပ်အခြေခံတဲ့ လုပ်ငန်းခွင်အတွေ့အကြုံက အလွန်ကိုအရေးကြီးတယ် ဆိုတာတော့ အထူးပြောစရာလိုမယ်မထင်ပါဘူး။ ပညာအပေါ်မှာ အတွေ့အကြုံကို ထပ်ဆင့်၊ မှန်မမှန် ပြန်လည်စမ်းသပ်အတည်ပြု၊ ထွက်ပေါ်လာတဲ့ တွေ့ရှိချက်ရလဒ်အသစ်တွေကို အခြေခံပြီး စဉ်ဆက်မပြတ်တိုးတက်သထက်တိုးတက်အောင်လုပ်၊ တွေ့ရှိချက်တွေကို မျိုးဆက်သစ်တွေအတွက် အမြဲမျှဝေပေးနေခြင်း (exchange sharing) စတဲ့ ဆောင်ရွက်ချက်တွေဟာ အနာဂတ်အတွက်ပါ စဉ်းစားပြီး အမြော်အမြင်ရှိရှိနဲ့ အလုပ်လုပ်နေကြခြင်းဖြစ်ပါတယ်။

အကြောင်းက အများကို အကျိုးကျေးဇူးဖြစ်ထွန်းစေတဲ့ရလဒ်ကောင်းတွေရနေဖို့နဲ့ အခြေအနေ၊ အချိန်အခါအလိုက် ပြောင်းလဲမှုအသစ်အသစ်တွေနဲ့ ဆက်တိုက်တိုးတက်နေမှသာ အမှန်တကယ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable development) ဆိုတာကို ရရှိလာနိုင်မှာဖြစ်လို့ပါပဲ။ ဒါကြောင့်လည်း Research and Development (R&D) ဆိုတာဖြစ်လာပြီး တိုးတက်ဖွံ့ဖြိုးမှုလမ်းကြောင်းမှာ သုတေသနပညာရဲ့ အရေးပါပုံနဲ့အတူ သုတေသနပညာရပ်နဲ့ ဖွံ့ဖြိုးမှုတို့ဟာ နီးနီးကပ်ကပ်ဆက်စပ်မှုရှိနေကြောင်း သိရှိလာနိုင်မှာဖြစ်ပါတယ်။

### ပညာခေတ်မှာ သုတေသနရဲ့ အရေးပါမှု

လူတိုင်း၊ အဖွဲ့အစည်းတိုင်း၊ ကမ္ဘာတစ်ဝန်းနိုင်ငံတိုင်းရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ ပါဝင်ပတ်သက်နေတဲ့ သုတေသနပညာရပ်ဟာ ဝိဇ္ဇာ၊ သိပ္ပံဘယ်လိုနယ်ပယ်မျိုးမှာမဆို ယနေ့ခေတ်မှာ မပါရင်မပြီးတော့တဲ့ အခြေအနေဖြစ်နေပါပြီ။ သီအိုရီအသစ်၊ အတွေးသစ်၊ အမြင်သစ်များကို လက်ခံခြင်း၊ မခံခြင်း၊ ထုတ်ကုန်အသစ်၊ ပစ္စည်းအသစ်နည်းပညာအသစ်အသစ်များ အသုံးတည့်ခြင်း မတည့်ခြင်းက သုတေသနနဲ့ မပတ်သက်ဘဲနဲ့ ဘယ်လိုမှအဖြေမထွက်ပါဘူး။

မှန်/မမှန် လက်ဆုပ်လက်ကိုင်ပြနိုင်အောင် အထောက်အထားခိုင်ခိုင်လုံလုံနဲ့ သက်သေပြနိုင်ဖို့ သုတေသနပညာအကူအညီကို ရယူရသလို ရေရှည်တိုးတက်အောင်ကလည်း စဉ်ဆက်မပြတ် ပြုလုပ်ထားတဲ့ သုတေသနစာတမ်းက တွေ့ရှိချက်များကသာ အထောက်အကူပြုနိုင်တာဖြစ်ပါတယ်။ ဒီလောက်အရေးပါတဲ့ သုတေသနနယ်ပယ်နဲ့ ပတ်သက်တဲ့ မှန်ကန်တဲ့အသိအမြင်များနဲ့ ပတ်သက်ပြီး လွန်ခဲ့တဲ့အပတ် Naypyitaw State Academy ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံမှာ ပြောကြားခဲ့တဲ့ နိုင်ငံအကြီးအကဲရဲ့ အမှာစကားအချို့မှာ ထင်ဟပ်နေပုံကို သတိထားလိုက်မိပါတယ်။ နိုင်ငံအကြီးအကဲရဲ့ လမ်းညွှန်ချက်စကားလုံးတွေမှာ ယနေ့ပညာခေတ်ကြီးအပေါ် ကြောင်းကျိုးတရားဆက်စပ်မှုကိုရှာမှီးခြင်း သုတေသနပညာနဲ့ တင်စားသွားပုံများကို အကဲခတ်မိပါတယ်။

> ✳ **ဖွံ့ဖြိုးတိုးတက်မှုနဲ့ သုတေသနဟာ အလွန့်အလွန်ဆက်စပ်နေတဲ့အတွက် ဖွံ့ဖြိုးဖို့ဆိုရင် သုတေသနကိုအားပေးရမှာ သေချာပါပြီ။ မဖြေရှင်းရသေးတဲ့ပြဿနာတွေ၊ မဖြေရှင်းနိုင်သေးတဲ့ ပြဿနာတွေ ဖြစ်နိုင်ခြေများတဲ့ အခြေအနေတွေနဲ့ ပြည့်နေတဲ့ ကျွန်တော်တို့နိုင်ငံမှာ နယ်ပယ်စုံမှာ သုတေသနပြုရမယ့် အကြောင်းရင်းတွေများစွာရှိနေတယ်ဆိုတာ မငြင်းနိုင်ပါဘူး။ ဖြစ်သင့်တာနဲ့ လက်ရှိဖြစ်နေတာတွေ မတူတဲ့အခါမျိုးမှာ အမှန်တကယ်အကြောင်းရင်းခံကို ရှာရမှာဖြစ်တဲ့အပြင် လက်ရှိဆောင်ရွက်ချက်တွေနဲ့ လည်းပတ်သက်ပြီး (data analysis) သရုပ်ခွဲဆန်းစစ်တဲ့ အခါနဲ့ နောက်ဆုံးအဆင့်အကဲဖြတ်သုံးသပ်ခြင်း (evaluate) လုပ်တဲ့အခါ သုတေသနကိုပဲ အခြေခံရပါမယ်**

### အရည်အသွေးရှိခြင်းနှင့် အသုံးချနိုင်စွမ်း

အကြီးအကဲရဲ့ မှာကြားချက်များမှာမှ အလေးအနက်ထားလိုက်မိတဲ့အချက်နှစ်ခုကို မှတ်သားမိပါတယ်။ အရည်အသွေးရှိတဲ့ သုတေသနစွမ်းဆောင်ချက် (Quality Research) ဆိုတာနဲ့ အသုံးချသုတေသန (Applied Research) ဆိုတဲ့ စကားရပ်နှစ်ရပ်အပေါ်မှာဖြစ်ပါတယ်။ သုတေသနတစ်ခုဟာ အရည်အသွေးမီတယ်ဆိုရာမှာ ရှုပ်ထွေးတဲ့ပြဿနာတွေကို နားလည်လက်ခံဖြေရှင်းနိုင်စွမ်းရှိပြီး သီအိုရီအသစ်အသစ်တွေ ဖော်ထုတ်ရင်းမှ သုတေသနတွေ့ရှိချက်တစ်ခုကို လက်တွေ့မှာ အသုံးချလိုက်လို့ တွေ့ရှိချက်အတိုင်း အောင်မြင်တယ်ဆိုရင် ထိုသုတေသနဟာ အရည်အသွေးရှိတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

နေ့စဉ်လူမှုဘဝမှာ ရင်ဆိုင်ရတဲ့ပြဿနာတွေအပေါ် အချက်အလက်များကို တိတိကျကျ သရုပ်ခွဲခြမ်းစိတ်ဖြာပြီး အခြေခံတွေ့ရှိချက်များကနေ လက်တွေ့နယ်ပယ်မှာ တိုက်ရိုက်အသုံးချနိုင်တဲ့ သုတေသနကိုတော့ အသုံးချသုတေသနအဖြစ် သတ်မှတ်ကြပါတယ်။ အရည်အသွေးရှိခြင်း၊ အသုံးချနိုင်စွမ်းရှိခြင်းတို့နဲ့ ပြည့်စုံခြင်းတို့ဟာ ယနေ့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတစ်ခုအဖြစ် ဦးတည် တည်ဆောက်ရာမှာ အရေးအကြီးဆုံး အချက်နှစ်ချက်အဖြစ် ယခုလိုကြားသိရခြင်းကပင် သုတေသနကိုအားပေးခြင်း သုတေသနရဲ့အသက်ဟုပင် ဆိုနိုင်ပါပြီ။

### ရည်မှန်းချက်နှစ်ရပ်နဲ့ သုတေသန

ဦးတည်သွားနေတာက တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးဆိုတဲ့ အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ်၊ MSME တွေအားပေးရင်းနဲ့ one region one product ဖြစ်ရမယ်လို့ တိုက်တွန်းထားပါတယ်၊ စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနိုင်ငံဆီသွားမယ်၊ ဒီနေရာမှာ တီထွင်ဖန်တီးနိုင်စွမ်းအားမြင့်မားစေမယ့် သုတေသနတွေ အားကောင်းမှဖြစ်မယ်ဆိုတဲ့အချက်ကို မီးမောင်းထိုးပြသွားတယ်။ မှန်လည်းမှန်ပါတယ်၊ အရည်အသွေးမြင့်ပြီး အသုံးချနိုင်စွမ်းရှိတဲ့ သုတေသနတွေ့ရှိချက်တွေမှ တစ်ဆင့်သာ ထုတ်ကုန်အသစ် နည်းပညာအသစ်တွေရရှိလာမှာ သေချာနေလို့ပါပဲ။

ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာတဲ့ ဖန်တီးမှုအသစ်တွေဟာ သုတေသနရဲ့အကျိုးကျေးဇူးများဖြစ်လာပါလိမ့်မယ်။ တကယ့်အကျိုးပြုသုတေသနတွေဟာ နိုင်ငံရဲ့ရှည်လျားတဲ့ ကမ်းရိုးတန်းက သား၊ ငါး၊ ပုစွန်၊ သယံဇာတ၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေကို အကောင်းဆုံးဖော်ထုတ်ပြီး အကျိုးရှိရှိ အသုံးချနိုင်တဲ့အခြေအနေတွေဖြစ်အောင် ဖန်တီးပေးနိုင်ပါလိမ့်မယ်။

ဒါဆိုရင် ဖွံ့ဖြိုးတိုးတက်မှုနဲ့ သုတေသနဟာ အလွန့်အလွန်ဆက်စပ်နေတဲ့အတွက် ဖွံ့ဖြိုးဖို့ဆိုရင် သုတေသနကိုအားပေးရမှာ သေချာပါပြီ။ မဖြေရှင်းရသေးတဲ့ပြဿနာတွေ၊ မဖြေရှင်းနိုင်သေးတဲ့ ပြဿနာတွေ ဖြစ်နိုင်ခြေများတဲ့ အခြေအနေတွေနဲ့ ပြည့်နေတဲ့ ကျွန်တော်တို့နိုင်ငံမှာ နယ်ပယ်စုံမှာ သုတေသနပြုရမယ့် အကြောင်းရင်းတွေများစွာ ရှိနေတယ်ဆိုတာ မငြင်းနိုင်ပါဘူး။ ဖြစ်သင့်တာနဲ့ လက်ရှိဖြစ်နေတာတွေ မတူတဲ့အခါမျိုးမှာ အမှန်တကယ် အကြောင်းရင်းခံကို ရှာရမှာဖြစ်တဲ့အပြင် လက်ရှိဆောင်ရွက်ချက်တွေနဲ့လည်း ပတ်သက်ပြီး (data analysis) သရုပ်ခွဲဆန်းစစ်တဲ့အခါနဲ့ နောက်ဆုံးအဆင့် အကဲဖြတ်သုံးသပ်ခြင်း (evaluate) လုပ်တဲ့အခါ သုတေသနကိုပဲအခြေခံရပါမယ်။ ရလဒ်နဲ့ သက်ရောက်မှုကို ပြန်လည်ဆန်းစစ်တဲ့အခါ၊ အဲဒီကတစ်ဆင့် အသစ်တစ်မျိုးမျိုးရလာဖို့ လိုအပ်လာတဲ့အခါ သုတေသနဟာ လုပ်ကိုလုပ်ရမယ့်အခြေအနေများပဲဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။

### မှန်းဆချက်များအပေါ် သရုပ်ခွဲဆန်းစစ်နိုင်မှသာ

လူ့စွမ်းအားအရင်းအမြစ်နဲ့ သဘာဝသယံဇာတပေါ်ကြွယ်ဝပါတယ်ဆိုတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်မှာ ဘာကြောင့် တိုးတက်မှုနှောင့်နှေးရပါသလဲဆိုတဲ့ ယူဆချက်၊ မှန်းဆချက်အမျိုးမျိုးအပေါ်မှာ စနစ်တကျသုတေသနပြုကြည့်မှသာ မှန်းဆချက်အများကြီးထဲက တကယ့်မှန်ကန်တဲ့အဖြေကို ရရှိလာပါမယ်။ အဖြေမှန်ရလာခြင်းက ဘယ်ကဏ္ဍကို ပိုပြီးဦးစားပေးအကောင်အထည်ဖော်သင့်သလဲ၊ ငွေဘယ်လောက်သုံးမလဲဆိုတဲ့ ဆုံးဖြတ်ချက်မှာပါ အထောက်အကူပြုပါတယ်။

ကိုယ့်ဘက်က မပြည့်စုံတာတွေ၊ အခြေအနေမပေးတာတွေရှိတဲ့အတွက် ကိုယ့်ဆီက ကုန်ကြမ်းကို ဈေးပေါပေါနဲ့ရောင်းခဲ့ရတဲ့ အခြေအနေမျိုးရှိခဲ့တာတွေကို အမှတ်ရမိကြမှာပါ။ ကုန်ကြမ်းကနေ ကုန်ချောပြောင်းနိုင်ပြီး အရည်အသွေးမီတဲ့ ကုန်ချောကို လိုအပ်တဲ့ဈေးကွက်ဆီ အရောက်ပို့နိုင်မှသာ ရည်မှန်းတဲ့ ပို့ကုန်တင်ပို့မှုဆီရောက်ရှိမှာဖြစ်ပါတယ်။ ကမ္ဘာမှာ သယံဇာတမည်မည်ရရမရှိဘဲနဲ့တောင် ဘာကြောင့်ချမ်းသာနေကြလဲ၊ သယံဇာတလည်းရှိမယ်၊ ရှိနေတဲ့သယံဇာတကို ပညာနဲ့ပေါင်းစပ်နိုင်ခဲ့ခြင်းကြောင့်လား၊ ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ် (Good governance) လက္ခဏာရပ်တွေကြောင့်လား၊ လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံကြလို့လား၊ စီမံခန့်ခွဲမှုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်စွမ်းရှိလို့လား ဆန်းစစ်ကြည့်ရင် သိသာတဲ့အချက်တွေ ထွက်ပေါ်လာမှာ သေချာပါတယ်။ တစ်ပါတည်း ငြိမ်းချမ်းရေး ရေခံမြေခံမကောင်းဘဲ ညီညွတ်မှုမရှိ အပျက်အစီးများတဲ့ လူ့အဖွဲ့အစည်းတွေမှာ ရင်ဆိုင်နေရတဲ့ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့ အနေအထားတွေနဲ့လည်း နှိုင်းယှဉ်သရုပ်ခွဲ ဆန်းစစ်ကြည့်နိုင်ပါတယ်။

နိုင်ငံတစ်နိုင်ငံဟာ စီးပွားရေးအားကောင်းမှ ပညာ၊ ကျန်းမာ၊ လူမှုရေးကဏ္ဍတွေမှာ ဆက်တိုက်တိုးတက်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် စီးပွားရေးနဲ့ နိုင်ငံရေးစနစ်၊ စီးပွားရေးနဲ့ တည်ငြိမ်အေးချမ်းမှုကလည်း ဆက်စပ်နေပြန်ပါတယ်။ တည်ငြိမ်အေးချမ်းမှုမရှိရင် ကုန်သွယ်မှုအပိုင်းမှာထိခိုက်ပြီး တရားမဝင်ကုန်သွယ်မှုကြီးထွားလာခြင်းက ဥပမာပါ။ မြန်မာ့စီးပွားရေးမျက်နှာစာကိုကြည့်ရင် သယံဇာတ၊ လူ့စွမ်းအား အရင်းအမြစ်နဲ့ ပထဝီဝင်အချက်အချာအရ အားသာချက်များရှိပေမယ့် ငွေအရင်းအနှီး၊ နည်းပညာ၊ အဆက်အသွယ်နဲ့ ဆွဲဆောင်မှုမက်လုံးပိုင်းမှာ အားနည်းချက်များရှိဟန်တူပါတယ်။ ပြည်တွင်းသုံးစွဲမှုမှာ စားသုံးသူရဲ့ တကယ့်လိုအပ်မှုထက် မိမိလိုချင်တာကို ဦးစားပေးတတ်တဲ့ အမူအကျင့်ကလည်း အားနည်းချက်တစ်ခုပါပဲ။ ဒါ့ကြောင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း၊ အားနည်းချက်၊ အားသာချက်၊ အခွင့်အလမ်းနဲ့ စိန်ခေါ်မှုတွေကို အမြဲတွက်ချက်နေရန် လိုပါတယ်။

### စားသုံးသူရဲ့ အလေ့အထ ဈေးကွက်ဥပမာနှင့် ယှဉ်၍

ဈေးကွက်မှာ စားသုံးသူရဲ့အကြိုက်၊ အလေ့အထ (Consumer behavior) မှာ ရာသီအလိုက် ဘာတွေစားတတ်သလဲ၊ ဘာတွေသုံးတတ်သလဲ၊ ဒေသအလိုက်အကြိုက် market analysis ခေါ်ပါမယ်၊ ဘယ်သူတွေက ဘယ်လို၊ ဘယ်အချိန်မှာ၊ ဘာကြောင့် ဝယ်လေ့ရှိကြသလဲ စသဖြင့် ဈေးကွက်သဘာဝကို သုတေသနပြုထားချက်တွေ ရှိရပါမယ်။ အိမ်နီးချင်းနိုင်ငံတွေဟာ နိုင်ငံအလိုက်က ရာသီပွဲတော်အလိုက်မှာ (ဥပမာ - သင်္ကြန်ကာလ၊ သီတင်းကျွတ်ကာလ စသည်ဖြင့်) သုံးစွဲသူအကြိုက်၊ ဝင်ငွေအနိမ့်အမြင့်အလိုက် (ကော်ဖီမစ်မှသည် မိုဘိုင်းဖုန်းအထိ) ကို သုတေသနပြုပြီး သူတို့ထုတ်ကုန်ပစ္စည်းတွေကို တင်ပို့ကြကြောင်း မှတ်သားဖူးပါတယ်။

ကျွန်တော်တို့ဆီမှာ လယ်သမားတွေဆီ ကွင်းဆင်းအသံနားထောင်တဲ့ survey မျိုးရှိခဲ့ရင် ဓာတုဆေးဝါး၊

စာမျက်နှာ ၁၁ သို့

# ပြည်ထောင်စုသမိုင်း မရိုင်းစေ

❖ အတူနေမှ၊ လုံခြုံကြမည်
ယုံကြည်ပါ၍၊ ဤယနေ့တိုင်
ထွေးပွေ့ရင်းနှီး၊ သွေးချင်းနီးလျက်
ခရီးအတူ ဆက်ခဲ့ကြ။

❖ လက်တွဲထားမှ၊ အင်အားဖြစ်မည်
ယုံကြည်ပါ၍၊ ဤယနေ့တိုင်
ခိုင်ခိုင်မြဲမြဲ၊ တို့မခွဲဘဲ
ပွဲလယ်တင့်စွာ မော်ခဲ့ကြ။

❖ သမိုင်းနှင့်ချီ၊ တွဲလက်ညီစွာ
တည်ထောင်စုစည်း၊ ပြည်ထောင်ကြီးအဖြစ်
ပွားစီးအခြေ၊ ရောက်လေပြီးမှ
ခရီးပြောင်းပြန်၊ နောက်ကြောင်းလှန်လျက်
နိုင်ငံရှေ့ရေး၊ ဘေးချိတ်ပယ်ချ
သူကတစ်လမ်း၊ ကိုယ်တစ်ခြမ်းနှင့်
ပရမ်းပတာ၊ လှမ်းတော့မှာလား
ငါက ငါ့ကျိုး၊ သူ သူ့ကျိုးနှင့်
ကိုယ်ကျိုးနည်းစွာ၊ အကျနာမှ
ဘဝသင်ခန်းစာ၊ ယူကြမှာလား
စဉ်းစားဆင်ခြင် အသိယှဉ်။

❖ မျိုးစွဲနွယ်စွဲ၊ နယ်မြေစွဲနှင့်
အစွဲချင်းပြိုင်၊ ရန်ချင်းဆိုင်ကြ
နိုင်ငံ့ဂုဏ်ညှိုး၊ လူမျိုးမွဲတေ
ပြည်ရွာကြေလျက်၊ စည်းရိုးပျက်မှ
နောင်တမဆုံး
ယူကျုံးမရ၊ ဖြစ်ကြမှာလား
စဉ်းစားဆင်ခြင် သတိဝင်။

❖ ညီနောင်အစု၊ တည်ထောင်ပြုသည့်
ပြည်ထောင်စုတန်ဖိုး
ဖိုးအနဂ္ဃ၊ နှိုင်းမရလေ
ရှေးကဘိုးဘေး
ပေးခဲ့အမွေ၊ ဆက်ခံလေမှ...
ပေးခဲ့အခြေ၊ ထိန်းသိမ်းလေမှ. . .
ပေးခဲ့အနေ၊ မြင့်တင်လေမှ...
တို့တွေသားမြေး ပီသလိမ့်။

❖ တို့ခေတ်ရောက်မှ
မြန်မာ့သမိုင်း၊ မရိုင်းရအောင်
သတိဆောင်၍
ညီနောင်စုစည်း၊ သွေးချင်းနီးလျက်
ခရီးမထောင့်၊ ပန်းဝင်ဖြောင့်အောင်
စောင့်ထိန်းကာကွယ် ညီစို့တကား။
ပြည်ထောင်စုနိုင်ငံ ဂုဏ်ဝင့်ကြွား။
သင့်မြတ်ခြင်းသာ အမှန်တရား။ ။

ဇော်မင်းမင်းဦး

## အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် နှစ်(၂၀)ပြည့် အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲနှင့် ခြောက်ထပ်ပင်မဆောင်သစ် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၏ နှစ်(၂၀)ပြည့် ကြွေရတုအထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲနှင့် ခြောက်ထပ်ပင်မဆောင်သစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်တွင် ကုန်သည်လမ်းရှိ အဆိုပါ ခြောက်ထပ်ပင်မဆောင်သစ်ရှေ့၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမောင်မောင်သန်း၊ အမျိုးသား စီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၏ ပထမဆုံး ကျောင်းအုပ်ကြီး ဒေါက်တာမြင့်ဆွေ၊ စတုတ္ထမြောက် ကျောင်းအုပ်ကြီး ဒေါက်တာတင်တင်ထွေး (ယခု ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်) နှင့် လက်ရှိကျောင်းအုပ်ကြီး ဒေါက်တာနီလာမြင့်ထူး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ခြောက်ထပ်ပင်မဆောင် ဘက်စုံခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လက်ရှိ ကျောင်းအုပ်ကြီးတို့က အမှာစကားများ ပြောကြားကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းအတွက် အလှူငွေ ကျပ်သိန်း ၅၀ ကို ကျောင်းအုပ်ကြီးထံသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကောလိပ်၏ နှစ်(၂၀)ပြည့် ကြွေရတု အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကို ကျင်းပရာ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၊ မန္တလာတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်တို့မှ စာတမ်းရှင် ဆရာ ဆရာမများက ဘောဂဗေဒ၊ စီမံခန့်ခွဲမှုပညာ၊ စာရင်းအင်းပညာ၊ ခရီးသွားလုပ်ငန်းပညာ၊ သတင်းအတတ်ပညာ၊ အင်္ဂလိပ်စာ၊ မြန်မာစာ အစရှိသည့် ဘာသာရပ် နယ်ပယ်အသီးသီးမှ စာတမ်း ၁၅ စောင်ကို ဖတ်ကြား တင်သွင်းခဲ့ကြသည်။ ခင်ဝင်း



သုတေသနစာတမ်းဖတ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် အမှာစကား ပြောကြားစဉ်။

စာမျက်နှာ ၁၀ မှ

ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ အလွန်အကျွံသုံးစွဲမှု မျိုးတွေကို တတ်နိုင်သမျှရှောင်ကြဉ်နိုင်မှာဖြစ်ပြီး သုံးစွဲပုံသုံးစွဲနည်း နည်းပညာကအစ မျှဝေဖြစ်သွား နိုင်ပါတယ်။ လိုအပ်ချက်နဲ့ထုတ်လုပ်နိုင်မှု၊ ဥပမာ– စားသုံးဆီလိုအပ်ချက်နဲ့ စိုက်ပျိုးမှုပမာဏ ကွာခြား ချက်ကို စဉ်ဆက်မပြတ်ဖော်ထုတ်လာနိုင်ပါမယ်။ ကျွန်တော်တို့ဆီမှာ MPA, MPP, M.Dev စသည့် မဟာသင်တန်းများစွာမှာ သင်တန်းသားတွေပြုစု ရေးသားခဲ့တဲ့ စီးပွားရေး၊ စိုက်ပျိုးရေး၊ ဈေးကွက် သုတေသနစာတမ်းများကို လက်တွေ့အသုံးချပြီး အချို့သောပြဿနာတွေကို အဖြေရှာကြည့်နိုင် ပါတယ်။

စားသုံးသူရေးရာက ထုတ်ဝေတဲ့စာတမ်း တစ်ခုမှာ ဒူးရင်းသီးအစားများတဲ့ တရုတ်နိုင်ငံကို အလုံးအရင်းနဲ့ အောင်အောင်မြင်မြင်တင်ပို့နေတဲ့ ဗီယက်နမ် ဒူးရင်းသီးအကြောင်း ဖတ်ခဲ့ဖူးပါတယ်။ ပထမဆုံးတင်ပို့တဲ့ ၂၀၂၃ ခုနှစ် တစ်နှစ်တည်းမှာတင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံဖိုးအထိ တင်ပို့ခဲ့တယ်လို့ဆိုပါတယ်။ ဗီယက်နမ်က ထိုင်းထက်ဈေးပိုသက်သာလို့လား၊ ပိုအရသာရှိတဲ့ ဗီယက်နမ် ဒူးရင်းသီးတွေကို တရုတ်တွေ ပိုကြိုက် ကြလို့ဖြစ်နိုင်ပါတယ်။ ဈေးပွဲတော်များ အခါ အားလျော်စွာပြုလုပ်နိုင်ခြင်း၊ အကောက်ခွန် ရှင်းလင်းရေးမှအစ မပျက်စီး၊ မပုပ်သိုး၊ ထုပ်ပိုးမှု ခေတ်မီအောင်၊ ဈေးသက်သာအောင်လုပ်ထားတဲ့ ဆန်းသစ်တီထွင်မှုတွေဟာ ပို့ကုန်ဈေးကွက်မှာ နေရာရလာခြင်းရဲ့ စံနမူနာတစ်ခုပါပဲ။

ဥပမာတစ်ခုအနေနဲ့ မြန်မာနိုင်ငံမှာလည်း ဈေးကွက်တောင်းဆိုချက်အရ ထောပတ်သီးနှံကို ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးစား ဆောင်ရွက်နေကြောင်း သိရပါတယ်။ ပို့ကုန်တင်ပို့ တဲ့နေရာမှာ ယှဉ်ပြိုင်ဘက်ရဲ့ အနေအထား (Competitive analysis) ကိုလည်း ဆန်းစစ် သုတေသနပြုရပါမယ်။ အထက်ပါဒူးရင်းသီး တင်ပို့မှုမှာဆိုရင် ကမ္ဘာမှာ အများဆုံးဒူးရင်းသီး တင်ပို့တဲ့ ထိုင်းကို ဗီယက်နမ်ဟာ ယှဉ်နိုင်ခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့် သုတေသနပညာရပ်ဟာ အလွန် အရေးကြီးတဲ့ ဖွံ့ဖြိုးမှုဆိုင်ရာ နယ်ပယ်တစ်ခု ဖြစ်ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ အခြားနိုင်ငံ တွေနဲ့ယှဉ်ရင် အစစအရာရာ နောက်ကျနေတဲ့ အခြေအနေမှာ အားလုံးညီညွတ်ရေးနဲ့ တည်ငြိမ်ရေး ဟာ အရေးကြီးသလို အချို့ခက်ခက်ခဲခဲလုပ်နေရတဲ့ နေရာမှာ လွယ်လွယ်ကူကူ၊ ရိုးရိုးရှင်းရှင်းနဲ့ လုပ်ဆောင်သွားနိုင်မယ့် နည်းလမ်းမျိုးမှာ သုတေသနပညာက အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်။

ယနေ့သုတေသနတွေကို စနစ်တကျလုပ်လာ နိုင်ပြီဆိုရင် အကြောင်းကြောင်းကြောင့် အကျိုးဖြစ် တာမျိုး၊ အကြောင်းနဲ့အကျိုး ဆက်စပ်မှုမျိုးတွေကို ဖော်ထုတ်လာနိုင်မှာ သေချာပါတယ်။ တတ်မြောက် ထားတဲ့ သုတေသနပညာအပေါ်မှာ အသုံးလည်းချ ဆင်ခြင်မှုလေးပါ ပေါင်းစပ်လိုက်ရင်တော့ ပိုပြီး အဓိပ္ပာယ်ပြည့်ဝတဲ့ ပညာအဆင့်တွေဖြစ်လာပါပြီ။ အကြောင်းနဲ့ အကျိုးသဘောတရားအပေါ် အသုံးချ ဆင်ခြင်နိုင်စွမ်းကတစ်ဆင့် အပြုသဘောမြင်ပေး တာတွေ အကောင်းမြင်သဘောထားတွေမှာပါ တိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။

သူများပြောတဲ့အမြင်မှာ မှန်းဆတတ်လောက် ရုံနဲ့ မပြီးစေဘဲ အရာရာကို သုတေသနအမြင်နဲ့ ကြည့်ပေးခြင်းဖြင့်လည်း သက်ရောက်မှုတိုင်းမှာ အပေါင်းလက္ခဏာဆောင်လာမယ်ဆိုတာ ပြောရဲ ပါတယ်။ အရေးကြီးဆုံးတစ်ချက်က ယခုလို အလေး အနက်ထား အားပေးခြင်းခံရတဲ့ သုတေသနကို အခွင့်အလမ်းတစ်ခုအဖြစ်အသုံးချပြီး အသုံးချ သုတေသနတစ်ခုအဖြစ် အခက်အခဲတွေကို ထိထိ ရောက်ရောက်ဖြေရှင်းပေးနိုင်ဖို့ပါပဲ။ သို့မှသာ အလုပ်ကို အဖြစ်မလုပ်ဘဲ အလုပ်ဖြစ်အောင် လုပ်ရာရောက်မှာဖြစ်ပြီး အကောင်းဆုံးသော ရလဒ် များ ထွက်ပေါ်လာရေးမှာ သေချာမှုရှိမှာဖြစ်ပါ ကြောင်း တင်ပြလိုက်ရပါတယ်။ ။





# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ ပွဲတော်လာပြည်သူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

**(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများစိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသည်။**

ယနေ့ပြပွဲ ဒုတိယနေ့သို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင် MSME လုပ်ငန်းများ စတင်လုပ်ဆောင်ကြမည့် လုပ်ငန်းရှင်များ စိတ်ဝင်စားစွာဖြင့် လာရောက်လေ့လာခဲ့ကြရာ ပြခန်းအလိုက် တာဝန်ရှိသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများ မျှဝေပေးခြင်း၊ ပြည်တွင်း/ ပြည်ပဈေးကွက်များသို့ မိမိတို့လုပ်ကိုင်နေသည့် လုပ်ငန်းများအလိုက် လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊ လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေးဆွေးနွေးမျှဝေပေးကြရာ လုပ်ငန်းရှင်များအပြင် အသိပညာဗဟုသုတ ရရှိလိုသည့် ပြည်သူများဖြင့်လည်း စည်ကားခဲ့သည်။

ထို့ပြင် ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာ တိုင်းရင်းသားရိုးရာ ပြခန်းများအလိုက် ခင်းကျင်းပြသ ရောင်းချပေးနေကြသည့် တိုင်းရင်းသားအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရ ဗဟုသုတများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အထင်ကရနေရာများ၊ ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များ အကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ပွဲတော်လာပြည်သူများသည် စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

နေပြည်တော် ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များနှင့် ရိုးရာအစားအစာပြခန်းများ၌လည်း ဒေသအလိုက် ထွက်ရှိသည့် ရိုးရာအစားအစာများ၊ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများ၊ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပသို့ တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များအကြောင်းကို ပွဲတော်လာပြည်သူများ ဗဟုသုတအဖြစ် သိရှိနိုင်ရေးအတွက် အသေးစိတ် ခင်းကျင်းပြသထားသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ ပြခန်းများ၌လည်း မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့်သီချင်းများနှင့် မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့်သီချင်းများ ဖွင့်လှစ်ဖျော်ဖြေတင်ဆက်ပေးကြရာ ပွဲတော်လာပြည်သူများ အနေဖြင့် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ စည်းလုံးညီညွတ်သည့် သွေးချင်းညီအစ်ကို စိတ်ဓာတ်များ ခံစားရရှိစေခဲ့ပြီး ပြည်ထောင်စု၏ အနှစ်သာရကိုလည်း ပိုမိုပေါ်လွင်စေခဲ့သည်။



အလားတူ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထွက်ရှိသည့် MSME ထုတ်ကုန်များ၊ တိုင်းရင်းသားရိုးရာအမှတ်တရပစ္စည်းများနှင့် ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပြီး နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူကြသူများဖြင့်လည်း စည်ကားလျက်ရှိရာ ဒေသအလိုက် ဆောင်ရွက်နေသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးမြှင့်တင်ပေးရာရောက်သည့် မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ထို့ပြင် ပွဲတော်လာပြည်သူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် စိတ်အေးချမ်းသာစွာ မြည်းစမ်းစားသုံးနိုင်ရန်အတွက် ရိုးရာအစားအစာဆိုင်များ ဖွင့်လှစ်၍ သန့်ရှင်းလတ်ဆတ်စွာ ရောင်းချပေးလျက်ရှိရာ နှစ်ခြိုက်စွာ ဝယ်ယူစားသုံးကြသည့် ပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

ညပိုင်းတွင် ဖျော်ဖြေရေး အစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများ ပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများပျော်ရွှင်စွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

အဆိုပါပွဲတော်ကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် MSME ထုတ်ကုန်အရောင်း ပြခန်း ၃၄ ခန်း၊ ရိုးရာအစားအစာပြခန်း ၁၉ ခန်းတို့ဖြင့် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက် အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အတွက် မိဘပြည်သူများ (အခမဲ့) လာရောက်လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်း - အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ - ကိုကြီးထိန်**

# ပြည်တက္ကသိုလ် (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အဝေးသင် သင်တန်းအခမ်းအနားကျင်းပ

**ပြည် ဖေဖော်ဝါရီ ၁၁**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပြည်တက္ကသိုလ် (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အဝေးသင် သင်တန်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က ယင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်နှင့် ဒုတိယပါမောက္ခချုပ်များ၊ သင်တန်းရေးရာဌာနမှူး၊ စီမံ/ ဘဏ္ဍာဌာနမှူးနှင့် ဘာသာရပ်ဌာနများမှ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဘွဲ့ရကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်သည်။



ဦးစွာဘွဲ့နှင်းသဘင် အခမ်းအနားတွင် ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သက်လွင် ဦးဆောင်သော သဟာယအဖွဲ့ဝင် များ နေရာယူကြပြီး ကျောင်းသား ကျောင်းသူများအား ပါမောက္ခချုပ်က ဘွဲ့လက်မှတ်များ ချီးမြှင့်သည်။ **(ဝဲပုံ)**

ပြည်တက္ကသိုလ် (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အဝေးသင် သင်တန်းအခမ်းအနားကို ယခုဖေဖော်ဝါရီ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး ယင်းဘွဲ့နှင်းသဘင်တွင် ပြည်တက္ကသိုလ်၏ အထူးပြုဘာသာရပ်ပေါင်းစုံအဝေးသင် သင်တန်းများမှ ဝိဇ္ဇာဘွဲ့နှင့် သိပ္ပံဘွဲ့ရ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၃၅ ဦးကို ပါမောက္ခချုပ်က ဘွဲ့လက်မှတ်များ အပ်နှင်းချီးမြှင့်ခြင်းဖြစ်ကာ အလားတူ လာမည့်ဖေဖော်ဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တွင်လည်း ပြည်တက္ကသိုလ် (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အဝေးသင် သင်တန်းမှ ကျောင်းသား ကျောင်းသူများကို ဘွဲ့လက်မှတ်များ ဆက်လက်ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ပြည်တက္ကသိုလ်သည် ၂၀၁၀ ပညာသင်နှစ်မှစ၍ ယနေ့အထိ ဘွဲ့ရကျောင်းသား ကျောင်းသူပေါင်း ၁၅၀၀၀ ခန့် မွေးထုတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း ယင်းတက္ကသိုလ်တာဝန်ရှိသူများထံမှ သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

**တစ်လှေတည်းစီး၊**
**တစ်ခရီးတည်းသွား**
**ပြည်ထောင်စုသား**
**သွေးချင်းများ**
**တွဲထားလက်များ**
**ခိုင်စေသား။**

# အစ္စရေးဝန်ကြီးချုပ်က ရာဖာ၌ မြေပြင်ထိုးစစ်ဆင်မှု လုပ်ဆောင်ရန် ကတိပြု

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၁**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ဂါဇာကမ်းမြောင် တောင်ပိုင်း ရာဖာ၌ ၎င်း၏အစိုးရက ပြင်းထန်သည့် မြေပြင်တိုက်ခိုက်မှုများ လုပ်ဆောင်သွားမည်ဟုပြောကြားသည်။ ရာဖာမြို့၌ ဟားမားစ်ခံတပ်တစ်ခု တည်ရှိကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

နေတန်ယာဟုက ရာဖာကို နောက်ဆုံးခံတပ်ဟု ကြေညာပြီး အစ္စရေးက မြေပြင်စစ်ဆင်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အေဘီစီသတင်းနှင့် အင်တာဗျူးတွင် ပြောကြားသည်။ သို့သော်လည်း နေတန်ယာဟုက ၎င်းကြေညာထားသည့် အရပ်သားများအတွက် လုံခြုံရေးထောက်ပံ့ပေးရန် ကတိပြုထားသည်။



ဝန်ကြီးချုပ်က မြေပြင်ထိုးစစ်ဆင်မှုမတိုင်မီ ရာဖာမှ အရပ်သားများ ဘေးကင်းရာသို့ ပြောင်းရွှေ့ရေးပြင်ဆင်ရန် အစ္စရေးတပ်ဖွဲ့ကို ဖေဖော်ဝါရီ ၉ ရက်က ညွှန်ကြားထားသည်။ ဂါဇာမြောက်ပိုင်းနှင့် အလယ်ပိုင်းမှ ဒေသခံများ ထွက်ပြေးသွားပြီးနောက် ရာဖာမြို့၌ လူပေါင်းတစ်သန်းကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။ ရာဖာမြို့စွန်တွင် အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် လူ ၂၅ ဦးသေဆုံးကြောင်း ဖေဖော်ဝါရီ ၁၁ ရက်တွင် ပါလက်စတိုင်းမီဒီယာက ထုတ်ပြန်ထားသည်။ ပြီးခဲ့သည့်နှစ်အောက်တိုဘာလက အစ္စရေးတပ်ဖွဲ့နှင့် ပါလက်စတိုင်းတိုက်ပွဲဖြစ်ပွားသည့်အချိန်မှစကာ ဂါဇာ၌ လူပေါင်း ၂၈၁၇၆ ဦး သေဆုံးပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

**ဆင်ဟွာ**

# ကင်မရွန်းနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုကြောင့် ကျောင်းသားကလေးများ သေဆုံးမည်ကို စိုးရိမ်နေရ

**ယောင်အွန်ဒေး ဖေဖော်ဝါရီ ၁၁**

ကင်မရွန်းနိုင်ငံအတွင်း မငြိမ်မသက်မှုများ ဖြစ်ပေါ်နေသည့် အန်ဂလိုဖုန်းဒေသ အနောက်မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၁၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကျောင်းသားကလေးများ သေဆုံးမှုများမည်ကို စိုးရိမ်နေရသည်ဟု မျက်မြင်သက်သေများနှင့် ဒေသခံရဲများက ပြောသည်။

## ပေါက်ကွဲမှုဖြစ်ပွား

နမ်ကမ်ဘီမြို့၌ အမျိုးသားလူငယ်နေ့အတွက် ကလေးငယ်များ ပွဲကျင်းပနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၁၉၆၆ ခုနှစ်မှစတင်ကာ ဖေဖော်ဝါရီ ၁၁ ရက်နေ့ ရောက်တိုင်း အဆိုပါအခမ်းအနားကို ကျင်းပလေ့ရှိသည်။

## ဒဏ်ရာပြင်းထန်

ကလေးငယ်များမှာ အလွန်ပြင်းထန်သည့် ဒဏ်ရာများရရှိခဲ့ကြောင်း မျက်မြင်သက်သေများက ပြောသည်။ အာဏာပိုင်များက တရားဝင်ထုတ်ပြန်ကြေညာချက် မပြုလုပ်သေးချေ။ အဆိုပါဒေသတွင် ခွဲထွက်ရေးသမားများသည် အမ်ဘာဇိုးနီးယားနိုင်ငံအဖြစ် ခွဲထွက်ရန်အတွက် ၂၀၁၇ ခုနှစ်မှစတင်ကာ အစိုးရတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများ ဖြစ်ပွားနေသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ မြေပြိုမှုကြောင့် သေဆုံးသူ ၃၇ ဦးအထိတိုးလာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေ

**မနီလာ ဖေဖော်ဝါရီ ၁၁**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း၌ ဖေဖော်ဝါရီ ၆ ရက် မြေပြိုမှုကြောင့် သေဆုံးသူပေါင်း ၃၇ ဦး အထိတိုးလာပြီး ပျောက်ဆုံးနေသည့် လူ ၆၀ ကျော်ကို ရွှံ့များနှင့် အုတ်ကျိုးအုတ်ပဲ့များအကြား ကယ်ဆယ်ရေး လုပ်သားများက ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း အစိုးရက ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၆ ရက် ညနေပိုင်းက ဒါဗာအိုဒီအိုရိုပြည်နယ် မာကိုတောင်ပေါ်မြို့တွင် မြေပြိုမှု ဖြစ်ပွားခဲ့ပြီး နေအိမ်များ၊ ယာဉ်များနှင့် လူဒါဇင်နှင့်ချီ၍ နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။ ကယ်ဆယ်ရေးသမားများက အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် မြေပြိုမှုမှ အသက်ရှင်ကျန်ရစ်နေသူများနှင့် ပျောက်ဆုံးနေသည့်လူ ၆၃ ဦးကို ရှာဖွေရန် အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နေကြောင်း သိရသည်။

ပစိဖိတ်မီးတောင် ရပ်ဝန်းကွင်းစုတွင် တည်ရှိသည့် ဖိလစ်ပိုင်နိုင်ငံသည် အင်အားပြင်းတိုင်ဖွန်မုန်တိုင်းကြောင့် ရေကြီးမှုများ၊ မြေပြိုမှုများ၊ လျှပ်စီးလက်ခြင်းနှင့် မီးတောင်ပေါက်ကွဲမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



ဖိလစ်ပိုင်နိုင်ငံ မာကိုမြို့ မာဆာရာကျေးရွာ၌ မြေပြိုမှုဖြစ်ပွားပြီးနောက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်စဉ်။



လက်ဘနွန်နိုင်ငံ ဒုက္ခသည်စခန်းမှ ဆီးရီးယားအမျိုးသမီးနှင့် ကလေးများကို တွေ့ရစဉ်။

# ဆီးရီးယားဒုက္ခသည်များပြန်ပို့ပေးရေး လက်ဘနွန်နိုင်ငံ၌ စတင်တော့မည်

**ဘေရွတ် ဖေဖော်ဝါရီ ၁၁**

ဆီးရီးယားဒုက္ခသည်များ နေရပ်ပြန်နိုင်ရေးအတွက် လက်ဘနွန်နိုင်ငံတွင် မကြာမီစတင်တော့မည်ဟု လက်ဘနွန်နိုင်ငံ ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး အစ်ဆမ်ချာရာဖက်ဒ်ဒင်းက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောသည်။

ဆီးရီးယားဒုက္ခသည်များကို ယာဉ်တန်းများဖြင့် နေရပ်ပြန်ပို့နိုင်ရေး လက်ဘနွန်အစိုးရက ၎င်းကို တာဝန်ပေးထားကြောင်း အစိုးရအဖွဲ့အစည်းအဝေးပြီးနောက် ၎င်းက ထုတ်ပြန်ကြေညာခဲ့သည်။ ဆီးရီးယားရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ အထူးသဖြင့် ဒေသန္တရ အုပ်ချုပ်ရေးဝန်ကြီးသစ်နှင့် တွေ့ဆုံကာ ကောင်းမွန်သည့် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြောင်း ၎င်းတို့ကလည်း အဆိုပါကိစ္စနှင့်ပတ်သက်၍ ကတိကဝတ်ပြုမှုများ ပြုလုပ်ခဲ့ကြောင်း ဝန်ကြီးက ပြောသည်။

၂၀၂၂ ခုနှစ်တွင် လစဉ်လတိုင်း ဆီးရီးယားဒုက္ခသည်ပေါင်း ၁၅၀၀၀ ကို နေရပ်ပြန်ပို့ပေးနိုင်ရေး ကြေညာခဲ့သည်။ ဆီးရီးယားတွင် စစ်ပွဲပြီးဆုံးသွားပြီဖြစ်ပြီး တိုင်းပြည်တွင်လည်း လုံခြုံစိတ်ချရပြီဟု ဆိုကာ ယင်းသို့လုပ်ဆောင်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီနှင့် ဥရောပပါလီမန်တို့၏ ကန့်ကွက်မှုကြောင့် အစီအစဉ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ခဲ့ခြင်း မရှိချေ။

လက်ဘနွန်နိုင်ငံသည် ဒုက္ခသည်အများဆုံး လက်ခံထားသည့် နိုင်ငံဖြစ်ပြီး ဆီးရီးယားဒုက္ခသည်ပေါင်းနှစ်သန်းနီးပါးကို လက်ခံထားသည်ဟု အစိုးရက ခန့်မှန်းထားသည်။ လက်ဘနွန်အာဏာပိုင်များသည် မကြုံစဖူး ဘဏ္ဍာရေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေရပြီး ဆီးရီးယားဒုက္ခသည်များကို လက်ခံမထားနိုင်တော့သည့်အတွက် ဒုက္ခသည်များနေရပ်ပြန်ရန်အတွက် အကြိမ်ကြိမ်တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ ဝါဂျီမာမြို့၌ ငလျင်လှုပ်ခတ်မှုပြီးကတည်းက ရေမရရှိသေးသည့် ပြည်သူများအတွက် ရေချိုးခန်းသို့သွားနိုင်ရေး ကားဖြင့် ပို့ဆောင်ပေး

**တိုကျို ဖေဖော်ဝါရီ ၁၁**

ဂျပန်နိုင်ငံ၌ နှစ်သစ်ကူးနေ့ ငလျင်လှုပ်မှုပြီးကတည်းက ရေမရရှိသေးသည့် ဝါဂျီမာမြို့မှ ပြည်သူများအတွက် ရေချိုးခန်းသို့ သွားနိုင်ရေး ဘတ်စ်ကားဖြင့် စတင်ဝန်ဆောင်မှုပေးနေပြီဟု သိရသည်။

အီရှီကာဝါခရိုင်ရှိ ဝါဂျီမာမြို့၌ အိမ်ထောင်စုနှင့် စီးပွားရေးလုပ်ငန်းပေါင်း ၁၀၀၀၀ ခန့်မှာ ငလျင်လှုပ်မှုအပြီး တစ်လကျော်ကြာသည်အထိ ရေမရရှိသေးချေ။ ဂျပန်တပ်ဖွဲ့ဝင်များက မြို့အတွင်း ပြည်သူများ ရေချိုးနိုင်ရေးထောက်ပံ့စီစဉ်ပေးထားသော်လည်း ရေပူကန်တွင် ရေစိမ်ချိုးနိုင်မည့် အခွင့်အရေးမှာ အကန့်အသတ်ဖြင့်သာ ရရှိသေးသည်။

ဝါဂျီမာမြို့မှ ဒေသခံများကို ဖေဖော်ဝါရီ ၁၁ ရက်က ဟာကူအီမြို့သို့ နေ့ချင်းပြန်သွားရောက်ကာ ရေချိုးကန်ကြီးတွင် ရေစိမ်ချိုးနိုင်ရေး အသွားအပြန်ပို့ဆောင်ပေးသည်ဟု သိရသည်။

ဖေဖော်ဝါရီ ၂၂ ရက်အထိ စနေ၊ အင်္ဂါနှင့် ကြာသပတေးနေ့များတွင် ရေချိုးခန်းသို့ သွားနိုင်ရေးဘတ်စ်ကားဖြင့် အသွားအပြန် စီစဉ်ပေးမည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**



# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘားအံစက်မှုဇုန်၌ ရော်ဘာသစ်ပါးလွှာစက်ရုံဖွင့်

**ဘားအံ ဖေဖော်ဝါရီ ၁၁**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘားအံစက်မှုဇုန်၊ ဇုန်အမှတ် (၂)၌ ရင်းနှီးမြှုပ်နှံမှု ငွေကျပ်သိန်း ၅၀၀၀ ဖြင့် လျာထားတည်ဆောက်ခဲ့သော ACC စောငမန်းရော်ဘာသစ်ပါးလွှာစက်ရုံဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီက အဆိုပါစက်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ရော်ဘာသစ်ပါးလွှာစက်ရုံ တည်ဆောက်လည်ပတ်နိုင်ခြင်းသည် ကရင်ပြည်နယ်မှ ဆောင်ရွက်နေသည့် ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု အစီအစဉ်ကိုလည်း အထောက်အကူပြုသည့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပြီး စက်မှုလုပ်ငန်းကဏ္ဍ၏ မူဝါဒများနှင့်ကိုက်ညီပြီး ဆန်းသစ်တီထွင်မှုနှင့် နည်းပညာများကို ဆက်လက်တိုးမြှင့်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဘားအံစက်မှုဇုန်ဒေသဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ရော်ဘာသစ်ပါးလွှာစက်ရုံဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ရော်ဘာသစ်ပါးလွှာစက်ရုံလုပ်ငန်းရှင်က စက်ရုံတည်ဆောက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အဆိုပါစက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**



ဘားအံစက်မှုဇုန်သည် ၉၆၉ ဧက ကျယ်ဝန်းပြီး လည်ပတ်နေသည့် စက်ရုံ ၂၇ ရုံနှင့် တည်ဆောက်ဆဲစက်ရုံ ၁၄ ရုံရှိကာ ပြည်နယ်အစိုးရအဖွဲ့မှ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေး အစရှိသည့် Infrastructure ပိုင်းကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပမ္မတီးရပ်ကွက် ရွှေအိုက်ကွင်းအတွင်း ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၁**

ကချင်ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ပြည်နယ်၏ စားရေရိက္ခာဖူလုံရေးအတွက် တောင်သူများအား အားပေးတိုက်တွန်း၍လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက ပမ္မတီးရပ်ကွက် ရွှေအိုက်ကွင်းအတွင်း ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ကိုင်သူ တောင်သူများထံ လုပ်ငန်းဆောင်ရွက်မှုများကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရ၊ သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်နှင့်အတူ ပမ္မတီးရပ်ကွက် ရွှေအိုက်ကွင်းအတွင်းရှိ ဦးယိန်းယော်၏ ဘက်စုံစိုက်ပျိုး မွေးမြူရေးခြံအတွင်း ဒေသနွားများနှင့် ဒေသဆိတ်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူထားရှိမှုအခြေအနေများ၊ အသားတိုးဝက်များ မွေးမြူထားရှိမှုနှင့် ငါးကန်အတွင်း ငါးများ မွေးမြူထားရှိမှုအခြေအနေများ၊ ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေဖြင့် စိုက်ခင်းများအတွင်း ရေသွင်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများအတွက် မွေးမြူရေး အထောက်အကူပြု ဆေးဝါးများနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များကို ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် လီဆူစာပေနှင့်ရိုးရာယဉ်ကျေးမှုဝင်းအတွင်း ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပြည်နယ်(ပြန်/ဆက်)

# မြစေတီပရိယတ္တိစာသင်တိုက် "ဘောဇနသာလာ ကျောင်းဆောင်" ပန္နက်တော်တင် မင်္ဂလာအခမ်းအနား ကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၁၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မြစေတီ ပရိယတ္တိစာသင်တိုက် "ဘောဇနသာလာကျောင်းဆောင်" ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြစေတီ ပရိယတ္တိစာသင်တိုက် ကျောင်းဆောင်သစ် မြေနေရာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း တက်ရောက်သည်။

ဦးစွာ ဆရာတော်သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူခဲ့ကြပြီး ဘောဇနသာလာကျောင်းဆောင် ဆောက်လုပ်ရန်အတွက် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရရ ဦးလှထွန်း မိသားစုမှ ပထမအကြိမ် အလှူငွေကျပ် သိန်းတစ်ထောင်အား ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် "ဘောဇနသာလာကျောင်းဆောင်" ဆောက်လုပ်မည့် မြေနေရာ၌ ဆရာတော်ကြီးများက ဦးစီးအမှူးပြု၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူ့ရှင်များက မင်္ဂလာအချိန်တွင် ကျောင်းဆောင်သစ်ကို ပန္နက်ရိုက်၍**(အောက်ပုံ)** အမွှေးနံ့သာရည်များ ပက်ဖျန်းကြကာ မြဆရာတော်ကြီး အမှူးပြုသော သံဃာတော် အရှင်သူမြတ်အပေါင်းတို့က "ဇယံတော ဗောဓိယာမူလေ အောင်ဂါထာ" အား သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ "ဘောဇနသာလာကျောင်းဆောင်" ဆွမ်းချက်ဆောင်နှင့် ဆွမ်းစားဆောင်အား အလျား ၅၅ ပေ၊ အနံ ၅၅ ပေ RC နှစ်ထပ် အဆောက်အအုံအဖြစ် အဂ္ဂမဟာသီရိသုဓမ္မမဏိ ဇောတဓရရ ဦးလှထွန်း မိသားစုမှ ကျပ်သိန်း ၃၀၀၀ ကျော် ကုန်ကျခံ မတည်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**



## ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ။

# ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာ ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်းဖွင့်

**ကျောက်ဖြူ ဖေဖော်ဝါရီ ၁၁**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရ နည်းပညာကောလိပ် (ကျောက်ဖြူ)နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်းကာ ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာ ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်နံနက်ပိုင်းက အဆိုပါနည်းပညာကောလိပ်ရှိစုဝေးဆောင်၌ ကျင်းပပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အစိုးရနည်းပညာကောလိပ် (ကျောက်ဖြူ)မှ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။



အခမ်းအနားတွင် ကျောက်ဖြူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းသူက ယခုဖွင့်လှစ်သည့် သင်တန်းသည် ရခိုင်ပြည်နယ်အတွင်းရှိ ကျောက်ဖြူမြို့နယ်၌ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိမည်ဖြစ်ပြီး လိုအပ်သောဆက်စပ်လုပ်ငန်းများတွင် အသုံးဝင်နိုင်မည့် ကာလတိုသက်မွေးပညာသင်တန်းဖြစ်ကြောင်း၊ ပြည်နယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ ကာလတိုသင်တန်း၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်း၊ ကွန်ပျူတာသင်တန်း၊ အခြေခံအုတ်စီ(ပန်းရံ) သင်တန်းများတွင် စုစုပေါင်း ၁၂၈ ဦး တက်ရောက်သင်ယူလျက်ရှိပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၀ ရက်မှ ဧပြီ ၇ ရက်အထိ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်ပို့ချပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**
**(ပြန်/ဆက်)**

ကရင်ပြည်နယ်အတွင်း မီးလောင်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်က ဘားအံမြို့ရှိ ဖိုးလမင်းကုန်တိုက်နှင့် ပန်းမှုံဦးမီနီမက်တို့ကို ပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်မောင်နီ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်း ဆောက်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



# အဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ယှဉ်ပြိုင်မှုများ

သက်ဦး

ဩစတြေးလျနိုင်ငံမှ Think Tank အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Australian Strategic Policy Institute (ASPI) က အဆင့်မြင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာကဆောင်ရွက်နေတဲ့ သုတေသနလုပ်ငန်းတွေကို လေ့လာခဲ့ပြီး မကြာသေးခင်က ထုတ်ပြန်လိုက်တဲ့ စာတမ်းတစ်စောင်ဟာ အံ့ဩထူးဆန်းဖွယ်မဟုတ်သော်လည်း နိုင်ငံတကာက အလေးထားလာရတဲ့ တွေ့ရှိချက်တစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပါတယ်။



၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့သည့် တရုတ်နိုင်ငံ ချန်ဒူးမြို့ရှိ National Super Computing Center သည် ကမ္ဘာ့ထိပ်တန်းစင်တာ ၁၀ ခုတွင် တစ်ခုအဖြစ် ပါဝင်လျက်ရှိသည်။

- ❂ အဆင့်မြင့်နည်းပညာကဏ္ဍသုတေသနလုပ်ငန်းရပ်တွေမှာ တရုတ်နိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ဟာ နောက်တစ်ဆင့်မှာရှိနေကြတဲ့ အိန္ဒိယ၊ ဗြိတိန်၊ တောင်ကိုရီးယား၊ ဂျာမနီ၊ ဩစတြေးလျ၊ အီတလီနဲ့ဂျပန်နိုင်ငံတို့ထက်စာရင် ရှေ့ကို အတော်လေးခရီးရောက်နေ
- ❑ လေ့လာတွေ့ရှိချက်အရ တရုတ်နိုင်ငံက သိပ္ပံအကယ်ဒမီ (Chinese Academy of Sciences)ဟာ အဆင့်မြင့်နည်းပညာကဏ္ဍ ၄၄ ခုအနက် ကဏ္ဍ ၂၇ ခုမှာ ထူးခြားတဲ့စွမ်းဆောင်ရည်မြင့်မားတဲ့ အဖွဲ့အစည်းအဖြစ် ဖော်ပြခံခဲ့ရ
- ❍ ရေရှည်ကာလမှာဆိုရင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အပြောင်းအလဲသက်သက်မကဘဲ ကမ္ဘာလုံးဆိုင်ရာအင်အားနဲ့ လွှမ်းမိုးနိုင်စွမ်းတွေမှာပါ အပြောင်းအလဲတွေဖြစ်လာနိုင်တယ်လို့ ဖော်ပြထား

အဲဒီစာတမ်းမှာဖော်ပြခဲ့တဲ့ တွေ့ရှိချက်က အဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာက ဆောင်ရွက်နေရာမှာ နောက်ဆုံးပေါ် အဆင့်မြင့်နည်းပညာ ကဏ္ဍ ၄၄ ခုအနက် ၃၇ ခုမှာ တရုတ်နိုင်ငံက ရှေ့တန်းကနေ ဦးဆောင်နေတယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ ASPI ရဲ့ သုံးသပ်ဖော်ပြချက်မှာ တရုတ်နိုင်ငံဟာ အနာဂတ်ကာလမှာ သိပ္ပံနဲ့နည်းပညာကဏ္ဍမှာ မဟာအင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ဦးဆောင်ရပ်တည်သွားနိုင်ဖို့ လိုအပ်တဲ့အခြေခံတွေကို ချမှတ်တည်ဆောက်နေကြောင်း၊ အထူးသဖြင့် အရေးပါတဲ့နည်းပညာနဲ့ နောက်ဆုံးပေါ် နည်းပညာကဏ္ဍအတော်များများမှာ စွမ်းဆောင်ရည်မြင့်မားတဲ့ ရလဒ်တွေရရှိစေမယ့် သုတေသနလုပ်ငန်းတွေကို မထင်မှတ်ဖွယ်ရာ ဦးဆောင်နေကြောင်း ဖော်ပြခဲ့ပါတယ်။

### နောက်ဆုံးပေါ် နည်းပညာကဏ္ဍ

ASPI က ဖော်ပြခဲ့တဲ့ နောက်ဆုံးပေါ် နည်းပညာကဏ္ဍတွေက ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်နည်းပညာကဏ္ဍ၊ အာကာသနည်းပညာကဏ္ဍ၊ စက်ရုပ်နည်းပညာကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ ဇီဝနည်းပညာကဏ္ဍ၊ ဉာဏ်ရည်တုနည်းပညာကဏ္ဍ (Artificial Intelligence–AI)၊ အဆင့်မြင့်ဒြပ်ပစ္စည်း (Advanced materials) နည်းပညာကဏ္ဍနဲ့ ကွမ်တမ်နည်းပညာကဏ္ဍတို့ပဲ ဖြစ်ပါတယ်။

ASPI ဟာ အခုထုတ်ပြန်တဲ့ စာတမ်းအတွက် ၂၀၁၈ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်အထိ တစ်ကမ္ဘာလုံးက ပြုလုပ်ခဲ့တဲ့ အဆင့်မြင့်နည်းပညာဆိုင်ရာ သုတေသနစာတမ်းတွေအနက်မှ အများဆုံးရည်ညွှန်းကိုးကားခံခဲ့ရတဲ့ သုတေသနစာတမ်း ၁၀ ရာခိုင်နှုန်းကို စုဆောင်းခွဲခြမ်း စိတ်ဖြာလေ့လာခဲ့တာ ဖြစ်ပါတယ်။ ပညာရပ်ဆိုင်ရာလေ့လာမှုတွေရဲ့ အကျိုးရလဒ်ကို ခွဲခြမ်းစိတ်ဖြာရာမှာ အသုံးပြုတဲ့ H-index လို့ခေါ်တဲ့ စွမ်းဆောင်ရည်စစ်တမ်းကိုလည်း အသုံးပြုခဲ့သလို နိုင်ငံတစ်နိုင်ငံချင်းအလိုက် တကယ့်ထိပ်တန်းသုတေသနအဖွဲ့အစည်းတွေရဲ့ အရေအတွက် စတဲ့အချက်တွေကိုပါ ထည့်သွင်းစဉ်းစားခဲ့တာဖြစ်ပါတယ်။

ASPI ရဲ့ သုတေသနစစ်တမ်းအရဆိုရင် တရုတ်နိုင်ငံဟာ သူနဲ့အနီးစပ်ဆုံးယှဉ်ပြိုင်နိုင်တဲ့ နိုင်ငံထက်တောင် အကျိုးရလဒ် အများအပြားရရှိနိုင်တဲ့ သုတေသနပြုလုပ်မှုတွေကို ငါးဆ ပိုမိုများပြားစွာ ပြုလုပ်နိုင်ကြောင်း တွေ့ရှိခဲ့ရပါတယ်။ တရုတ်နိုင်ငံက ဦးဆောင်ကဏ္ဍမှာရှိနေတဲ့ နောက်ဆုံးပေါ် အဆင့်မြင့်နည်းပညာကဏ္ဍ ၃၇ ခုအနက် ကဏ္ဍရှစ်ခုဖြစ်တဲ့ အနုစိတ်သေးငယ်တဲ့ ဒြပ်ပစ္စည်းနည်းပညာကဏ္ဍ (Nanomaterials) မှာ ထုတ်လုပ်ရေးနဲ့ပါးလွှာတဲ့ အပေါ်ယံအကာအကွယ်မျက်နှာပြင်တည်ဆောက်ခြင်း၊ 5G နဲ့ 6G အပါအဝင် အဆင့်မြင့်ရေဒီယိုကြိမ်နှုန်း ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဟိုက်ဒရိုဂျင်နဲ့အမိုးနီးယားက စွမ်းအင်ထုတ်လုပ်မှုနည်းပညာကဏ္ဍ၊ အင်အားကြီးမားတဲ့ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေး နည်းပညာကဏ္ဍ၊ လျှပ်စစ်ဘက်ထရီများ ထုတ်လုပ်ရေးကဏ္ဍ၊ အဆင့်မြင့်ဇီဝနည်းပညာကဏ္ဍနဲ့ အပူအာရုံခံ အဆင့်မြင့်နည်းပညာထုတ်လုပ်မှု ကဏ္ဍတွေမှာ တရုတ်နိုင်ငံဟာ နိုင်ငံတကာဈေးကွက်ကို လက်ဝါးကြီးအုပ် ထုတ်လုပ်ရောင်းချနိုင်တဲ့ အနေအထားနီးပါးအထိ ရောက်ရှိနေကြောင်း ဖော်ပြထားပါတယ်။

ASPI ရဲ့ ဖော်ပြချက်အရ အမေရိကန်နိုင်ငံဟာ နည်းပညာကဏ္ဍအများအပြားမှာ သုတေသနနဲ့ပတ်သက်ရင် ဒုတိယအဆင့်အမြင့်မားဆုံး အနေအထားမှာရှိပြီး တရုတ်နိုင်ငံက ဦးဆောင်အနေအထားမှာ မရှိတဲ့ကဏ္ဍတိုင်းမှာ အမေရိကန်က ဦးဆောင်နေတဲ့ အခြေအနေမှာရှိတယ်လို့ ဖော်ပြထားပါတယ်။ ဒီကဏ္ဍတွေကတော့ စွမ်းဆောင်ရည်မြင့်မားသည့် နည်းပညာသုံး တွက်ချက်ခြင်း (High performance computing)၊ အီလက်ထရောနစ် အင်ဂျင်နီယာဘာသာရပ်အတွက် ပေါင်းစည်းလျှပ်စီးပတ်လမ်း ဒီဇိုင်းရေးဆွဲခြင်း၊ ဘာသာစကားနှင့် အဆင့်မြင့်နည်းပညာ ပေါင်းစည်းဆောင်ရွက်ခြင်းကဏ္ဍ၊ ကွမ်တမ်တွက်ချက်မှု နည်းပညာကဏ္ဍ၊ ကာကွယ်ဆေးနဲ့ ဆေးပညာကဏ္ဍ၊ အသေးစား ဂြိုဟ်တုများထုတ်လုပ်ခြင်းနဲ့ အာကာသယာဉ် လွှတ်တင်ခြင်း နည်းပညာကဏ္ဍတွေ ဖြစ်ပါတယ်။

အဆင့်မြင့်နည်းပညာကဏ္ဍ သုတေသနလုပ်ငန်းရပ်တွေမှာ တရုတ်နိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ဟာ နောက်တစ်ဆင့်မှာရှိနေကြတဲ့ အိန္ဒိယ၊ ဗြိတိန်၊ တောင်ကိုရီးယား၊ ဂျာမနီ၊ ဩစတြေးလျ၊ အီတလီနဲ့ ဂျပန်နိုင်ငံတို့ထက်စာရင် ရှေ့ကိုအတော်လေး ခရီးရောက်နေကြတဲ့နိုင်ငံတွေ ဖြစ်ပါတယ်။ ASPI ရဲ့ သုတေသနစစ်တမ်းမှာ တက္ကသိုလ်တွေ၊ အဆင့်မြင့်ပညာရေး သုတေသနအဖွဲ့အစည်းတွေကိုလည်း ထည့်သွင်းလေ့လာဆန်းစစ်ခဲ့ပါတယ်။ လေ့လာတွေ့ရှိချက်အရ တရုတ်နိုင်ငံက သိပ္ပံအကယ်ဒမီ (Chinese Academy of Sciences) ဟာ အဆင့်မြင့်နည်းပညာကဏ္ဍ ၄၄ ခုအနက် ကဏ္ဍ ၂၇ ခုမှာ ထူးခြားတဲ့ စွမ်းဆောင်ရည်မြင့်မားတဲ့ အဖွဲ့အစည်းအဖြစ် ဖော်ပြခံခဲ့ရပါတယ်။ ကွမ်တမ်နည်းပညာနဲ့ ပတ်သက်ရင် ကဏ္ဍအတော်များများမှာ နယ်သာလန်နိုင်ငံက Delft University of Technology က နာမည်ကောင်းရရှိနေပါတယ်။ ဉာဏ်ရည်တုနည်းပညာနဲ့ ပတ်သက်လာရင်တော့ အမေရိကန်နည်းပညာကုမ္ပဏီတွေ ဖြစ်ကြတဲ့ Google၊ Microsoft၊ Facebook၊ Hewlett Packard နဲ့ IBM ကုမ္ပဏီတွေက အောင်မြင်မှုရရှိနေပါတယ်။

### ရေရှည်စီမံကိန်း အကျိုးရလဒ်

အကျိုးရလဒ်အများအပြားရရှိနိုင်တဲ့ သုတေသနပြုလုပ်မှုတွေ ဆောင်ရွက်နိုင်ခြင်းကြောင့် အဲဒီကဏ္ဍတွေမှာ ထုတ်လုပ်မှုလုပ်ငန်းတွေကိုလည်း ဆောင်ရွက်နိုင်မလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးလည်း ASPI ဟာ ထည့်သွင်းစဉ်းစားခဲ့ပါတယ်။ သူ့ရဲ့ စစ်တမ်းထဲမှာတော့ သုတေသနလုပ်ငန်းတွေမှာ ထူးချွန်တဲ့ ရလဒ်တွေရရှိမှုဟာ လက်တွေ့ထုတ်လုပ်မှုတွေ ထုတ်လုပ်နိုင်တာနဲ့ ကွာခြားမှုတွေရှိတယ်လို့လည်း ဖော်ပြခဲ့ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ အခုလို အဆင့်မြင့်နည်းပညာကဏ္ဍ သုတေသနလုပ်ငန်းတွေမှာ ဦးဆောင်နေရတဲ့ အကြောင်းကတော့ လက်ရှိသမ္မတ ရှီကျင့်ဖျင်နဲ့ သူမတိုင်မီက ခေါင်းဆောင်အဆက်ဆက်ဟာ ရည်မှန်းချက်ရှိရှိ ရေရှည်စီမံကိန်းချပြီး ဆောင်ရွက်ခဲ့မှုတွေရဲ့ အကျိုးရလဒ်ကြောင့် ဖြစ်တယ်လို့ ASPI ရဲ့ သုတေသနစစ်တမ်းမှာ ဖော်ပြထားပါတယ်။

ASPI ဟာ သူ့ရဲ့ အစီရင်ခံစာထဲမှာ ဆက်လက်ဖော်ပြရာမှာ အခုလိုနိုင်ငံ တစ်နိုင်ငံ သို့မဟုတ် နှစ်နိုင်ငံက စက်မှုနည်းပညာကဏ္ဍသစ်တွေမှာ ရှေ့တန်းရောက်ပြီး ဦးဆောင်နေခြင်းဟာ ကုန်စည်ထုတ်လုပ်ပို့ဆောင်မှု တည်တည်တံ့တံ့ဖြစ်နေစေဖို့ ရည်ရွယ်ချက်နဲ့မဟုတ်ရင် ရေတိုကာလအတွက်ကတော့ ပုံမှန်မဟုတ်ဘူးလို့ ဖော်ပြထားပါတယ်။ ဒါ့အပြင် ရေရှည်ကာလမှာဆိုရင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အပြောင်းအလဲသက်သက်မကဘဲ ကမ္ဘာလုံးဆိုင်ရာအင်အားနဲ့ လွှမ်းမိုးနိုင်စွမ်းတွေမှာပါ အပြောင်းအလဲတွေ ဖြစ်လာနိုင်တယ်လို့ဖော်ပြထားပါတယ်။

### ရှေ့တန်းက ဦးဆောင်လာနိုင်

ASPI က ရေးသားထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံမှာထုတ်ဝေတဲ့ China Daily သတင်းစာမှာ ဆောင်းပါးရှင် Zhang Xi က အခုလို ပြန်လည်ရေးသားခဲ့ပါတယ်။ Zhang Xi က နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှာ တရုတ်နိုင်ငံက သိသာထင်ရှားစွာ ရှေ့တန်းက ဦးဆောင်လာနိုင်တဲ့အနေအထားမျိုးအထိ ရောက်ရှိလာတာဟာ ချီးကျူးဂုဏ်ယူဖွယ်ရာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တရုတ်နိုင်ငံဟာ နောက်ဆုံးပေါ်ထွက်လာတဲ့ နည်းပညာကဏ္ဍတွေမှာ အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်လာစေဖို့နဲ့ တီထွင်ဖန်တီးမှုကို အသားပေးတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိလာစေဖို့ ကြိုးပမ်းဆောင်ရွက်နေလို့ ဖြစ်ပါတယ်။ သို့သော်လည်း ASPI က ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာဟာ တရုတ်နိုင်ငံရဲ့ နည်းပညာကဏ္ဍအောင်မြင်မှုတွေကို ချီးကျူးဖို့

*စာမျက်နှာ ၁၇ သို့*



တရုတ်နိုင်ငံ၏ သံလိုက်စွမ်းအားဖြင့် မောင်းနှင်သည့် မြန်နှုန်းမြင့်ရထားသည် တစ်နာရီလျှင် ၂၆၈ မိုင်အထိ မောင်းနှင်နိုင်သည်။

# ပဲခူးမြို့၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့် MSMEs ထုတ်ကုန် အမျိုး ၅၀၀ ကျော် အရောင်းပြပွဲကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၁**

ပဲခူးမြို့ ရွှေမော်ဓောဘုရား အနောက်ဘက်မုခ် ယာဉ်ရပ်နားဝင်းအတွင်း၌ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အကြို သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့် MSMEs ဒေသထုတ်ကုန် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် မြို့မိမြို့ဖ ဦးဝင်းတို့က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့် MSMEs ဒေသထုတ်ကုန် ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာတီးဝိုင်းနှင့် ပန်းပွားအကအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်၊ နတ်တလင်းခရိုင်နှင့် သာယာဝတီခရိုင်အပါအဝင် စုစုပေါင်း ခရိုင်ခြောက်ခုတို့မှ ဒေသထွက် သစ်သီးဝလံပန်းမန်ပြိုင်ပွဲဝင် သစ်သီးဝလံပန်းမန်များ ခင်းကျင်းပြသထားရှိမှု၊ ဌာနဆိုင်ရာ အသိပညာပေးပြခန်းနှင့် ဒေသထွက်ကုန် အရောင်းပြခန်း စုစုပေါင်း ၄၅ ခန်းတို့အား လှည့်လည်ကြည့်ရှုအားပေးကာ ဒေသထွက်ကုန်များကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေး၊ FDA ထောက်ခံချက်ရရှိနိုင်ရေးနှင့် ပြည်တွင်း/ပြည်ပ ဈေးကွက်ခိုင်မာမှုရှိစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။



အဆိုပါပြခန်းများတွင် ဒေသထွက် ဝါး၊ သစ်သားလက်မှုပစ္စည်းများ၊ သံထည်ပစ္စည်းများ၊ တန်ဖိုးမြှင့် စားသောက်ကုန်များနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး တောင်သူလယ်သမားများအတွက် တန်ဖိုးသင့် လက်ဆွဲကောက်စိုက်စက်များ၊ ဘက်စုံသုံး စိုက်ပျိုးရေးကိရိယာ စုစုပေါင်း ဒေသထွက်ကုန် အမျိုးပေါင်း ၅၀၀ ကျော် ထည့်သွင်းပြသထားရာ လာရောက်လေ့လာသူများ၊ ဈေးဝယ်သူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကိုရီးယားနိုင်ငံရှိ တက္ကသိုလ်တစ်ခုမှ ဖွင့်လှစ်ပို့ချမည့်အခြေခံကျောက်မျက်ပညာ အခမဲ့သင်တန်းအတွက် မြန်မာသင်တန်းသားများ ခေါ်ယူရန်ရှိနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ ကိုရီးယားသိပ္ပံနှင့်နည်းပညာတက္ကသိုလ် (Korea Polytechnic University) ၌ ကိုရီးယားနိုင်ငံသား/ နိုင်ငံသူနှင့် ထိမ်းမြားလက်ထပ်ထားသည့် မြန်မာနိုင်ငံသား/ နိုင်ငံသူများအတွက် အခြေခံကျောက်မျက်ပညာ သင်တန်းကို အခမဲ့ဖွင့်လှစ်ပို့ချပေးမည်ဖြစ်၍ စိတ်ဝင်စားသူများ လျှောက်ထားနိုင်ကြောင်း ယင်းတက္ကသိုလ်မှ ညှိနှိုင်းအကြောင်းကြားလာခဲ့သည်ဟု ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးထားသည်။

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်ကို မတ်လကုန် (သို့မဟုတ်) ဧပြီလဆန်းဟု ယာယီသတ်မှတ်ထားပြီး သင်တန်းသားဦးရေ အနည်းဆုံး ၂၀ ပြည့်မှသာ သင်တန်းဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းသား အသက်မှာ ၁၈ နှစ်မှ ၃၄ နှစ်အတွင်း ဖြစ်ရမည်ဟု သိရသည်။ သင်တန်းကာလမှာ ခြောက်လဖြစ်ပြီး သင်တန်းချိန်ကို တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သတ်မှတ်ထားကာ ကိုရီးယားဘာသာစကားဖြင့် အခမဲ့ပို့ချမည်ဖြစ်ကြောင်း သိရသည်။

ကိုရီးယားဘာသာစကား အခြေခံတတ်ကျွမ်းကာ ကိုရီးယားနိုင်ငံသား/ နိုင်ငံသူနှင့် ထိမ်းမြားလက်ထပ်ထားသော မြန်မာနိုင်ငံသား နိုင်ငံသူများအနေဖြင့် စိတ်ပါဝင်စားလျှင် သံရုံး၏ အီးမေးလ် scholarin-seoul@gmail.com သို့ ကိုရီးယားနိုင်ငံမှ ထုတ်ပေးထားသည့် Residence Card ရှေ့နောက် မိတ္တူတွဲကာ ဖေဖော်ဝါရီ ၁၉ ရက် နောက်ဆုံးထား၍ စာရင်းပေးပို့လျှောက်ထားနိုင်ကြောင်းလည်း သံရုံးက အသိပေးထားသည်။

**MT**

## မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ITPEC စာမေးပွဲများကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းက ကြီးမှူးကျင်းပလျက်ရှိသည့် Information Technology Professionals Examination Council (ITPEC) အသိအမှတ်ပြုစာမေးပွဲများကို ဧပြီ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ITPEC စာမေးပွဲများအနက် Information Technology Passport Examination(IT Passport) စာမေးပွဲသည် IT ဆိုင်ရာ အခြေခံဗဟုသုတရှိပြီး IT နှင့် သက်ဆိုင်သောလုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသူများအတွက်လည်းကောင်း၊ Fundamental Information Technology Engineer Examination (FE) စာမေးပွဲသည် IT ဆိုင်ရာ ဗဟုသုတအခြေခံကျွမ်းကျင်မှုရှိပြီးသူများ၊ Programmer များ၊ Program Design ရေးဆွဲသူများနှင့် Software Development လုပ်ငန်းများတွင် လုပ်ကိုင်နေသူများအတွက် လည်းကောင်း အလုပ်အကိုင်အခွင့်အလမ်းအတွက် ကျွမ်းကျင်မှုအသိအမှတ်ပြု အောင်လက်မှတ်ရရှိစေမည့် စာမေးပွဲများဖြစ်သည်။

အဆိုပါစာမေးပွဲများကို ကွန်ပျူတာနှင့်နည်းပညာ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် IT စိတ်ပါဝင်စားသူမည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်မည်ဖြစ်ပြီး ဖြေဆိုလိုသူများသည် မတ် ၂၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ကာ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း-၀၁-၆၅၂၂၇၆ နှင့် ၀၉-၅၀၆၇၁၆၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

## သံတွဲခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးကုသပေး

**သံတွဲ ဖေဖော်ဝါရီ ၁၁**

ကျန်းမာရေးဝန်ကြီးဌာနသည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ကထိက ဒေါက်တာမိုးစံ ဦးဆောင်သည့်အဖွဲ့သည် သံတွဲခရိုင်ပြည်သူ့ဆေးရုံ၌ ဖေဖော်ဝါရီ ၁ ရက်မှ ၁၀ ရက်အထိ သံတွဲခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ကုသရာတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၁၀ ရက်အထိ သံတွဲခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင် ပြင်ပလူနာ ၆၀၉ ဦး၊ ခွဲစိတ်လူနာ ၁၀၉ ဦးတို့အား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သံတွဲခရိုင်ဆရာဝန်ကြီး ဒေါက်တာရဲဝင်းထွန်းထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

အသားပေးဖော်ပြလိုတာမဟုတ်ဘဲ တရုတ်နိုင်ငံရဲ့ အင်အားကြီးမားလာမှုဟာ ခြိမ်းခြောက်မှုဖြစ်လာနိုင်ပြီး ဒါကိုတန်ပြန်နိုင်ဖို့ အနောက်နိုင်ငံတွေအနေနဲ့ လက်တွဲပူးပေါင်းလုပ်ဆောင်သွားကြဖို့တိုက်တွန်းချင်တာသာ ဖြစ်တယ်လို့ ဖော်ပြခဲ့ပါတယ်။

**တီထွင်ဖန်တီးမှုကို အသားပေးတဲ့ စီးပွားရေး**

တရုတ်နိုင်ငံအနေနဲ့ နိုင်ငံရဲ့ စီးပွားရေးကို ကာလတိုနဲ့ ကာလလယ်အချိန်အတွင်းမှာ တီထွင်ဖန်တီးမှုကို အသားပေးတဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရရှိလာစေဖို့ သိပ္ပံနဲ့နည်းပညာဖွံ့ဖြိုးတိုးတက်မှု ရရှိရေးကို နိုင်ငံရဲ့ ငါးနှစ်စီမံကိန်းတွေမှာ ထည့်သွင်းဖော်ပြလာခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်ကနေ ၂၀၂၅ ခုနှစ်အထိ (၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်းမှာဆိုရင် သုတေသနနဲ့ဖွံ့ဖြိုးတိုးတက်ရေး (Research and Development) အတွက် အသုံးစရိတ်ကို နှစ်စဉ် နိုင်ငံ့ဂျီဒီပီရဲ့ အနည်းဆုံး ခုနစ်ရာခိုင်နှုန်းသုံးစွဲဖို့ ဖော်ပြထားပါတယ်။

ဒီ ငါးနှစ်စီမံကိန်းမှာ တရုတ်နိုင်ငံဟာ ကွမ်တမ်သတင်း အချက်အလက်နည်းပညာကဏ္ဍ၊ ဖိုတွန်နဲ့ မိုက်ခရိုနာနိုအီလက်ထရောနစ်ကဏ္ဍ၊ ကွန်ရက်ဆက်သွယ်မှုနည်းပညာကဏ္ဍ၊ ဉာဏ်ရည်တုနည်းပညာကဏ္ဍ (Artificial Intelligence)၊ ဇီဝဆေးဝါးကဏ္ဍနဲ့ စွမ်းအင်သစ်နည်းပညာကဏ္ဍတွေမှာ နိုင်ငံတော်အဆင့် သုတေသနစမ်းသပ်ခန်းတွေ တည်ထောင်သွားဖို့လည်း ဖော်ပြထားပါတယ်။ ဒါ့အပြင် စက်ရုပ်နည်းပညာကဏ္ဍ (Robotics)၊ စွမ်းအင်သစ်သုံးစွဲတဲ့ မော်တော်ယာဉ်တွေထုတ်လုပ်မှုကဏ္ဍ၊ အာကာသနည်းပညာကဏ္ဍနဲ့ လယ်ယာသုံး စက်မှုကဏ္ဍတွေမှာလည်း ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်း (Global Competitiveness) ကို တိုးမြှင့်သွားကြဖို့လည်း ဖော်ပြထားပါတယ်။ တစ်နည်းအားဖြင့် တရုတ်နိုင်ငံကို အဆင့်မြင့်နည်းပညာကုန်ပစ္စည်းထုတ်လုပ်မှုမှာ အင်အားကြီးနိုင်ငံတစ်နိုင်ငံ ဖြစ်လာစေဖို့ မျှော်မှန်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။



**တရုတ်နိုင်ငံ၏ အာကာသစခန်းအတွက် ဂြိုဟ်တုတစ်စင်းကို ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း ဟိုင်နန်ကျွန်း Wenchang ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ လွှတ်တင်ခဲ့စဉ်။**

**ဘယ်လိုအပြောင်းအလဲတွေ ရှိလာနိုင်မလဲ**

ဒါကြောင့် ASPI က သုတေသနပြု ရေးသားထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာအရဆိုရင် တရုတ်နိုင်ငံဟာ အသစ်ထွက်ပေါ်လာတဲ့ နည်းပညာကဏ္ဍတွေမှာ ဦးဆောင်ကဏ္ဍမှာရှိနေသလို တရုတ်အစိုးရကိုယ်တိုင်ကလည်း နည်းပညာသစ်တွေကို မိမိကိုယ်ကိုအားကိုးပြီး အောင်မြင်မှုတွေ ရရှိလာစေဖို့ ရေရှည်စနစ်တကျ ဆောင်ရွက်လာမှုတွေကြောင့် မကြာတော့တဲ့ကာလတွေမှာ အဆင့်မြင့်နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးယှဉ်ပြိုင်မှုတွေမှာ ဘယ်လိုအပြောင်းအလဲတွေ ရှိလာနိုင်မလဲဆိုတာ စောင့်ကြည့်သွားဖို့ရှိပါကြောင်း ဖော်ပြလိုက်ရပါတယ်။

**ရည်ညွှန်း**


- **China leads the world in research, could win the future, says think tank (The Australian Strategic Policy Institute–ASPI) 3 March 2023**
- **China's plan to become a world–leading technology force by Yutao Sun (East Asia Forum) 8 May 2021**
- **Australian think tank biased on China's technology progress by Zhang Xi (China Daily) 3 March 2023**


ကမ္ဘာ့ရှားပါးရေညှောင့်နှုတ်သီးဝိုင်းငှက်

# ကမ္ဘာ့ရှားပါးဆောင်းခိုငှက်များနှင့် ပင်လယ်လိပ်များ ကျက်စားရာ ရခိုင်ကမ်းရိုးတန်းဒေသ အဏ္ဏဝါအမျိုးသားဥယျာဉ်

## ကျွန်းသားငမန်း

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့် ရသေ့တောင်မြို့နယ်အတွင်းတည်ရှိပြီး စစ်တွေမြို့၏ အနောက်ဘက်ကပ်လျက် စီးဆင်းနေသော မေယုမြစ်ဝနှင့်နံ့သာကျွန်း ကုန်းမြေဧရိယာ ၃၁၅၀ ဒသမ ၅၈ ဧကနှင့် ရေပြင်ဧရိယာ ၁၉၈၄၈ ဒသမ ၄၂ဧကရှိရာ စုစုပေါင်း ကုန်းရေဧရိယာ ၂၂၉၉၉ ဧကသည် ကမ္ဘာ့ရှားပါးဆောင်းခိုငှက်များနှင့် ရှားပါးပင်လယ် လိပ်မျိုးစိတ်များ ကျင်လည်ကျက်စားရာ နေရာတစ်ခုဖြစ်သည်။

### ဒုတိယမြောက် အဏ္ဏဝါအမျိုးသားဥယျာဉ်

အဆိုပါ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်မှု လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က နံ့သာကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်အဖြစ် အတည်ပြု သတ်မှတ်ခဲ့ရာ မြန်မာနိုင်ငံ၏ ဒုတိယမြောက် အဏ္ဏဝါအမျိုးသားဥယျာဉ်တစ်ခု ဖြစ်လာခဲ့သည်။ နံ့သာကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ် ဧရိယာအတွင်းသို့ ဆောင်းခိုငှက်များနှစ်စဉ် လာရောက်လေ့ရှိကြရာ ၂၀၂၂ ခုနှစ်တွင် ကောင်ရေ နှစ်သိန်းခန့်အထိ လာရောက်ကျက်စားခဲ့သည်ကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်းနှင့် ငှက်မျိုးစိတ်အနေဖြင့်မျိုးစိတ် ၅၀ အထိ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ရခိုင်ဇီဝမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (Rakhine Biodiversity And Nature Conservation Association–RBNCA) ထံမှသိရသည်။ ထို့ပြင် မျိုးသုဉ်းရန်အန္တရာယ်ရှိသော ပင်လယ်လိပ်ကြီးများဖြစ်သည့် ပြင်သာလိပ်၊ လိပ်စောင်းလျား၊ လိပ်ခွေး၊လိပ်ကြက်တူရွေး၊ လိပ်လှောင်း စသည့်မျိုးစိတ်များလည်း တက်ရောက်ဥချ ကျက်စားလေ့ရှိသောနေရာလည်း ဖြစ်သည်။ နံ့သာကျွန်းနှင့် မေယုမြစ်ဝသည် အရှေ့အာရှ-ဩစတြေးလျငှက်ပျံသန်းရာလမ်းကြောင်း (EAAFP) နယ်မြေတစ်ခုဖြစ်ပြီး ဆောင်းခိုငှက်များ လာရောက်ရာ လမ်းကြောင်းပေါ်တွင်ရှိသည့် နေရာတစ်ခုလည်းဖြစ်သည်။

### ကမ္ဘာ့အဆင့် အရေးပါ

ရခိုင်ကမ်းရိုးတန်းတွင် တည်ရှိနေသောအဏ္ဏဝါအမျိုးသားဥယျာဉ်နယ်မြေအတွင်းပါဝင်နေသော ကုန်းမြေဧရိယာ ၃၁၅၀ ဒသမ ၅၈ ဧကရှိ နံ့သာကျွန်းအား ကမ္ဘာ့အဆင့်အရေးပါသည့် “ရမ်ဆာ” ရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေ (Ramsar Site) အဖြစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သစ်တောဦးစီးဌာနနှင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း(BANCA) တို့ ပူးပေါင်းအဆိုပြုခဲ့ရာ ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲနေ့ (International Day for Biological Diversity) ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် မေ ၂၂ ရက်က ရမ်ဆာရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေအဖြစ် ရမ်ဆာကွန်ဗင်းရှင်းအတွင်းရေးမှူးရုံးက သတ်မှတ်ခဲ့သည်။



**အပြည်ပြည်ဆိုင်ရာသဘာဝထိန်းသိမ်းရေးအဖွဲ့(IUCN)၏ အနီရောင်စာရင်းဝင်ဖြစ်သော မျိုးသုဉ်းလုနီးအန္တရာယ်ရှိနေသော မျိုးစိတ်ရေညှောင့်နှုတ်သီးဝိုင်း၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်နော်မန်ခြေစိမ်းငှက်၊ နှော့ငှက်၊ မျိုးသုဉ်းရန် ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသော အမြီးနက်ဂေါ့ဒွစ်ငှက်များကို နံ့သာကျွန်း၊ မေယုမြစ်ဝနှင့် မုတ္တမပင်လယ်ကွေ့၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင်သာ တွေ့ရှိရ**

ရခိုင်ပြည်နယ် စစ်တွေကမ်းရိုးတန်းတွင်ရှိနေပြီး ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ထားသော နံ့သာကျွန်းနှင့် မေယုဖြစ်ဝသည် အကျယ်အဝန်းအားဖြင့် သေးငယ်သော်လည်း ငါး၊ ပုစွန်၊ ခရု၊ ကဏန်းစသည့် ရေနေသတ္တဝါများ ကျက်စားပေါက်ပွားရာ ရွှံ့နွံတော၊ လတာပြင်များရှိနေပြီး ဇီဝမျိုးစုံ၊ မျိုးကွဲတို့ လာရောက်ကျက်စားရာ နေရာတစ်ခုဖြစ်သည်။ ဆောင်းခိုငှက်မျိုးစိတ်များသည် မြန်မာနိုင်ငံရှိ ရေဝပ်ဒေသများသို့ နှစ်စဉ် အောက်တိုဘာလမှ ဧပြီလအထိ လာရောက်ကျက်စားတတ်ကြသည်။ အဆိုပါငှက်မျိုးစိတ်များအနက် အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့(IUCN)၏ အနီရောင်စာရင်းဝင်ဖြစ်သော မျိုးသုဉ်းလုနီးအန္တရာယ်ရှိနေသော မျိုးစိတ်ရေညှောင့်နှုတ်သီးဝိုင်း၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်နော်မန်ခြေစိမ်းငှက်၊ နှော့ငှက်၊ မျိုးသုဉ်းရန် ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသော အမြီးနက်ဂေါ့ဒွစ်ငှက်များကို နံ့သာကျွန်း၊ မေယုမြစ်ဝနှင့် မုတ္တမပင်လယ်ကွေ့၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင်သာ တွေ့ရှိရသည်ဟု သိရသည်။ မေယုမြစ်ဝ၊ နံ့သာကျွန်းမှာ ကမ္ဘာပေါ်တွင် ကောင်ရေ ၄၀၀ ခန့်သာကျန်ရှိတော့သည့် ရေညှောင့်နှုတ်ဝိုင်းငှက် ၂၃ ကောင်မှ ၃၆ ကောင်ခန့်အထိ နှစ်စဉ်လာရောက် ဆောင်းခိုကျက်စားလေ့ရှိသည်။


### စံငါးချက်နှင့်ညီ

နံ့သာကျွန်းနှင့် မေယုမြစ်ဝအား ရမ်ဆာကွန်ဗင်းရှင်း၏ စံသတ်မှတ်ချက်ကိုးခုအနက် ရွှံ့နွံလတာပြင်များဖြင့် ထူးခြားကောင်းမွန်သည့် သဘာဝရေဝပ်ဒေသအမျိုးအစားဖြစ်ခြင်း၊ ရေညှောင့်နှုတ်ဝိုင်းငှက်များ နှစ်စဉ်လာရောက်ကျက်စားလျက်ရှိပြီး အခြားရှားပါးမျိုးစိတ်များဖြစ်သော နှော့၊နှုတ်သီးရှည်မြီးမည်း၊ နှုတ်တိုရှည်ငှက်၊ ငှက်စိမ်းပြောက်နှင့် တောငန်းခေါင်းကြားစသည့် ရွှေ့ပြောင်းငှက်များလည်း လာရောက်ဆောင်းခိုသည့် နေရာဖြစ်သည့်အပြင် ကမ္ဘာ့ရှားပါး ပင်လယ်လိပ်မျိုးစိတ်များ တက်ရောက် ဥချကျက်စားသည့်နေရာဖြစ်ခြင်း၊ မျိုးသုဉ်းရန် ခြိမ်းခြောက်ခံနေရသည့် မျိုးစိတ်များ၏ ဇီဝစက်ဝန်းအရ အရေးပါသည့်နေရာဖြစ်ခြင်း၊ ရှားပါးငှက်များ ကမ္ဘာ့စုစုပေါင်းကောင်ရေ၏ တစ်ရာခိုင်နှုန်းကျော် လာရောက်ကျက်စားသည့် နေရာဖြစ်ခြင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေရောက်သစ်တောများသည် ငါး၊ ပုစွန်၊ ကဏန်းတို့ သားပေါက်ရှင်သန် ကျက်စားရာနေရာဖြစ်ခြင်းစသည့် စံငါးချက်တို့ကြောင့် ရမ်ဆာရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခံရခြင်းဖြစ်သည်။

### ဆဋ္ဌမမြောက် ရမ်ဆာဒေသ

မြန်မာနိုင်ငံတွင် မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော(၂၀၀၄)၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော(၂၀၁၆)၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော(၂၀၁၇) အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၂၀၁၈)၊ မုတ္တမပင်လယ်ကွေ့ဒေသ (၂၀၂၀)နှင့် နံ့သာကျွန်းနှင့် မေယုမြစ်ဝသည် ၂၀၂၀ ပြည့်နှစ်တွင် ဆဋ္ဌမမြောက် ရမ်ဆာဒေသအဖြစ် ပါဝင်လာခဲ့ရာ မြန်မာနိုင်ငံတွင် နိုင်ငံတကာအသိအမှတ်ပြု ရေဝပ်ဒေသ(ရမ်ဆာ) ဧရိယာစုစုပေါင်း ၂၇၈၆၉၇ ဟက်တာကျော်ကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

လူသားများ၏ လိုအပ်ချက်များကို ဖြေရှင်းရာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှုအပေါ်တွင် မူတည်လျက်ရှိသဖြင့် သဘာဝသယံဇာတ အရင်းအမြစ်များကို သဘာဝပတ်ဝန်းကျင်နှင့် ဟန်ချက်ညီထိန်းသိမ်းကာကွယ်ရန်၊ စီမံအုပ်ချုပ်ရန်နှင့် အသုံးပြုရန် လိုအပ်နေဦးမည်ဖြစ်ရာ သက်ဆိုင်ရာဌာနများကပါ သဘာဝတရားကြီးက လက်ဆောင်ပေးထားသည့် ဂေဟစနစ်နှင့် ဇီဝအဝန်းနယ်မြေကို ချစ်မြတ်နိုးသူများက တစ်တပ်တစ်အား ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် သွားကြရန် လိုအပ်ကြမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားရပေသည်။ ။



# ရွှေသောင်ယံကမ်းခြေက Lai Lai ကျွန်းဆီ လည်ပတ်ကြမယ်

ယဉ်လာဒ်



ပြည်တွင်းခရီးသွားဧည့်သည် အများဆုံး သွားရောက်လည်ပတ်ကြတဲ့ ချောင်းသာကမ်းခြေကနေ နာရီဝက်ကျော် သွားရောက်တာနဲ့ ရောက်ရှိနိုင်တဲ့ ရွှေသောင်ယံကမ်းခြေက Lai Lai ကျွန်းကို ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြပေးချင်ပါတယ်။

အေးချမ်းစွာ အနားယူချင်တဲ့ ကမ်းခြေချစ်သူတို့အတွက် ရွှေသောင်ယံကမ်းခြေဟာ လိုက်ဖက်လှပါတယ်။ အနာဂတ်မှာ ဖွံ့ဖြိုးလာမယ့်ကမ်းခြေဖြစ်တာမို့ လုပ်ငန်းရှင်တွေက ရင်းနှီးမြှုပ်နှံလာခဲ့ကြတဲ့ ကမ်းခြေဖြစ်လာနေပြီး လက်ရှိမှာတော့ ဟိုတယ်ငါးလုံးအထိ ရင်းနှီးမြှုပ်နှံ ဖွင့်လှစ်ထားပြီဖြစ်ပါတယ်။

ရွှေသောင်ယံကမ်းခြေဟာ အရင်က နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေ အများဆုံး လာရောက်လည်ပတ်ကြတဲ့ ကမ်းခြေ ဖြစ်ခဲ့ပေမယ့် လက်ရှိမှာတော့ ပြည်တွင်း ခရီးသွားတွေလောက်သာ သွားရောက်လည်ပတ်နိုင်ပါသေးတယ်။ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ချောင်းသာဌာနခွဲမှ တာဝန်ရှိသူက ချောင်းသာကမ်းခြေကိုတော့ ပိတ်ရက်တွေမှာ ခရီးသွားဧည့်သည်တွေ ပုံမှန်အတိုင်း လာရောက်လည်ပတ်နေကြပါတယ်လို့ စာရေးသူကို ပြောပါတယ်။

ရွှေသောင်ယံကမ်းခြေရဲ့ ကမ်းခြေအရှည်ဟာ ခုနစ်မိုင်ခွဲဝန်းကျင်ရှိပြီး ချောင်းသာကမ်းခြေကနေ ကားနဲ့ နာရီဝက်ကျော် လာရောက်လည်ပတ်ရုံနဲ့ ရောက်ရှိနိုင်ပါတယ်။ ရွှေသောင်ယံကမ်းခြေကနေ အနည်းငယ်ဆက်သွားရုံနဲ့ ဝက်သေကမ်းခြေကိုလည်း ရောက်ရှိမှာဖြစ်ပါတယ်။ ချောင်းသာကမ်းခြေရဲ့ ကျောက်မောင်နှမဘက် အလွန် ရွှေသောင်ယံအစမှာ Sea & Lake Garden နဲ့ Mangrove View Resort၊ ရွှေသောင်ယံဟိုတယ်နဲ့ Lai Lai ဟိုတယ်တွေရှိပြီး ဝက်သေကမ်းခြေမှာတော့ ဟိုတယ်တစ်လုံးသာ ရှိပါသေးတယ်။

ရွှေသောင်ယံကမ်းခြေဟာ သဘာဝအတိုင်းတည်ရှိနေသေးတဲ့ ကမ်းခြေဖြစ်ပြီး လုပ်ငန်းရှင်တချို့ကတော့ ပြည်တွင်းဈေးကွက် ရရှိထားတဲ့ ချောင်းသာကမ်းခြေထက် နိုင်ငံခြားသား ဧည့်သည် အများဆုံး လာရောက်လည်ပတ်ကြတဲ့ ရွှေသောင်ယံကမ်းခြေမှာ ဟိုတယ်ရင်းနှီးမြှုပ်နှံမှုတွေကို



Lai Lai ဟိုတယ် ကမ်းခြေမှတစ်ဆင့် ကျွန်းပေါ်သို့ စက်လှေဖြင့် သွားရောက်နေသည့် ပြည်တွင်းခရီးသွားများ။

တစ်စတစ်စနဲ့ ပြုလုပ်လာခဲ့ကြတာဖြစ်ပါတယ်။

Lai Lai Hotel– Shwe Thaung Yan Beach မှ မန်နေဂျာဒေါ်ကြည်ကြည်အေးက "ကျွန်မတို့ Lai Lai ဟိုတယ်က ကမ်းခြေဗျူးတွေကို ကြည့်လို့ရနိုင်အောင် ဟိုတယ်ကို တည်ဆောက်ထားတာပါ။ ဘန်ဂလိုအမျိုးအစား Sea View ကို ကျပ် ၁၈၀၀၀၀၊ second Sea View ကို ကျပ် ၁၆၀၀၀၀ နဲ့ Superior Room ကိုတော့ ၁၃၀၀၀၀ နဲ့ အခန်းအမျိုးအစား သုံးမျိုးခွဲခြားထားပါတယ်" လို့ စာရေးသူကို ပြောပြပါတယ်။ အခါကြီးရက်မဟုတ်တဲ့ ကြားရက်မှာလာတည်းရင်တော့ ၁၀ ရာခိုင်နှုန်း လျှော့ချပေးပါတယ်လို့ ဆိုပါတယ်။

Lai Lai ကျွန်းကို သွားရောက်လည်ပတ်ချင်ကြတဲ့ ခရီးသွားဧည့်သည်တွေကို Lai Lai ဟိုတယ်ကနေ ပို့ဆောင်ပေးပါတယ်။ Lai Lai ကျွန်းကို ကားနဲ့သွားရင် နာရီဝက်လောက်ပဲ မောင်းနှင်ရပြီး စက်လှေနဲ့သွားရင် တစ်နာရီလောက် သွားရတာမို့ အများစုကတော့ ကားနဲ့ပဲ သွားရောက်လည်ပတ်ကြပါတယ်။

ကျွန်းပေါ်မှာ နေ့တစ်ဝက်နေပြီး ငါးကင်စားခြင်း၊ ရေငုပ်ခြင်း(snorkeling)တွေလည်း ပြုလုပ်နိုင်သလို အေးအေးဆေးဆေးအပန်းဖြေရင်း ပင်လယ်ပြင်အလှအပတွေကို ခံစားကြည့်ရှုနိုင်တဲ့ နေရာဖြစ်တာမို့ ပြည်တွင်းခရီးသွားဧည့်သည်တွေကို သဘောကျနှစ်ခြိုက်စေမှာဖြစ်ပါတယ်။

"ကျွန်းပေါ်မှာ တစ်နေကုန်လည်ပတ်လည်းရတယ်။ ဧည့်သည်စိတ်တိုင်းကျ ပင်လယ်စာမျိုးစုံ ဝယ်ယူနိုင်တယ်။ ဟိုတယ်ကတော့ တာဝန်ယူလုပ်ပေးပါတယ်။ ပြီးရင် တံငါရွာတွေဆီ သွားလည်ပတ်ပြီး ရေထွက်ကုန်တွေလည်း ဝယ်ယူနိုင်ပါတယ်။ ဧည့်သည်တွေ စိတ်ကြိုက်ဝန်ဆောင်မှု ပေးနေပါတယ်" လို့ ဒေါ်ကြည်ကြည်အေးက ဆက်ပြောပြပါတယ်။

"အရင်တုန်းကတော့ ဒီကျွန်းကို တရုတ်ခရီးသွားဧည့်သည်တွေ လာကြတယ်။ ကျွန်းရဲ့ကျောက်ဆောင်က အလွန်လှပါတယ်။ ကျောက်ဖျာပုံစံမျိုး ထိုင်ခုံလေးတွေရှိတယ်။ အေးအေးဆေးဆေးအပန်းဖြေစရာ လယ်တဲအိမ်လေးတစ်လုံးရှိတယ်။ အခုတော့ ကျွန်းပတ်လမ်းလေးတွေ၊ တောင်ပေါ်တက်လမ်းလှလှလေးတွေ လုပ်နေပါတယ်။ မကြာခင်မှာ ပြီးပါတော့မယ်" လို့ ဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ပြောပြပါတယ်။

လက်ရှိမှာတော့ ရွှေသောင်ယံကမ်းခြေဟာ လမ်းပန်းဆက်သွယ်ရေးပိုင်းမှာ ကောင်းမွန်ခြင်းမရှိသေးဘဲ ကျောက်လမ်း၊ မြေသားလမ်းအနေအထားသာရှိသေးပေမယ့် ပြည်တွင်းပြည်ပဧည့်သည်အများစု လာရောက်လည်ပတ်နေကြတဲ့ ကမ်းခြေတစ်ခုဖြစ်လာနေပြီဖြစ်ပါတယ်။ ရန်ကုန်မြို့ကနေ ကားနဲ့လာရောက်ရင် ငါးနာရီလောက်ပဲ ကြာမြင့်တာမို့ အလွယ်တကူ သွားရောက်လည်ပတ်နိုင်တဲ့ ခရီးစဉ်ဒေသတစ်ခုလည်းဖြစ်ပါတယ်။

ခရီးသွားအများစုဟာ ကမ်းခြေရောက်ရင် လည်ပတ်၊ ဓာတ်ပုံရိုက်ကူး၊ ငါးမျှား၊ ခရုကောက်၊ ပင်လယ်ပြင်အလှကိုကြည့်ပြီးအပန်းဖြေ စသဖြင့် အနားယူကြရင်း ရက်တိုသာ လာရောက်လည်ပတ်လေ့ရှိကြတာမို့ ရက်ရှည်တည်းခို နေထိုင်လည်ပတ်အောင် ဆွဲဆောင်နိုင်ဖို့အတွက် လုပ်ငန်းရှင်တွေကလည်း ကိုယ်ပိုင်နည်းလမ်းတွေနဲ့ အကောင်အထည်ဖော်စီစဉ်လာခဲ့ကြတာဖြစ်ပါတယ်။

ဒါကြောင့်မို့ ရန်ကုန်မြို့နဲ့လည်း မဝေးလှဘဲ ပင်လယ်ပြင်သဘာဝအလှတရားများကို ပြည့်ပြည့်ဝဝခံစားရင်း အနားယူစေနိုင်ဖို့ ရွှေသောင်ယံကမ်းခြေက Lai Lai ကျွန်းဆီကို သွားရောက်လည်ပတ်တဲ့ ခရီးစဉ်ကို ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသားဖော်ပြလိုက်ပါတယ်။ ။





ကျွန်းပေါ်တွင် အလှဆင်တည်ဆောက်ထားသည့် တောင်ပေါ်တက်လမ်းနှင့် ကျွန်းပတ်လမ်း။

# ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ် အနည်းငယ်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

**ညအပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်ခန့်စီ၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် သုံးလက်မခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးလက်မခန့်၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးလက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးလက်မခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

**မိုး/ဇလ**

# မြန်မာသီးသန့်စီးပွားရေးဇုန်အတွင်း ၁၂-၂-၂၀၂၄ ရက်နေ့မှ ၁၉-၄-၂၀၂၄ ရက်နေ့အထိ ရေကြောင်းတိုင်းတာရေးလုပ်ငန်း ဆောင်ရွက်မည်

## သတင်းကြေညာချက်

Campana Mythic Co.,Ltd သည် မြန်မာ–စင်ကာပူ အပြည်ပြည်ဆိုင်ရာ ရေအောက်ဖိုင်ဘာ ကေဘယ်ဆက်ကြောင်းအား ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ဆက်လက်သွယ်တန်းနိုင်ရန်အတွက် ရေကြောင်းတိုင်းတာ ရေးလုပ်ငန်းကို တိုင်းတာရေးသင်္ဘော R.V.EGS SURVEYOR ဖြင့် မြန်မာသီးသန့်စီးပွားရေးဇုန်အတွင်း ဆောင်ရွက်သွားမည့် ဧရိယာ များဖြစ်သော မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇.၆၆၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၃.၀၄၉ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀.၉၂၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၆.၂၀၂ မိနစ်တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂.၃၈၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၀.၅၈၃ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂.၃၈၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၀.၅၈၃ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀.၉၂၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၆.၂၀၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၀.၈၇၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၇.၇၄၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၃.၃၉၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၃.၂၇၃ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၃.၃၉၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၃.၂၇၃ မိနစ် ၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၀.၈၇၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၇.၇၄၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၈.၈၁၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉.၆၄၈ မိနစ် ၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၈.၈၁၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉.၆၄၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၃.၇၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၀.၉၁၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၃.၇၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၀.၉၁၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀.၉၂၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၉.၅၆၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀.၉၂၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၉.၅၆၈ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၈.၁၆၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၂.၇၄၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃.၀၅၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄.၁၁၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၃.၀၅၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄.၁၁၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၈.၁၆၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၂.၇၄၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀.၈၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀.၁၄၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀.၈၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀.၁၄၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄.၆၆၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၃.၄၀၆ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၈.၈၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၈.၂၃၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၈.၈၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၈.၂၃၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄.၆၆၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၃.၄၀၆ မိနစ် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၄.၁၅၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၁.၆၃၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၉.၁၇၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅.၂၁၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၉.၁၇၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅.၂၁၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၄.၁၅၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၁.၆၃၂ မိနစ် ၊ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၇.၀၇၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၀.၈၀၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၇.၀၇၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၀.၈၀၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၃.၃၁၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၉.၀၉၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၉.၁၇၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅.၂၁၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၉.၁၇၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅.၂၁၂ မိနစ်၊ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၃.၃၁၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၉.၀၉၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၀၈.၆၈၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀.၁၀၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၀၈.၆၈၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀.၁၀၄ မိနစ်၊ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၇.၉၆၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၇.၇၃၉ မိနစ်၊ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၇.၉၆၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၇.၇၃၉ မိနစ်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀.၈၈၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၆.၇၇၆ မိနစ်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀.၈၈၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၆.၇၇၆ မိနစ်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉.၂၆၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၄၆.၉၈၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉.၂၆၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၄၆.၉၈၀ မိနစ်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၆.၂၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၄၅.၆၆၆ မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၇.၁၃၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၄၅.၇၉၁ မိနစ်တို့ အတွင်းတွင် (၁၂-၂-၂၀၂၄)ရက်နေ့မှ (၁၉-၄-၂၀၂၄) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေကြောင်းတိုင်းတာရေးလုပ်ငန်းကို မြန်မာသီးသန့်စီးပွားရေးဇုန်အတွင်း ဆောင်ရွက်မည့်လမ်းကြောင်း တစ်လျှောက် လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာဧရိယာများအတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

စလင်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဗိုလ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဖေဖော်ဝါရီ ၉ ရက်က မြို့မစည်ပင်သာယာ ဈေးသူဈေးသားများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသစဉ်။

မြို့နယ် (ပြန်/ဆက်)



ပုဇွန်တောင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်လင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် လိုက်လံစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းကို အမှတ် (၁၀)ရပ်ကွက်အတွင်း ဖေဖော်ဝါရီ ၉ ရက်က ဆောင်ရွက်ရာ စားသောက်ဆိုင်တစ်ခု အတွင်း စစ်ဆေးနေစဉ်။

မြို့နယ် (ပြန်/ဆက်)



# (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပဲခူးမြို့ သစ်သီးဝလံ၊ ပန်းမန်ပြပွဲနှင့် MSMEs ဒေသထုတ်ကုန် ဈေးရောင်းပွဲတော်ကျင်းပ ခင်းကျင်းပြသရောင်းချသည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSMEs) လုပ်ငန်းရှင်များ၏ ရင်တွင်းစကားသံများ


ဒေါ်ရီရီတင့်


ဒေါ်မိုးမိုးအောင်


ဦးဇော်ဇော်


ဦးအောင်နိုင်ဦး


ဒေါ်ရွှေရည်ဖြိုး


ဦးသန်းဇော်လတ်


ဦးညီညီအောင်


မယွန်းပြည့်အောင်

**ပဲခူး ဖေဖော်ဝါရီ ၁၁**

နိုင်ငံစီးပွားရေး အထောက်အကူပြု အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSMEs)လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောဘုရားအနောက်ဘက်မုခ် ယာဉ်ရပ်နားဝင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သစ်သီးဝလံ၊ ပန်းမန်ပြပွဲနှင့် MSMEs ဒေသထုတ်ကုန် ဈေးရောင်းပွဲတော်ကို အရောင်းပြခန်း ၄၅ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အဆိုပါဈေးရောင်းပွဲတော်သို့ လာရောက်ခင်းကျင်းပြသသည့် ဒေသထုတ်ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုမှ ရင်တွင်းစကားသံများ ဖော်ပြလိုက်ပါသည်-

**ဒေါ်ရီရီတင့်“တင့်တင့်ကရေကရာလုပ်ငန်း” လက်ပံတန်းမြို့**

ကျွန်မက “တင့်တင့် ကရေကရာ လုပ်ငန်း”ရဲ့ လုပ်ငန်းရှင် ဒေါ်ရီရီတင့် ဖြစ်ပါတယ်။ သာယာဝတီခရိုင် လက်ပံတန်းမြို့မှ လာရောက်ရောင်းချတာပါ။ ကရေကရာလုပ်ငန်းကို လုပ်ကိုင်လာခဲ့တာ နှစ်ပေါင်း ၄၀ ကျော်ရှိပါပြီ။ အခုလို MSMEs ဒေသထုတ်ကုန် ပြပွဲတွေမှာ လိုက်လံရောင်းချတာ ငါးကြိမ် ရှိပါပြီ။ အခုလို ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားပြပွဲမှာဆိုရင် နှစ်ကြိမ်ရှိပါပြီ။ ရောင်းအားလည်းကောင်းပြီး မိတ်ဆွေတွေလည်း တိုးပါတယ်။ အရောင်းအဝယ်လည်း ပိုမိုတိုးတက်လာပါတယ်။

**ဒေါ်မိုးမိုးအောင် “ငွေငါး ငါးဖယ်ချဉ်နှင့် ပုစွန်ချဉ်လုပ်ငန်း” ပဲခူးမြို့**

“ငွေငါး ငါးဖယ်ချဉ်နှင့် ပုစွန်ချဉ် လုပ်ငန်း”က ဒေါ်မိုးမိုးအောင်ပါ။ ပဲခူးမြို့ ရွှေသာလျောင်းလမ်းမတန်းက လာရောက်ရောင်းချတာ ဖြစ်ပါ တယ်။ ငါးဖယ်ချဉ်နှင့် ပုစွန်ချဉ်လုပ်ငန်း လုပ်ကိုင်လာခဲ့တာ ကိုးနှစ်ရှိပါပြီ။ အခုလို MSMEs ဒေသထုတ်ကုန်ပြပွဲတွေမှာ လိုက်လံရောင်းချတာ ခုနစ်ကြိမ် ရှိပါပြီ။ အခုလိုပြပွဲတွေမှာ ပြသရောင်းချခြင်းအားဖြင့် အနယ်နယ် အရပ်ရပ်ရှိ စားသုံးသူတွေက ငွေငါး ဆိုတာကို ပိုသိသွားကြပါတယ်။ ဒေသထွက်ကုန်အနေနဲ့ ပြသခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။

**ဦးဇော်ဇော် “တိုးမြင့် နွားနို့၊ ဒိန်ချဉ်နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချရေး လုပ်ငန်း” ကြို့ပင်ကောက်မြို့**

သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ကနေ လာရောက်ရောင်းချတာ ဖြစ်ပါတယ်။ အခုလို MSMEs ဒေသထုတ်ကုန် ပြပွဲတွေမှာ လိုက်လံရောင်းချတာ ငါးကြိမ် ရှိပါပြီ။ အခုလိုပြပွဲတွေမှာ ရောင်းချပေးခြင်းအားဖြင့် ပိုမိုရောင်းအားကောင်းခဲ့သလို နိုင်ငံတော်အစိုးရအနေနဲ့ ပံ့ပိုးကူညီမှု ရရှိတဲ့အတွက် လုပ်ငန်းတွေ ပိုမိုချဲ့ထွင် လုပ်ကိုင်လာနိုင်ခဲ့ပါတယ်။ အခုလည်း ရောင်းအားကောင်းပါတယ်။

**ဦးအောင်နိုင်ဦး “ဥမ္မာကျော် ထမင်းသုပ် လုပ်ငန်း” ရွှေတောင်မြို့**

ပြည်ခရိုင် ရွှေတောင်မြို့ကနေ ကိုယ်စားလှယ်အနေနဲ့ လာရောက်ရောင်းချတာ ဖြစ်ပါတယ်။ အခုလို လာရောက်ရောင်းချတဲ့ ရည်ရွယ်ချက်ကတော့ အကျိုးအမြတ်က အဓိကမဟုတ်ပါဘူး။ ဈေးကွက်က အင်မတန်အရေးကြီးပါတယ်။ ဈေးကွက်ရနေမယ်ဆိုရင် ထုတ်ကုန်တွေ များများရောင်းရမှာ ဖြစ်ပါတယ်။ အခုဆိုရင် ဥမ္မာကျော်က ထုတ်တဲ့ ပစ္စည်းတွေကိုလည်း မိသားစုအနေနဲ့ နေပြည်တော်မှာ လက်ရှိရောင်းချနေပြီ ဖြစ်ပါတယ်။

**ဒေါ်ရွှေရည်ဖြိုး “ရွှေနှင်းဆီ ရောက်သီးဆေးပြား၊ ရောက်ယို၊ ရောက်ပေါင်း ရောင်းဝယ်ရေးလုပ်ငန်း” ရွှေကျင်မြို့**

ရွှေကျင်မြို့ကနေ လာရောက်ရောင်းချတာပါ။ အခုလိုပြပွဲမှာလာရောက်ရောင်းချတဲ့အတွက် ကျွန်မတို့ ရွှေနှင်းဆီ ရောက်သီးဆေးပြား လုပ်ငန်းဟာ ဈေးကွက်လည်းရလာသလို ရောင်းအားလည်း ကောင်းလာပါတယ်။ အခုလည်း အများကြီး ရောင်းရပါတယ်။ MSMEs ဒေသ ထုတ်ကုန်ပြပွဲတွေမှာ လိုက်လံရောင်းချတာ နှစ်ကြိမ်ရှိပါပြီ။

**ဦးသန်းဇော်လတ် “လုပ်သား မရွေး လုပ်ငန်း” ပိန်းဇလုပ်မြို့**

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ကနေ လာရောက်ရောင်းချတာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ကတည်းက စတင် လုပ်ကိုင်ခဲ့တာ ဖြစ်ပါတယ်။ အခုလို MSMEs ဒေသထုတ်ကုန် ပြပွဲတွေမှာ လိုက်လံရောင်းချတာ လေးကြိမ်ရှိပါပြီ။ ဈေးကွက်မှာ လူသိများလာပြီး အရောင်းအဝယ်လည်း လိုက်လာပါတယ်။ အခုဆိုရင် ပါကင်ထုပ်ပိုးမှုကိုပါ အဆင့်မြှင့်ဖို့ အစီအစဉ်ရှိပြီး လုပ်ငန်းတိုးချဲ့လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**ဦးညီညီအောင် “ဝတုတ်ကြီး နှစ်ပြန်ကြော်၊ ချစ်စရာ WoW! အာလူးကြော်နှင့် အကြော်စုံလုပ်ငန်း” ပဲခူးမြို့**

MSMEs ဒေသထုတ်ကုန်ပြပွဲတွေမှာ အခုလို လာရောက်ပြသခွင့်ရရှိတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်။ ကျွန်တော်တို့ တံဆိပ်ဟာ အရှုံးအမြတ်ထက် လူသိများပြီးတော့ ထုတ်ကုန်အောင်မြင်မှုလည်း ရရှိပါတယ်။

**မယွန်းပြည့်အောင် “ရွှေဒင်္ဂါး ပုစွန်ငါးပိထောင်းလုပ်ငန်း” ပဲခူးမြို့**

ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်က လာရောက်ရောင်းချတာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ပံ့ပိုးကူညီမှုကြောင့် ထုတ်ကုန် ပိုမိုထုတ်လုပ်လာနိုင်ခဲ့သလို လုပ်ငန်း ပိုမိုအောင်မြင်ပြီး လူသိများကာ ရောင်းအားလည်း ပိုမိုကောင်းလာပါတယ်။ MSMEs ဒေသထုတ်ကုန် ပြပွဲတွေမှာ လိုက်လံရောင်းချတာ ၁၀ ကြိမ် ရှိပါပြီ။ အခုလို ဒေသထုတ်ကုန်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးကူညီပေးတဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း - ဒေါ်ချစ်ချစ်သန်း (ပြန်/ဆက်)**

**ဓာတ်ပုံ - လှမိုး (ပြန်/ဆက်)**

# ရန်ကုန်တိရစ္ဆာန်ဥယျာဉ်က ပြည်သူ့အချစ်တော် ဆင်မကြီးမိုမိုတွင် သက်ကြီးဆင်လက္ခဏာ ခြေသည်းအထက်ပိုင်း ကြွက်နို့သဏ္ဍာန် ထွက်ပေါ်လာသည်ကိုတွေ့ရ၍ ကျန်းမာရေးစစ်ဆေးဆောင်ရွက်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်က ပြည်သူ့အချစ်တော် ဆင်မကြီးမိုမိုတွင် သက်ကြီးဆင်လက္ခဏာဖြစ်သော ခြေသည်းအထက်ပိုင်း ကြွက်နို့သဏ္ဍာန် ထွက်ပေါ်လာသည်ကို တွေ့ရ၍ ကျန်းမာရေး စစ်ဆေးထားပြီး လိုအပ်သည်များကို ဆောင်ရွက်နေကြောင်း အဆိုပါတိရစ္ဆာန်ဥယျာဉ်မှ သိရသည်။

ဆင်မကြီးမိုမိုမှာ အသက် ၇၁ နှစ်အရွယ်သို့ရောက်ရှိနေပြီဖြစ်ကာ ၁၉၆၁ ခုနှစ်တွင် ကယားပြည်နယ် လွိုင်ကော်မြို့မှ ဦးခွန်စန္ဒက လှူဒါန်းခဲ့ပြီး လှူဒါန်းစဉ် ဆင်မကြီးမိုမို၏ အသက်မှာ ခုနစ်နှစ်ခန့်ရှိပြီဖြစ်သည်။ အသက်အရွယ်ကြီးရင့်လာမှု၏ နောက်ဆက်တွဲ အကျိုးရလဒ်အနေဖြင့် သက်ကြီးဆင်များတွင် ဖြစ်လေ့ဖြစ်ထရှိသော ခြေသည်းအထက်ပိုင်းတွင် ကြွက်နို့သဏ္ဍာန် ထွက်ပေါ်လာသည်ကို တွေ့ရ၍ ၎င်းအခြေအနေကို ဆင်ကျွမ်းကျင်သူ ပညာရှင်များဖြစ်သည့် ဒေါက်တာခင်မောင်ဝင်း (ဆင်ဖြူတော်ဥယျာဉ်) နှင့် မြန်မာ့သစ်လုပ်ငန်းမှ ဒုတိယလက်ထောက် အထွေထွေမန်နေဂျာ ဒေါက်တာဇော်မင်းဦးတို့ကို အကြံဉာဏ်တောင်းခံခဲ့ပြီး လိုအပ်သည်များကို နေ့စဉ်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် အင်းစိန်ရောဂါရှာဖွေရေးဌာနမှ ကျွမ်းကျင်ပညာရှင် ဒေါက်တာဝင်းမြင့်နှင့်လည်း စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး လိုအပ်သည်များကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်က အသိပေးထားသည်။

ဆင်မကြီးမိုမိုသည် အသက်ကြီးလာသည်နှင့်အမျှ ၎င်း၏မူရင်း သဘာဝအတိုင်း အစာကို အမျိုးမျိုးရွေးချယ်စားသောက်တတ်ပြီး နေ့စဉ်နှင့်အမျှ အစာကို ပြောင်းလဲစားသောက်တတ်လာ၍ လိုအပ်သော




ဖြည့်စွက်စာများနှင့် ကြိုက်နှစ်သက်သည့် အစာကိုပိုမိုကျွေးခြင်း၊ ညဘက် အိပ်ချိန်တွင် သက်သောင့်သက်သာဖြစ်စေရန် သဲပေါ်တွင် အိပ်စက်စေခြင်းများကို ဆောင်ရွက်၍ အနီးကပ်စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။ **MT**

# တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါန ဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် ဒေသခံပြည်သူများအား အလှူငွေပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် ဒေသခံပြည်သူများအား အလှူငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံ၌ပြုလုပ်ရာ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ တိက္ခသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးက မျက်စိခွဲစိတ်ကုသမှု ခံယူလျက်ရှိသော သံဃာတော်များနှင့် ဒေသခံပြည်သူများအတွက် တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်ရင်း/တပ်ဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လှူဒါန်းသော အလှူငွေကျပ်သိန်း ၁၅၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ်ကျောင်းအုပ် ဆရာတော်ထံမှ အနုမောဒနာတရား နာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မျက်စိခွဲစိတ်ကုသမှုခံယူလျက်ရှိသော သံဃာတော်များနှင့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှုအားပေးပြီး**(အပေါ်ယာပုံ)** လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်သည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ တည်ထောင်တော်မူသည့် ဆေးရုံတော် ၄၃ ခုအနက် ၃၇ ခုမြောက်ဆေးရုံတော်ဖြစ်ပြီး မျက်စိဝေဒနာရှင်များအား ဖေဖော်ဝါရီ ၆ ရက်မှ ၁၆ ရက်အထိ တစ်နေ့လျှင် ၁၂၀ ခန့်ဖြင့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ ပါရဂူများ၊ ဆရာဝန်များ၊ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိစမ်းသပ်စစ်ဆေးပေးခြင်း၊ လေဆာပစ်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ မျက်စိတိမ်များခြစ်ထုတ်ခြင်းနှင့် မျက်လုံးအစားထိုးကုသခြင်းများ ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# စတုတ္ထအကြိမ်မြောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) လားဟူတိုင်းရင်းသား စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၁**

လားဟူတိုင်းရင်းသားလူမျိုးစုသည် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုစာပေ၊ သမိုင်း အခိုင်အမာတည်ရှိပြီး တစ်နှစ်တာရာသီကာလအတွင်း လားဟူတိုင်းရင်းသားတို့ကျင်းပကြသည့် ပွဲတော်များထဲတွင် စုပေါင်းနှစ်သစ်ကူးပွဲတော်ကို အထွတ်မြတ်ဆုံး၊ အကြီးကျယ်ဆုံးပွဲတော်အဖြစ် သတ်မှတ်ထားရှိကာ ထင်းရှူးပင်များ အဖူး ဖူးသည့်အချိန်၊ ချယ်ရီပန်း၊ မက်မန်းပန်းနှင့် မက်မွန်ပန်းများ အပွင့် ပွင့်သည့်အချိန်တွင် ကျင်းပကြသည်။

ရှေးအစဉ်အဆက်က နှစ်သစ်ကူးပွဲတော်များကို မိမိတို့နေထိုင်ရာဒေသအလိုက် ပျော်ရွှင်စွာကျင်းပခဲ့ရာ တစ်နှစ်တာကာလအတွင်း ရှာဖွေစုဆောင်းရရှိလာခဲ့သည့် ဆန်၊ စပါး၊ အသီးအနှံများနှင့် ပစ္စည်းဥစ္စာများကို နှစ်သစ်ကူးပွဲတော်တွင် စုပေါင်းပါဝင်လှူဒါန်းကြကြောင်း၊ ထင်းရှူးပင်ငယ် တစ်ပင်ကို အလယ်တွင်ထားကာ ထင်းရှူးပင်ကို ဝိုင်းပတ်ပြီး ယင်းတို့၏အထိမ်းအမှတ် ဘူးပလွေများဖြင့်တီးမှုတ်၍ ထင်ရှားသောမြေဝိုင်းအကဖြင့် ဖျော်ဖြေကပြကာ ကာယကံ၊ ဝစီကံ၊ မနောကံများဖြင့် ပြစ်မှားမိသောအပြစ်များရှိပါက ခွင့်လွှတ်ပေးကြပါရန်၊ အပြစ်များကို ဆေးကြောပေးရန် သက်ကြီးဝါကြီးနှင့် အကြည်ညိုခံပုဂ္ဂိုလ်များကို လူငယ်များက ရိုးရာလက်ဆေးမင်္ဂလာပြုလုပ်ခံယူသော ပွဲတော်ဖြစ်ကြောင်း သိရသည်။

စတုတ္ထအကြိမ်မြောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) လားဟူတိုင်းရင်းသားစုပေါင်းနှစ်သစ်ကူးပွဲတော်ကို ကျိုင်းတုံမြို့ ပြည်နယ်အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီခွဲက ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ စည်ကားစွာကျင်းပရာ**(အပေါ်ပုံ)** ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်နှင့်အဖွဲ့ဝင်များ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စုပေါင်းနှစ်သစ်ကူးဂုဏ်ပြုအမှာစကားပြောကြားပြီး စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီသို့ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် လားဟူတိုင်းရင်းသား စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပရေးကော်မတီ (ကိုယ်စား) ဦးကျာလယ်စိုးက နှုတ်ခွန်းဆက်စကားပြောကြားပြီး လားဟူတိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများနှင့်အညီ လက်ဆေးမင်္ဂလာပွဲကျင်းပသည်။ ယင်းနောက် လားဟူတိုင်းရင်းသားများက ရိုးရာယဉ်ကျေးမှုအက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

လားဟူတိုင်းရင်းသားလူမျိုးများသည် ယခုအချိန်တွင် တရုတ်၊ မြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့၌ ပျံ့နှံ့နေထိုင်လျက်ရှိရာ မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့်(မြောက်ပိုင်း) တို့၌ အများဆုံးနေထိုင်လျက်ရှိပြီး လားဟူမျိုးနွယ် ၃၀ ခန့်ရှိကြောင်း သိရသည်။ လားဟူတိုင်းရင်းသားလူမျိုးတို့သည် တောင်ပေါ်ဒေသများတွင် အများဆုံးနေထိုင်ကြကာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးကို အခြေခံသော ဘဝလူနေမှုအပြင် အမဲလိုက်ခြင်းအလုပ်ကို အသက်မွေးဝမ်းကျောင်းပြုကြသော လူမျိုးစုဖြစ်သည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

# ရောဝတီတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းဆောင်ရွက်

**ပုသိမ် ဖေဖော်ဝါရီ ၁၁**

ရောဝတီတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းကို ဖေဖော်ဝါရီ ၇ ရက်နေ့မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကန်ကြီးထောင့်မြို့နယ်ရှိ**(အောက်ပုံ)** ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၈၀ မှ ပြည်သူ ၆၁၉ ဦး၊ လပွတ္တာမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၈၂ ခုမှ ပြည်သူ ၅၁၀ စုစုပေါင်း ၁၁၂၉ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ် မဲပေးလေ့လာကြသည်။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ် မဲပေးခဲ့ကြသည်။

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမို ကောင်းမွန်စေမည့် အကြံပြုချက်များကို ပေးခဲ့ကြောင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းအစီအစဉ်ကို ရောဝတီတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





# ဝက်စ်ဟမ်း အိမ်ကွင်း၌ အာဆင်နယ်တို့ ဂိုးဒါဇင်ဝက်သွင်းကာ အနိုင်ယူ

ပရီမီယာလိဂ် ပွဲစဉ်(၂၄) အဖြစ် ဖေဖော်ဝါရီ ၁၁ ရက် ည ၈ နာရီခွဲက ယှဉ်ပြိုင်သည့် ဝက်စ်ဟမ်းနှင့် အာဆင်နယ်တို့ပွဲတွင် အာဆင်နယ်က ဂိုးဒါဇင်ဝက် သွင်းယူကာ ခြောက်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရသည်။

လန်ဒန်မြို့ခံနှစ်သင်း ယှဉ်ပြိုင်မှုဖြစ်သော်လည်း အာဆင်နယ် တိုက်စစ်ကောင်းမွန်မှုနှင့် ဝက်စ်ဟမ်း ခံစစ်အားနည်းမှုကြောင့် ဂိုးပြတ်ရှုံးခဲ့ရသည်။ အာဆင်နယ်အတွက် အဖွင့်ဂိုးကို ၃၂ မိနစ်တွင် ဆာလီဘာက သွင်းယူပေးပြီး ၄၁ မိနစ်တွင် ဆာကာ က ပယ်နယ်တီမှသွင်းယူကာ ၄၄ မိနစ်တွင် ဂါဘရီယယ်၊ ၄၅ မိနစ်တွင် ထရိုဆက်တို့ သွင်းယူကာ လေးဂိုး – ဂိုးမရှိဖြင့် ပထမပိုင်းကို ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဝက်စ်ဟမ်းတို့ ရံဖန်ရံခါမှသာ ထိုးဖောက်နိုင်ခဲ့ပြီး ၆၃ မိနစ်တွင် ဆာကာနှင့် ၆၆ မိနစ်တွင် ရိုက်စ် တို့က သွင်းယူကာ ခြောက်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အာဆင်နယ်တို့ ယခုပွဲအပြီး ၅၂ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။

အောင်ဇော်

## ဗိုလ်ကလေးမြို့နယ်အသင်း (ရန်ကုန်)
## (၃၃) ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

ပညာရည်ချွန်ဆုပေးပွဲအတွက် (၂၀၂၂-၂၀၂၃) တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင်၏ သား/သမီးများ (အမှတ်စာရင်းမိတ္တူပူးတွဲလျက်) (၂၃-၂-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ပါရန်-

ဗိုလ်ကလေးမြို့နယ်သူ/မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (မပျက်မကွက်) ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၃-၃-၂၀၂၄ရက်(တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် (၉:၀၀) နာရီ
**ကျင်းပမည့်နေရာ** - ဗိုလ်ကလေးမြို့နယ်အသင်းဓမ္မာရုံ၊ (၆)ထပ်ကြီး ဘုရားဝင်း၊ ရွှေဂုံတိုင်လမ်းမ၊ SSC ဆေးရုံရှေ့။

ဦးစောဝေ(ဥက္ကဋ္ဌ) - ဖုန်း-၀၉-၅၁၀၈၇၀၅ ရုံးတာဝန်ခံ
ဦးမြသောင်းထွန်း - ဖုန်း-၀၉-၇၉၅၉၆၀၇၂၅ ဦးလှဟန် ဖုန်း-၀၉-၄၄၀၄၀၇၈၉၁
(အတွင်းရေးမှူး) အမှတ်(၅၄)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။
ဒေါ်ဖြူဖြူမြင့်(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၇၈၇၁၇၁၁၃၈

## ကျောက်တန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား တိုက်နယ်ပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ကျောက်တန်း ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား တိုက်နယ်ပေါင်းစုံအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းက ကျောက်တန်းမြို့ စံချိန်မီရပ်ကွက်ရှိ ဘောလုံးကွင်း၌ ကျင်းပရာ တိုက်နယ် (၃) အသင်းက တိုက်နယ် (၁၂) အသင်းကို ပယ်နယ်တီအဆုံးအဖြတ် ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပြိုင်ပွဲကို တိုက်နယ်အသင်း ၁၅ သင်းဖြင့် ဇန်နဝါရီ ၂၆ ရက်မှစ၍ ကျင်းပခဲ့သည်။

ယင်းပြိုင်ပွဲမှ ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆုရ တိုက်နယ်အသင်းများ ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်တွင် တာဝန်ရှိသူများက ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၉)



❖ *ကျောဖုံးမှ*

စင်တာ(MCC)ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲဝင် လှယဉ်ကျေးမယ်များက လှပကျော့ရှင်း ကိုယ်ခန္ဓာအချိုးအစားများကို နောက်ခံတေးဂီတနှင့်အတူ သတ်မှတ်ကိုယ်ဟန် လေးမျိုးဖြင့် ပြသကြသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်ကာယအလှမယ်များက ငယ်မူငယ်သွေး လှပကျော့ရှင်းမှု ကိုယ်ခန္ဓာအချိုးအစားများကို သတ်မှတ်



လှယဉ်ကျေးမယ် ပထမဆုရ ဟေမာန်စိုးဝင်းနှင့် ကာယအလှမယ် ပထမဆုရ ယွန်းအိမွန်။

ယင်းနောက် လှယဉ်ကျေးမယ် ၁၀ ဦးနှင့် ကာယအလှမယ် ၁၀ ဦးထဲမှ ငါးဦးစီကို ရွေးချယ်ခဲ့ပြီး ဗဟုသုတမေးခွန်းများကို ဖြေဆိုစေခဲ့သည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ကြရာ လှယဉ်ကျေးမယ်တွင် လမ်းမတော်မြို့နယ်မှ ဟေမာန်စိုးဝင်းက ပထမ၊ ဒဂုံ(အရှေ့)မှ ယဉ်မွန်မွန်အောင်က ဒုတိယ၊ လှိုင်မြို့နယ်မှ အိမ့်မှူးသက်က တတိယ၊ ကာယအလှမယ်ပြိုင်ပွဲတွင် ပန်းဘဲတန်းမြို့နယ်မှ ယွန်းအိမွန်က ပထမ၊ သာကေတမြို့နယ်မှ ပန်းမြတ်မွန်က ဒုတိယ၊ အင်းစိန်မြို့နယ်မှ မေဘုန်းသွင်ခန့်က တတိယရရှိပြီး ဆုရရှိသူများနှင့် နှစ်သိမ့်ဆု ရရှိသူများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဆပ်ကော်မတီဝင်များက ဆုများချီးမြှင့်ပေးသည်။ ယင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသ ကြီးမြို့နယ် ၄၄ မြို့နယ်မှ လှယဉ်ကျေးမယ် ၄၄ ဦး၊ ကာယအလှမယ် ၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာလင်း**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၂-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၉:၀၀) နာရီ
**တင်ဒါပိတ်မည့်ရက်** - ၂၇-၂-၂၀၂၄ ရက် (အင်္ဂါနေ့) ညနေ (၄:၀၀) နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်**
**ဆက်သွယ်ရန် ဖုန်းနံပါတ် - ၀၉-၂၅၀၅၀၀၇၂၈၊ ၀၉-၄၂၀၈၈၅၈၈၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေအမိန့် ၁နှင့်၅)
## မင်္ဂလာဒုံခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉

ကောင်းဇော်ဟိန်းကုမ္ပဏီလီမိတက် နှင့် ၁။ ကိုသန်းမောင်
(၎င်း၏ကိုယ်စားဒုတိယအုပ်ချုပ်မှု ၂။ ဒေါ်ပန်းလှိုင်
ဒါရိုက်တာ ဦးအောင်အောင်)
(တရားလို) (တရားပြိုင်များ)

ကွင်းအမှတ်-၅၃၀/အေ၊ ဦးပိုင်အမှတ် ၄၆၊ နွယ်ခွေကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) (၁) တရားပြိုင် ကိုသန်းမောင် နှင့် (၂)တရားပြိုင် ဒေါ်ပန်းလှိုင်တို့ သိစေရမည်။

သင့်အပေါ်၌ "တရားလို ကုမ္ပဏီအမည်ဖြင့် အမည်ပေါက်ရရှိထားသော မြေကွက်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု"ကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီး သည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ရက် နံနက် ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၍ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

မကွေးမြို့၊ မြို့ဟောင်းရပ်ကွက်၊ အကွက်အမှတ်(၁၃၄)၊ ဦးပိုင် အမှတ်(၁၃၄)၊ မြေဧရိယာ ၀ ဒသမ ၀၀၃ ဧကရှိ ဦးဇော်သိန်းကျော် ၈/မကန(နိုင်)၀၆၅၉၃၈ ဂရန်အမည်ပေါက် နှစ်(၃၀)မြေဂရန် မူရင်း မှာပျောက်ဆုံးသွားပါသဖြင့် မကွေး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဦးဇော်သိန်းကျော် အမည်ဖြင့် ဂရန်မိတ္တူမှန်အား ပြန်လည်ထုတ်ပေးရန် လျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်တော် ဦးဝင်းထွန်းအောင်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းထွန်းအောင်**
(၁၇)လမ်း ၊ ပွဲကြိုရပ်၊ မကွေးမြို့
ဖုန်း-၀၉-၄၄၀၂၂၅၉၈၈

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ကျောက်အိုင်ကျေးရွာ၊ ကွင်းအမှတ် (၉၈၃)၊ ကွင်းအမည် (လက်ခုတ်ကျွန်းကွင်း)၊ ဦးပိုင်အမှတ် (၅၆/၃)၊ အကျယ်အဝန်း (၀.၇၀)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးလှအောင် (၁၂/လကန (နိုင်) ၁၀၅၅၈၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဦးဇော်ထွန်းအောင် |
|---|---|
| LL.B, D.B.L, D.I.L, | LL.B, D.B.L, D.M.L., |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၃၅) |

ဖုန်း–၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/၁ရွှေပေါက်ကံ)၊ တော်ဝင်လမ်း၊ မြေကွက်အမှတ် ( ၅၇၃ )၊ အကျယ်အဝန်း( ၃၈ပေ× ၆၀ပေ )ရှိ နှစ်(၆၀)ဂရန်မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်လင်းယုမွန်သော် (၁၂/ဥကမ (နိုင်) ၁၈၅၀၁၉ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ( ၇ )ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးထိန်လင်းသန်း | ဒေါ်ပြည့်ပြည့်ဖြိုး |
|---|---|
| (LL.B, D.B.L, D.I.L, D.M.L) | (LL.B, D.B.L, D.I.P.L) |
| တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄) |

အမှတ်( ၇၂၅ )၊ ပြည်သာယာ(၂)လမ်း၊( ၃၂ )ရပ်ကွက်၊ ဒဂုံမြို့သစ်( မြောက်ပိုင်း )မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဇေကမ္ဘာဝင်း၊ ၁၂လမ်း၊ အမှတ်(၂၄၂)ရှိ Asia Grand Dragon Mining Company Limited သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများဥပဒေအရ တရားဝင် တည်ထောင်ထားသော ကုမ္ပဏီဖြစ်ပါသည်။

အောက်တွင် ဖော်ပြပါ ပုဂ္ဂိုလ်များဖြစ်သည့်–

၁။ ဦးဇော်ဇော် (ဘ) ဦးလှစိုး ၇/ဇကန(နိုင်)၀၅၀၄၁၄

၂။ ဒေါ်သွယ်သွယ်ဇင် (ဘ) ဦးမောင်ဘထွန်း ၁၁/စတန(နိုင်)၀၉၄၆၀၅

တို့သည် Asia Grand Dragon Mining Company Limited ၏ တရားဝင် ခန့်အပ်ထားသော ဝန်ထမ်းများမဟုတ်ပါ။ ထို့ကြောင့် ၎င်းတို့နှင့်ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာဖြစ်ပေါ်လာခဲ့ပါက Asia Grand Dragon Mining Company Limitedနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| ဒေါ်နှင်းသဇင်ဝင်း(LL.B) | ဒေါ်ဝတ်ရည်လွင်(LL.B) | ဒေါ်ရွှေရီမြင့်(LL.B) |
|---|---|---|
| (စဉ်–၈၀၃၉) | (စဉ်–၄၉၈၃၄) | (စဉ်–၅၄၂၃၉) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(A-8)၊ ၃၁–လမ်း၊ ၇၀လမ်း နှင့် ၇၁လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း–၀၉–၄၀၂၅၈၆၀၉၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ ဧရာဝဏ်လမ်း၊ အင်းဝအိမ်ရာ၊ တိုက်အမှတ် (၄၁)၊ အခန်းအမှတ် (၀၀၃) (မြေညီထပ်)၊ အကျယ်အဝန်း (၇၄၀) စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးအောင် (၁၃/တကန (နိုင်) ၁၃၆၉၉၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဦးပြည့်ဖြိုးအောင် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/ 90358 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ကျောက်ဆည်)

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ–၇)၊ ဦးပိုင်အမှတ်(၈၂)၊ ၆၁x၆၂လမ်းကြား၊ ကနောင်မင်းသားကြီးလမ်းနှင့်မဏ္ဍလာရာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်အောင်၏(SPရရှိသူ ဒေါ်လွင်မာအောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၀၀၉/၂၀၂၀) ဖြင့် ဦးသိန်းဝင်းကဝယ်ယူခဲ့ပြီး ၊ ဦးသိန်းဝင်း၏ (SP ရရှိသူ ဦးဝင်းပိုင်၊ ဦးပြည့်စုံအောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၀၇၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ဖြိုးဟိန်း ၉/မဟမ(နိုင်)၀၄၈၀၁၁ က အမှုတွဲအမှတ်၇၁၁၃/၂၀၂၃–၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၆၈

ဦးဌေးလွင် နှင့် ၁။ ဦးအာကူး
၂။ ဒေါ်မေရှိုင်းဦး
၃။ ဦးမင်းဝေဖြိုးအောင်
၄။ ကိုရဲကိုဦး

တရားလို — တရားပြိုင်များ

မန္တလေးမြို့၊ ရွှေလောင်းရွာ၊ ရွှေကြက်ယက်ကျေးရွာအုပ်စု၊ ရွှေကြက်ယက်ဘုရားအနီး (ရတနာပုံတံတား နှာပေါက်အနီး) အမရပူရမြို့နယ်နေ (၄)တရားပြိုင် ကိုရဲကိုဦး (ဘ) ဦးဝင်းဗိုလ် သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဌေးလွင်က ကုန်ဖိုးငွေ (၅၇၀၈၆၀၀)ကျပ် ရလိုမှု ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မဂျီဂျာဆိုင်းပန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ–၁၉)၊ ဦးပိုင်အမှတ် (၅၈–ခဲစင်း)၊ ၁၂၃x၁၂၄လမ်း၊ ၅၇x၅၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အုံးရင်(ခ)အုန်းရင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၉၂၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မာသူ ၉/မနတ(နိုင်)၀၀၇၃၃၁ က အမှုတွဲအမှတ် ၇၁၁၉/၂၀၂၃–၂၀၂၄ ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (၀–၇)၊ ဦးပိုင်အမှတ် (၄)၊ ၇၂လမ်း၊ ၁၁၄x၁၁၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းထွန်း ၉/မရမ(နိုင်)၀၁၇၉၀၀၏ (SP ရရှိသူ ဒေါ်နန်းကေသီဝင်း)က အမှုတွဲအမှတ် ၇၁၁၇/၂၀၂၃–၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ကက–၃)၊ ဦးပိုင်အမှတ် (၁၃)၊ ၅၈လမ်း၊ သိပ္ပံxAလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းဆမ်နွန်း ၉/မရမ(နိုင်)၀၁၂၄၆၂၊ ဒေါ်စိန်စိန်အေး ၉/မရမ(နိုင်)၀၁၂၄၆၃ တို့က အမှုတွဲအမှတ် ၇၁၃၀/၂၀၂၃–၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/64688 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Sein Shwe Yaung Pyae Co.,Ltd က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/58524 Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ Aung Kanbo Trading Co.,Ltd က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက် အမှတ်(၈၁၃)၊ ဦးပိုင်အမှတ် (၁–ဋ)၊ ၂၉လမ်း၊ ၆၄x၆၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ဝင်းကြည် ၉/မရမ(နိုင်)၀၅၃၃၇၈ ကအမှုတွဲအမှတ် ၇၁၂၂/၂၀၂၃–၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက် အမှတ်(၆၄၂)၊ ဦးပိုင်အမှတ် (၃၇)၊ ၃၅x၃၆လမ်း၊ ၇၆x၇၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းထိုက် ၉/မခန(နိုင်)၀၅၀၂၄၈ က အမှုတွဲအမှတ် ၇၁၂၅/၂၀၂၃–၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အကွက် အမှတ်(၅၉၆–က)၊ ဦးပိုင်အမှတ် (၈/၁)၊ မောင်းတန်းလမ်း၊ တရုတ်တန်းလမ်းx စာတိုက်တန်းလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးထွန်းလှအောင် ၉/အမရ(နိုင်)၀၄၈၅၁၅ က အမှုတွဲအမှတ် ၇၁၂၀/၂၀၂၃–၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ အကွက် အမှတ်(၅၁)၊ ဦးပိုင်အမှတ် ၅(ခဲစင်း)၊ အိုးဘို–ရွှေကျင်လမ်း၊ သံလမ်းတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်သောင်း၊ ဒေါ်ပြည့်၊ ဒေါ်စိန်ဝင်းတို့၏(GPရရှိသူ ဒေါ်အေးအေးမာ) တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃၉၀/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီသီအောင် ၁/ကမန(နိုင်)၀၃၅၅၈၈က အမှုတွဲအမှတ် ၇၁၂၄/၂၀၂၃–၂၀၂၄ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၄၁၄/၃)၊ ဦးပိုင်အမှတ် (၃၃–ည+၃၄–ခ)အတွင်းမှ ခဲစင်းပြ(၃၄–ခ–ခဲစင်း)၊ ၆၄x၆၅လမ်း၊ ၃၂x၃၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်လှိုင် ၉/မရမ(နိုင်)၀၂၂၆၀၅ က အမှုတွဲအမှတ် ၇၁၂၁/၂၀၂၃–၂၀၂၄ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက် အမှတ်(ဖဖ–၁)၊ ဦးပိုင်အမှတ် (၅၅–က)၊ ၅၃လမ်း၊ ၁၁၃x၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မာဝေ၏(SPရရှိသူ ဦးဗညားအောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၁၀၉/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်တင်ထွေး ၉/တတဥ(နိုင်)၀၇၄၅၆၄ က အမှုတွဲအမှတ် ၇၁၂၈/၂၀၂၃–၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ဗန်းမော်ခရိုင်၊ မံစီမြို့နယ်၊ ဒွမ်ဘုတ်ကျေးရွာနေ (ဘ)ဦးနော်ဂျာ ၁/မစန(နိုင်) ၀၅၈၄၆၉၏သား မောင်ဇော်လွန်း၏ အမည်မှန်မှာ မောင်ဇော်ဂျွန်းဖြစ်ပါ ကြောင်း။

**မောင်ဇော်ဂျွန်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၄–၂–၂၀၂၄ရက်စွဲပါ မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၈) ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်းကြော်ငြာတွင် ဦးသန့်ဇင်ထွန်း၏ မှတ်ပုံတင်နံပါတ်အား ၉/ကလန(နိုင်) ၀၈၉၃၉၈ဟု မှားယွင်းဖော်ပြမိပါသဖြင့် ၁၄/ကလန(နိုင်)၀၈၉၃၉၈ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာ(ဂ)ရပ်ကွက်၊ (၁၅)လမ်းနေ (ဘ)ဦးမောင်မောင်ဟန်၏သမီး ကျွန်မ မစန္ဒာမိုး ၈/မကန(နိုင်) ၂၇၈၀၂၅ ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(ME-472842) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၉၈၄၆၄၉၈၀၅

## ကန့်ကွက်နိုင်ပါသည်

အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ ကံရိုးကျေးရွာနေ ဦးစိုးအောင်ဇော် (ဘ) ဦးလှသောင်း ၉/အမရ(နိုင်)၁၀၅၃၅၀ ပိုင်ဆိုင်လုပ်ကိုင်သည့် ကွင်းအမှတ် (၅၇၀/ခ)၊ ဦးပိုင်အမှတ်(၁၄/၂က)၊ ဧရိယာ ၅ ဒသမ ၆၈ ဧကရှိ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) စာအုပ်ပျောက်ဆုံးသွားပါသဖြင့် ဒုတိယမူရင်း ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုးအောင်ဇော်**
**၉/အမရ(နိုင်)၁၀၅၃၅၀**

## ကန့်ကွက်နိုင်ပါသည်

အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ ကံရိုးကျေးရွာနေ ဦးမောင်ဦး(ဘ)ဦးတင်ဝင်း ၉/တတဥ(နိုင်)၀၅၉၀၈၀ ပိုင်ဆိုင်လုပ်ကိုင်သည့် ကွင်းအမှတ် (၅၇၀/ခ)၊ ဦးပိုင်အမှတ်(၁၄/၁)၊ ဧရိယာ ၂ ဒသမ ၆၈ ဧကရှိ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) စာအုပ် ပျောက်ဆုံးသွားပါသဖြင့် ဒုတိယမူရင်းပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမောင်ဦး**
**၉/တတဥ(နိုင်)၀၅၉၀၈၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/54492

Kamax Wave 110M/C ယာဉ်လက်ဝယ်ရှိသူ Kamax Group Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

ကြီးမြန်သစ်ပင်
စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ
ပြည်လည်းလှ

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၁၂)၊ ဦးပိုင်အမှတ် (၁၇)/၁၉လမ်း၊ ၆၁x၆၂လမ်းကြားရှိ ဦးခင်ကြွေလှ၊ ဒေါ်ခင်စန်းရီ အမည်ပေါက်ဂရန်မြေကွက်အား ဖခင် ဦးခင်ကြွေလှ၊ မိခင် ဒေါ်စန်းရီ (ခ)ခင်စမ်းရည်၊ သား ဦးမောင်မြင့်(လူပျိုဘ၀) တို့ကွယ်လွန်၍ ကျန်ရစ်သူသားများဖြစ်ကြသော ဦးကျော်ဆန်းလှ ၁၄/မအပ(နိုင်)၀၀၆၃၄၆၊ ဦးသက်ထွန်းလှ ၉/မနမ(နိုင်)၀၅၇၈၀၇၊ ဦးသတိုးလှ ၉/မနမ(နိုင်)၀၅၇၈၀၉ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ် (၇၇-ဧ)/၁၉x၂၂ကြား၊ ၅၉x၆၀ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူခင်ပွန်း ဦးစိုးမောင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၃၄၀၃/၂၀၀၄)ဖြင့် ဇနီး ဒေါ်ခင်ကြည်ကပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၂၆၃/၂၀၀၇) ဖြင့် ဒေါ်သန်းသန်းနွဲ့က ဝယ်ယူခဲ့ပါသည်။ ဖခင် ဦးသိန်းတန်၊ မိခင် ဒေါ်သန်းသန်းနွဲ့ တို့ ကွယ်လွန်၍ကျန်ရစ်သူသားများဖြစ်ကြသော ဦးမိုးမြင့်သာ ၉/အမဇ(နိုင်)၀၃၆၈၉၀၊ ဒေါ်ဆုပြည့်သာ ၉/အမဇ(နိုင်)၀၃၆၈၉၁ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )

### ချမ်းမြသာစည်မြို့နယ်တရားရုံး

### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၉

ဦးစိုင်းကျော်မင်းအောင် **နှင့်** ဦးသာအေး
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ၂၂-၂၃လမ်းကြား၊ ၈၁-၈၂လမ်းကြား၊ အောင်မြေသာစံမြို့နယ်နေ ဦးသာအေး(ဘ)ဦးညီသွယ် သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုင်းကျော်မင်းအောင်က "ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်(၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မဂ္ဂီဂျာဆိုင်းပန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည် မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

### အောင်မြေသာစံမြို့နယ်တရားရုံးတော်

### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -(၁)

ဦးနေမင်းလှိုင် **နှင့်** ဒေါ်အိအိမွန်
**(တရားလို)** **(တရားပြိုင်)**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ လေးအိမ်တန်းကျေးရွာအုပ်စု၊ အေးရွာနေ ဒေါ်အိအိမွန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ပေါက္ကရိုရပ်၊ အကွက်(၁၀၃)နေသူ တရားလို ဦးနေမင်းလှိုင်က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်မိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်)မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(ရန်နိုင်မိုးထွန်း)**
**မြို့နယ်တရားသူကြီး**
**အောင်မြေသာစံမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၆)၊ဦးပိုင်အမှတ်(၇၄-ခ)၊၅၄x၅၅ကြား၊ဘုရင့်နောင်xအောင်ဇေယျလမ်းကြားရှိတောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးငွေ ၉/မနမ(နိုင်)၀၈၅၈၇၃ က မြေကွက်၏ မြေချပါမစ်စလစ်မှာ ပျောက်ဆုံးသွားပါသဖြင့် ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့ တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုးရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက် အမှတ်(၅၁၉)၊ ဦးပိုင်အမှတ် (၂၃ခ+၂၄)ခဲစင်း/၈သလမ်း၊ ၄၀x၄၁ကြား၊ ပေါက်မြိုင်ကျောင်းအနောက်ပေါက် ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘသက် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၄၀၃၆/၂၀၀၂)ဖြင့် ပိုင်ဆိုင်ခဲ့ကြသော ဒေါ်ဆွဲ၊ ဦးလှဝင်း၊ ဦးသာလှ တို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၃၇၇/၂၀၀၃) ဖြင့် ဦးညာဏ်ထွန်း ၊ ဒေါ်မြင့်မြင့်ကြီးတို့ကဝယ်ယူခဲ့ကြပြီး ခင်ပွန်း ဦးညာဏ်ထွန်း ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်မြင့်မြင့်ကြီး ၉/မရတ(နိုင်)၀၁၉၀၃၆ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ခဲစင်းပြအမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၀၇)၊ ဦးပိုင်အမှတ် (၅၉-ဟ)/၃၃လမ်း၊ ၇၅လမ်းထောင့်ရှိ ဒေါ်ခင်စန်းကြည်၊ ဦးမြင့်သိန်းဆွေ၊ ဒေါ်အေးအေးမော်၊ ဒေါ်ချိုချိုလွင် အမည်ပေါက်ဘိုးဘမြေကွက်အား ဦးမြင့်သိန်းဆွေ(လူပျိုဘ၀) ကွယ်လွန်၍ ကျန်ရစ်သောပူးတွဲအမည်ပေါက်သူများဖြစ်ကြသည့် ဒေါ်ခင်စန်းကြည် ၉/မရမ(နိုင်)၀၁၆၁၆၆၊ ဒေါ်အေးအေးမော် ၉/မရမ(နိုင်)၀၃၄၇၃၈၊ ဒေါ်ချိုချိုလွင် ၉/မရမ(နိုင်)၀၁၆၇၈၁ တို့က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂၅)၊ ဦးပိုင်အမှတ် (၆၇)/၈၆x၈၇ကြား၊ ၁၉x၂၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်းဦးမျိုးတင့် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ခင်နွဲ့ ၉/မနမ(နိုင်)၀၄၉၂၁၉ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂၅)၊ ယခင် ၁၂၊ ယခု ဦးပိုင်အမှတ် (၁၀)/၁၉လမ်း၊ ၈၆x၈၇ လမ်းကြားရှိ ဂရန်မြေကွက်အား ခင်ပွန်းဦးမြင့်ထူးကွယ်လွန်၍ ကျန်ရစ်သူဇနီးများဖြစ်ကြသော ဒေါ်သီသီလေး ၉/မနမ(နိုင်)၀၁၄၁၈၄၊ ဒေါ်ခင်မျိုးကြည် ၉/မနမ(နိုင်)၀၄၉၈၆၇ တို့ကဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့်စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၆-ဃ)၊ ဦးပိုင်အမှတ် (ပ/၇၁+ဗ/၇၁)/၇၅လမ်း၊ ၉x၁၀လမ်းကြားရှိ ဦးမြင့်လွင်၊ ဦးအောင်လွင်၊ ဒေါ်ခင်ဖုန်းချစ်၊ ဒေါ်နှင်းဆီ၊ ဒေါ်ခင်ဖုန်းမြင့်၊ ဒေါ်ခင်ဖုန်းတင့်၊ ဦးတင့်လွင် အမည်ပေါက်ဂရန်မြေကွက်အား ဖခင် ဦးခင်မောင်သိန်း၊ မိခင် ဒေါ်ခင်ဖုန်းမြင့် တို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများနှင့် ကျန်ပူးတွဲအမည်ပေါက်သူများဖြစ်ကြသော ဦးမြင့်လွင် ၉/မကန(နိုင်)၀၂၃၈၄၁၊ ဒေါ်နှင်းဆီ ၉/မကန(နိုင်)၀၁၇၇၅၇၊ ဒေါ်ခင်ဖုန်းတင့် ၉/မကန(နိုင်)၀၁၈၀၀၄၊ ဦးအောင်လွင် ၉/မကန(နိုင်)၀၁၇၈၆၆၊ ဒေါ်ခင်ဖုန်းချစ် ၉/မကန(နိုင်)၀၁၇၇၅၈၊ ဒေါ်သဉ္ဇာနွယ် ၉/မကန(နိုင်)၀၈၈၆၀၀၊ ဦးဝေဇင်ဟိန်း ၉/မကန(နိုင်)၀၈၆၆၇၁၊ ဒေါ်အိသဲရွှေစင် ၉/အမဇ(နိုင်)၀၂၃၁၅၃၊ ဦးတင့်လွင် ၉/မကန(နိုင်)၀၁၈၀၀၇ တို့ကဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ကြက်ရုံးလေးကျေးရွာအုပ်စု၊ ကြက်ရုံးလေးကျေးရွာနေ (ဘ)ဦးပိုက်၏သား ကျွန်တော်မောင်တင်ဝင်းကျော် ၈/အလန(နိုင်)၂၃၂၂၈၉ ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(MF-133392)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၀၂၄၈၃၇

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ ဖာမွန်ကျေးရွာအုပ်စု၊ ပန်သခွါးကျေးရွာ၊ ရွာမြေ(၅၀ပေX၅၀ပေ) ခြံမြေကွက်အမှတ်(၅)သည် ကျွန်မ ဒေါ်တင်မျိုးခိုင်၏ခင်ပွန်းဖြစ်သူ ဦးအောင်ဇော်ဦး ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးသော မြေကွက်ဖြစ်ပြီး ခင်ပွန်းဖြစ်သူသည်(၆-၉-၂၀၂၂)ရက်က ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသဖြင့် ထိုခြံမြေကွက်အား ဦးအောင်ဇော်ဦး၏တစ်ဦးတည်းသော ဇနီးဖြစ်သူ ကျွန်မဒေါ်တင်မျိုးခိုင်သာ စီမံဆောင်ရွက်ခွင့်အဝဝရှိပါကြောင်းကို လသာမြို့နယ်တရားရုံးတော်၊ ကျမ်းသစ္စာပေးသူအရာရှိ ဒေါ်အေးအေးကျော်၏ ရှေ့မှောက်၌ (၉-၂-၂၀၂၄) ရက်တွင် ကတိသစ္စာပြုကျမ်းကျိန်လွှာ၊ မှတ်ပုံတင်အမှတ် (၂/၄၆၃/၂၀၂၄)ဖြင့် ကတိသစ္စာပြုကျမ်းကျိန်လွှာပြုဆိုပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ဖော်ပြပါရွာမြေခြံမြေကွက်ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းစသည်တို့နှင့်တကွ အခြားဆောင်ရွက်ဖွယ်ကိစ္စအဝဝတို့သည် ကျွန်မဒေါ်တင်မျိုးခိုင်ကသာ ဆောင်ရွက်စီမံနိုင်သူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်တင်မျိုးခိုင်**

**၁၂/ပဘတ(နိုင်)၀၀၃၃၅၃**
**အမှတ်(၇၁/၇၃)၊ ပထမထပ်၊ လမ်း(၃၀)၊ (၆)ရပ်ကွက်၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဒဒ-၅)၊ ဦးပိုင်အမှတ် (၂၁)/၆၁x၆၂ကြား၊ ၁၂၉x၁၃၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ခင်မြင့် ၁/မညန(နိုင်)၀၇၆၄၉၅၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၁၃၆/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးနွမ်း ၁၃/လရန(နိုင်)၀၉၆၄၄၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၅)၊ ဦးပိုင်အမှတ် (၇၇)၊ ၆၈x၆၉ကြား၊ ရတနာနှင့်ကုသိုလ်တော်လမ်းကြားရှိတောဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးကြီးဟန်ညွှန့်(ငြိမ်း) ၁၃/ကမန(နိုင်)၁၀၁၅၆၃ (TKI-၀၁၀၉၉၇) ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၅/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးရဲရင့်အောင် ၉/ခမစ(နိုင်)၀၆၄၀၆၇ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဋ-၈)၊ ဦးပိုင်အမှတ် (၃၁)၊ ၆၄x၆၅ကြား၊ ၁၁၇x၁၁၈လမ်းကြားရှိ ဦးထွန်းအောင် အမည်ပေါက်တောဂရန် မြေကွက်အား တရားလို ဒေါ်ငွေငွေက တရားပြိုင် ဦးထွန်းအောင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၅၃/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ငွေငွေ ၅/တမန(နိုင်)၀၀၅၈၂၀ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ် (၂၉)၊ ၄၉x၅၀လမ်းကြား၊ ၁၁၁x၁၁၂လမ်းကြားရှိတောဂရန်မြေကွက်အမည်ပေါက်သူ ဦးကြည်ရွှေ ၉/မရတ(နိုင်)၀၈၈၁၈၂ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၈၀၈/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဆုပြည့်အောင် ၉/ခမစ(နိုင်)၀၁၈၅၁၉ က ဦးပိုင်ခွဲ၊ သက်တမ်းတိုး လျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် တောဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံနှင့်စိစစ်၍ ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည်ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(ဖဖ)၊ ဦးပိုင်အမှတ် (၆၃)၊ ၅၄x၅၅ကြား၊ ၁၁၀x၁၁၁ကြားရှိ ဒေါ်အမာစိန် အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၄၂၉၈/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်မာမာငြိမ်း ၉/မနမ(နိုင်)၀၉၆၀၃၊ ဦးဟန်ငြိမ်း ၉/မနမ(နိုင်)၁၀၉၂၁၈၊ ဦးဇော်ငြိမ်း ၉/မနမ(နိုင်)၁၀၉၀၂၃၊ ဒေါ်ကြည်ကြည်ငြိမ်း ၉/မနမ(နိုင်)၁၀၉၁၄၁ တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၀၂၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးခင်မောင်စိုး ၅/ငဇန(နိုင်)၀၃၇၄၉၂ က ဂရန်မူရင်း၊ မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းများမှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ငွေးချိုကျေးရွာအုပ်စု၊ ငွေးချို(န)ကျေးရွာနေ (ဘ)ဦးစိုးမြင့်၏သား ကျွန်တော် ဦးသောင်းငွေးလင်း ၈/မသန(နိုင်) ၀၉၀၃၅၂ ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(MC-962385)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၄၅၇၉၂၃၈၁၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ဖက်ဒရယ်စနစ် ကျင့်သုံးခြင်းနှင့်ပတ်သက်၍ လူမျိုးကိုအခြေခံသည့် ဖက်ဒရယ်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရမည်ဖြစ်...**

❖ **နိုင်ငံတကာတွင်လည်း ဖက်ဒရယ်စနစ်ကိုကျင့်သုံးလျက်ရှိသည့် နိုင်ငံများရှိသော်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျင့်သုံးမှုခြင်းတူညီမှုမရှိ...**

❖ **မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၄/၂၀၂၃) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် လှယဉ်ကျေးမယ်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီ နာယကဖလား လှယဉ်ကျေးမယ်နှင့် ကာယအလှမယ်ပြိုင်ပွဲတွင် လမ်းမတော်မြို့နယ်မှ ဟေမာန်စိုးဝင်းက လှယဉ်ကျေးမယ်တွင် ပထမနှင့် ပန်းဘဲတန်းမြို့နယ်မှ ယွန်းအိမွန်က ကာယအလှမယ်တွင် ပထမဆု ရရှိသည်။ အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီမှ စတင်ကာ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း

စာမျက်နှာ ၂၄ ကော်လံ ၁ ❖





## ဂျော်ဒန်ကိုအနိုင်ယူပြီး အာရှဖလားကို နှစ်ကြိမ်မြောက် ကာတာဆွတ်ခူး

အာရှဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို အိမ်ရှင်ကာတာနှင့် ဂျော်ဒန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာတာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အာရှဖလားကို နှစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက် ညပိုင်းက ကာတာနိုင်ငံ လူဆေးမြို့ရှိလူဆေးအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။ ကာတာအသင်းအတွက် သွင်းဂိုးများကို အဖစ်က ပွဲချိန် ၂၂ မိနစ်၊ ၇၃ မိနစ်နှင့် ၉၅ မိနစ်တို့တွင် ပယ်နယ်တီမှတစ်ဆင့် သွင်းယူနိုင်ခဲ့သည်။ ဂျော်ဒန်အသင်းအတွက် ချေပဂိုးကို အယ်နိုင်မက်က ပွဲချိန် ၆၇ မိနစ်တွင် သွင်းယူပေးခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ❍




ယနေ့ သတင်းအညွှန်း

အစ္စရေးဝန်ကြီးချုပ်က ရာဖာ၌ မြေပြင်ထိုးစစ်ဆင်မှု လုပ်ဆောင်ရန် ကတိပြု
နိုင်ငံတကာသတင်း စာ ၁၃


ကမ္ဘာ့ရှားပါးဆောင်းခိုငှက်များနှင့် ပင်လယ်လိပ်များ ကျက်စားရာ ရခိုင်ကမ်းရိုးတန်းဒေသ အဏ္ဏဝါအမျိုးသားဥယျာဉ်
ဇီဝစုံလင်သဘာဝဝန်းကျင် စာ ၁၈

ရွှေသောင်ယံကမ်းခြေက Lai Lai ကျွန်းဆီ လည်ပတ်ကြမယ်
ရွှေနိုင်ငံမြင်ကွင်းကျယ် စာ ၂၀


# မြန်မာ့အလင်း

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ တနင်္လာနေ့



*အချပ်ပို (ဃ) မှ*

အပြင်းအထန် စည်းရုံးခဲ့သဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုအခါ ပင်လုံသဘောတူညီချက်သည် တိုင်းရင်းသားတစ်ရပ်လုံး လက်ခံထားသော သဘောတူညီချက် မဟုတ်။ ကရင်နှင့် ကရင်နီ (ကယား) လူမျိုးတို့ ပင်လုံသဘောတူညီချက်တွင် မပါဝင်။ နာဂ၊ 'ဝ'၊ ရခိုင်တောင်တန်းမှ ချင်းလူမျိုးလည်း မပါဝင်၊ သဘောထား မသိရသောကြောင့် ကော်မရှင်ဖွဲ့ စုံစမ်းစစ်ဆေးရမည်ဟု လုပ်ခဲ့သည်။ ထိုအချက်သည် တိုင်းရင်းသားများနှင့် သွေးကွဲရသည့် မျိုးစေ့သန္ဓေဖြစ်လာသည်။ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်လာရသည့် အကြောင်းတရားဖြစ်လာသည်။

လွတ်လပ်ရေး ရရှိပြီးနောက်တွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့သော်လည်း ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားလူမျိုးများ တစ်စုတစ်ဝေးတည်း ပေါင်းစုနေထိုင်လာခဲ့ကြသည်။ မတူကွဲပြားသောလူမျိုးများ စုစည်းနေထိုင်နေကြခြင်းသည် ပြည်ထောင်စု၏ ကျက်သရေပင်ဖြစ်သည်။ ပြည်ထောင်စု၏ ငြိမ်းချမ်းသာယာမှုပင် ဖြစ်သည်။ လူမျိုးအရ အမည်နာမ အခေါ်အဝေါ် သတ်မှတ်ထားသော်လည်း မတူကွဲပြားသော တိုင်းရင်းသားများ စုစည်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်လေးများပင် ဖြစ်သည်။ ကချင်ပြည်နယ်တွင် ကချင်၊ ဂျိမ်းဖော၊ ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြသည်။ ရှမ်းပြည်နယ်တွင် ရှမ်း၊ ပလောင်၊ ကယန်း၊ လီဆူ၊ 'ဝ'၊ ကချင်၊ ဗမာ တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြသည်။ ကရင်ပြည်နယ်တွင်လည်းကောင်း၊ အခြား ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လည်းကောင်း လူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသည်။



၁၉၄၇ ခုနှစ် ဇန်နဝါရီလက အောင်ဆန်း - အက်တလီ စာချုပ် ချုပ်ဆိုရန် အင်္ဂလန်သို့သွားရောက်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းကို ဗြိတိသျှနန်းရင်းဝန် အက်တလီနှင့် တွေ့ရစဉ်။

## ပန်းပေါင်းစုံဥယျာဉ်

ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာနေသော ဥယျာဉ်ကြီးတစ်ခုအဖြစ် ဥပမာကြည့်မည်ဆိုလျှင် ရန်ကုန်တိုင်းဒေသကြီးကို ရှုမြင်နိုင်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် အများစုနေထိုင်ကြသော ဗမာလူမျိုးများနှင့်အတူ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် လူမျိုးပေါင်းစုံတို့ နေထိုင်ကြသည်။ ထို့အပြင် ပြည်ပနိုင်ငံအမျိုးအနွယ် မြန်မာနိုင်ငံသား အိန္ဒိယ၊ တရုတ် စသည့် လူမျိုးများ နေထိုင်ကြသည်။ မတူကွဲပြားသော လူမျိုးများနှင့်အတူ မတူကွဲပြားသော ဘာသာတရားမျိုးစုံလည်း ရှိကြသည်။ မတူကွဲပြားမှုများ အတူတကွနေထိုင်ကြသော်လည်း တစ်ဦး၏ ဓလေ့ထုံးစံများကို တစ်ဦးက ဆန့်ကျင်ခြင်းမရှိပေ။ တစ်ဦးကိုတစ်ဦး လေးစားမှုနားလည်မှုရှိကြသည်။ တစ်ဦးနှင့်တစ်ဦး အမုန်းမဖက် အပြုံးမပျက်နေထိုင်ကြသည်။ နှစ်လိုဖွယ်ကောင်းပေစွ၊ ချစ်လိုဖွယ်ကောင်းပေစွ။ ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာနေသော ဥယျာဉ်ကြီးသဖွယ်ဖြစ်သည်။ ငြိမ်းချမ်းသာယာဝပြောမှုအပေါင်းကို ဆောင်ကြဉ်းသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ရှေးအစဉ်အဆက်အတူတကွနေထိုင်လာခဲ့ကြသော တိုင်းရင်းသားလူမျိုးများသည် ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းနှင့် ပတ်ဝိုင်းလျက်ရှိသော ကုန်းပြင်မြင့်ကြီးများ၌ မှီတင်းနေထိုင်ခဲ့ကြပြီး ရေမြေအနေအထား အခြေအနေများအရသာ ယဉ်ကျေးမှုကွဲပြားမှုများ ဖြစ်နေရသည်။ မတူကွဲပြားမှုများ ပေါင်းစည်းနေထိုင်ကြရာတွင် ရံဖန်ရံခါ ဖြစ်တောင့်ဖြစ်ခဲ အပြင်အပ ပယောဂကြောင့် ပြဿနာများ ရှိခဲ့ဖူးသည်။ သို့သော် မပြေလည်မှု ပြဿနာမှာ ခဏတာ၊ ပွဲပြီးမီးသေဆိုသကဲ့သို့ ပြန်လည်ပေါင်းစည်း ချစ်ချစ်ခင်ခင် နေထိုင်ကြသည်။ တစ်ဦးအပေါ်တစ်ဦး အမျက်အမုန်း အငြိုးအတေး မထား။ မပြေလည်ခဲ့သော ပြဿနာများကို ပြည်ဖုံးကားချကာ မိသားစုသဖွယ် ပြန်လည်ပေါင်းသင်း ဆက်ဆံနေထိုင်ကြသည်။

## နင်းခြေဖျက်ဆီး

သို့သော် မျက်မှောက်ကာလတွင် တောင်တန်းနယ်စပ်ဒေသ၊ တိုင်းရင်းသားဒေသအချို့တွင် လူမျိုးစွဲ၊ ဘာသာစွဲ ပြင်းထန်မှုများ ရှိနေသည်ကိုတွေ့ရသည်။ အေးချမ်းစွာ နေထိုင်ကြသော တိုင်းရင်းသားပြည်သူများကို မဆိုလို၊ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့တွင် အမုန်းအာဃာတများ ကြီးမားနေသည်ကို တွေ့ရသည်။ အခွင့်အခါရလျှင်ရသလို ရန်လိုမုန်းထား တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည်ကို တွေ့ရသည်။ တပ်မတော်သည် ဖခင်သဖွယ် ခြောက်လှန့်လိုက်၊ ဟန့်တားလိုက်၊ အလျှော့ပေးလိုက် ပြုလုပ်နေရသည်။ *အချပ်ပို (ဂ) သို့*

**တိုင်းရင်းသားလူမျိုးအချင်းချင်း ဖြစ်ပွားနေသော ပဋိပက္ခများမှာ တာရှည်လာသည်နှင့်အမျှ တိုင်းပြည်အတွက် ထိခိုက်နစ်နာရသည်။ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ပြီး တိုင်းပြည် အေးချမ်းအောင်၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သင့်ပါသည်။ တိုင်းပြည်တွင် သယံဇာတများ ပေါများကြွယ်ဝပါလျက် မညီညွတ်သောကြောင့် တိုင်းပြည် အောက်ကျနောက်ကျ ဖြစ်နေသည်မှာ စိတ်မကောင်းစရာဖြစ်**



၂၀၂၃ ခုနှစ် နိုဝင်ဘာလက TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဒေသခံပြည်သူများ ကုန်စည်ကူးသန်းမှုနှင့် သွားလာရေးခက်ခဲစေရန် ဖျက်ဆီးထားသည့် နောင်ချိုမြို့နယ် ရွှေညောင်ပင်အနီး ဖြတ်မြောင်းကြီးများ ပြုလုပ်ထားမှုကို ပြန်လည်ပြုပြင်ပြီးနောက် တွေ့ရစဉ်။



၂၀၂၃ ခုနှစ် နိုဝင်ဘာလက TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဒေသခံပြည်သူများ ကုန်စည်ကူးသန်းမှုနှင့် သွားလာရေးခက်ခဲစေရန် ဖျက်ဆီးထားသည့် နောင်ပစ်နှင့် နောင်ပိန်းကျေးရွာကြားတွင် သစ်ပင်ကြီးများ ခုတ်လှဲပိတ်ဆို့ထားခြင်းကို ဖယ်ရှားနေမှုနှင့် ဖြတ်မြောင်းကြီးများ ပြုလုပ်ထားမှုကို ပြန်လည်ပြုပြင်ပြီးနောက် တွေ့ရစဉ်။

*အချုပ်ပိုဒ် (၁) မှ*

ရှေ့ဆက်တက်၍ ပြည်ထောင်စုကြီး ဗုန်းဗုန်းလဲကျရန်၊ ပြိုကွဲရန်၊ ဖွဲ့ထုတ်ရန် ကြံစည်နေကြသည်။ တစ်မြေတည်းနေ၊ တစ်မြေတည်းဖွားသည့် ပြည်ထောင်စု တိုင်းရင်းသားအချင်းချင်း စစ်ခင်းနေကြသည်မှာ စိတ်မကောင်းစရာဖြစ်သည်။ အမိပြည်ထောင်စုကြီးကို နင်းခြေဖျက်ဆီးနေသည်မှာ ဝမ်းနည်းစရာဖြစ်သည်။

စစ်ကြောင့် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ကုန်သည်။ စီးပွားကူးသန်းရောင်းဝယ် ဖောက်ကားမှုများ ရပ်တန့်ကုန်သည်။ ဆက်သွယ်သွားလာမှုခက်ခဲသောကြောင့် ချစ်ခင်ရင်းနှီးမှုများ အလှမ်းဝေးသွားသည်။ တိုင်းရင်းသားပြည်သူများ၏ အိုးအိမ်ပစ္စည်းများ ပျက်စီးဆုံးရှုံးကြကုန်သည်။ အလုပ်အကိုင်စီးပွား၊ ပညာရေး၊ ကျန်းမာရေး စသည်တို့ ဘာမျှ ရေရေရာရာ မရှိတော့ပေ။ တိုက်ပွဲဖြစ်ပွားရာ နယ်မြေဒေသများတွင် တိုင်းရင်းသားပြည်သူများ နေရပ်စွန့်ခွာ တိမ်းရှောင်ကြရသည်။ ဘိုးစဉ်ဘောင်ဆက် ဦးခေါင်းချခဲ့သည့် မြတ်နိုးတွယ်တာခဲ့သော နေရာဟောင်းကို စွန့်ခွာကြရသည်။ ဥပဒေကင်းမဲ့သော၊ လက်နက်အားကိုးသော ဒေသများတွင် အကြောက်တရားဖြင့် နေထိုင်ကြရသည်။ ပြည်ထောင်စုကြီးအတွင်းမှ လက်နက်ကိုင်ပဋိပက္ခများ၏ အကျိုးတရားကို တိုင်းရင်းသားပြည်သူများ အခံစားရဆုံး၊ အသိဆုံးဖြစ်သည်။

## ပြည်ထောင်စုစိတ်ဓာတ်

ဥပဒေဘောင်အတွင်း နေထိုင်ကြရသော ပြည်သူများသည် ဤမြေတွင် မွေးဖွားရှင်သန်ကြသော နိုင်ငံသားအချင်းချင်းမို့ စိတ်မကောင်းဖြစ်ကြသည်။ ကိုယ်ချင်းစာတရား ထားကြသည်။ ပြည်ပရန်စွယ် အန္တရာယ်များကို ပြည်ထောင်စုသားအချင်းချင်း လက်တွဲတွန်းလှန်ရမည့်အစား၊ တိုင်းပြည်တိုးတက်အောင်၊ ကြီးပွားအောင် လက်တွဲလုပ်ကိုင်ရမည့်အစား အချင်းချင်း စစ်ခင်း ပျက်စီးကြေမွနေသည့် အဖြစ်ကို ကြိတ်မနိုင်ခဲမရ ဖြစ်ကြရသည်။ ယခုဖြစ်ပွားနေသော အဖြစ်အပျက်များမှာ ဟိုတစ်ကွက်၊ သည်တစ်ကွက် ဖြစ်ပွားနေခြင်းသာဖြစ်သည်။ အကယ်၍ ပြည်ထောင်စုကြီးတစ်ခုလုံး ပြိုကွဲပျက်စီးရမည့်အရေး ကြုံတွေ့လာရပါမူ ဤမြေတွင်နေ၊ ဤရေကိုသောက်၍ ရှင်သန်ကြီးပြင်းလာသော ပြည်ထောင်စု တိုင်းရင်းသားများအားလုံး၊ နိုင်ငံသူ နိုင်ငံသားများအားလုံး ခေါင်းငုံ့မခံ၊ သည်းမခံ ညီညာပေါင်းရုံး နိုးကြားလာမည်ဖြစ်သည်။ ပြည်ထောင်စုကြီးကို ဖြိုခွဲသူများကို လက်တွဲဝန်းရံ တွန်းလှန်ကြပေလိမ့်မည်။ ဤသည်မှာ အခြေအနေ၊ အကြောင်းအရပ်ရပ်ကြောင့် အလိုအလျောက်ဖြစ်လာသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည်။

ဤမြန်မာပြည်၏ အရေး၊ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့် ပတ်သက်၍ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးတစ်ဦး မဟုတ်သော်လည်း ဤမြေတွင်နေ၊ ဤရေကိုသောက်၍ ဘိုးစဉ်ဘောင်ဆက် ဤပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် နေထိုင်ကြီးပြင်းခဲ့သည့် လူမျိုးခြား မြန်မာနိုင်ငံသားတစ်ယောက်၏ စိတ်ထားနှင့်ခံယူချက်ကို အလျဉ်းသင့်၍ တင်ပြလိုပေသည်။

☆ **လွတ်လပ်ရေးရရှိပြီးနောက်တွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့သော်လည်း ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားလူမျိုးများ တစ်စုတစ်ဝေးတည်း ပေါင်းစုနေထိုင်လာခဲ့ကြသည်။ မတူကွဲပြားသောလူမျိုးများ စုစည်းနေထိုင်နေကြခြင်းသည် ပြည်ထောင်စု၏ ကျက်သရေပင် ဖြစ်သည်။ ပြည်ထောင်စု၏ ငြိမ်းချမ်းသာယာမှုပင် ဖြစ်သည်။ လူမျိုးအရ အမည်နာမ အခေါ်အဝေါ် သတ်မှတ်ထားသော်လည်း မတူကွဲပြားသော တိုင်းရင်းသားများ စုစည်းနေထိုင်ကြသည့် ပြည်ထောင်စုငယ်လေးများပင်ဖြစ်**

**လူမျိုးအချင်းချင်း စည်းလုံးညီညွတ်ပြီး တိုင်းပြည်အေးချမ်းအောင်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သင့်ပါသည်။ တိုင်းပြည်တွင် သယံဇာတများပေါများကြွယ်ဝပါလျက် မညီညွတ်သောကြောင့် တိုင်းပြည်အောက်ကျနောက်ကျဖြစ်နေသည်မှာ စိတ်မကောင်းစရာ**

**ကြသူများဖြစ်၍ ဤမြေ၊ ဤတိုင်းပြည်ကို တန်ဖိုးထားသည်။ ဤတိုင်းပြည်ကို အချစ်မြတ်နိုးဆုံး၊ အနှစ်သက်ဆုံး ဖြစ်ပါသည်။ ဤတိုင်းပြည်ကို ထိပါးစော်ကားလာသော၊ ကျူးကျော်လာသော လူမျိုးခြားများရှိလာပါက ကျွန်တော်တို့လူမျိုး၊ ကျွန်တော်တို့ဘာသာဝင်ဖြစ်ပါစေ**

ဤမြေအဆီအနှစ်က အကျိုးပြုနေသော ဤပြည်ထောင်စုကြီးကို ဤပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့က ကာကွယ် စောင့်ရှောက်ကြရပါမည်။ အချင်းချင်း စိတ်ဝမ်းမကွဲပြားဘဲ ပြည်ထောင်စုကြီးအကျိုး၊ ပြည်ထောင်စုတိုင်းရင်းသားပြည်သူအားလုံးအကျိုးကို




(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် “ပြည်ထောင်စုအလံတော်”ကို တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံကာ ပြည်ထောင်စုလှေဖြင့် သယ်ဆောင်ကြစဉ်။ (၁၂-၂-၂၀၂၂)

**“တိုင်းရင်းသား လူမျိုးအချင်းချင်း ဖြစ်ပွားနေသော ပဋိပက္ခများမှာ တာရှည်လာသည်နှင့်အမျှ တိုင်းပြည်အတွက် ထိခိုက်နစ်နာရသည်။ တိုင်းရင်းသား**

**ဖြစ်ပါသည်။”**

**တိုင်းပြည်ကို ချစ်မြတ်နိုး**

**“ကျွန်တော်တို့သည် ဤမြေတွင်နေ၊ ဤရေကိုသောက်၍ ကြီးပွားရှင်သန်လာ**

**ကျွန်တော်တို့ကိုယ်တိုင် ပါဝင်တွန်းလှန်ဖယ်ရှားသွားမည်ဖြစ်သည်။ ဤတိုင်းပြည်တွင်နေ၍ ဤတိုင်းပြည်ကို ချစ်မြတ်နိုးသောကြောင့် ဖြစ်သည်။”**

ဤစကားကို လူမျိုးခြား၊ ဘာသာခြား မြန်မာနိုင်ငံသားတစ်ယောက်ထံမှ ကြားသိရသည်မှာ ကြက်သီးမွေးညင်းထလာခဲ့သည်။ ဤသို့သောစိတ်ဓာတ်၊ ဤသို့သော ခံယူချက်မျိုး မြန်မာနိုင်ငံသားစစ်စစ် ပြည်ထောင်စုဖွားတိုင်းရင်းသားအချို့က အဘယ့်ကြောင့် မထားနိုင်ပါသနည်း။ လူမျိုးခြား၊ ဘာသာခြား နိုင်ငံသားတစ်ယောက်က ဤသို့သော စိတ်ထား ထားနိုင်လျှင် မြန်မာနိုင်ငံသား တိုင်းရင်းသားစစ်စစ်တို့က ပို၍ပင်ထားရှိကြရမည် ဖြစ်သည်။

ဤမြေတွင်နေ၊ ဤရေကိုသောက်၊ သယ်ပိုးထမ်းဆောင်ကြရပါမည်။

ယခုဖြစ်ပွားနေသော ပြဿနာသည် ကိုယ်ပိုင်အကျိုးစီးပွား၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြည်နယ်၊ ကိုယ်ပိုင်ဒေသရရှိအောင် ဥပဒေဘောင်ပြင်ပမှ လက်နက်ကိုင် နည်းလမ်းဖြင့် ဆောင်ရွက်နေခြင်း ဖြစ်သည်။ လက်နက်ကိုင် နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းသည် မည်သည့်အခါမျှ အောင်မြင်မှုရရှိလိမ့်မည် မဟုတ်ပေ။ အားလုံးအထိနာ နာလန်မထူနိုင်သည့် အဖြစ်သာ ရောက်ရှိပေလိမ့်မည်။ ထို့ကြောင့် ပြည်ထောင်စုအရေးအတွက် ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရန်၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်စေရန် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ကြရမည်ဟု ရေးသား တင်ပြလိုက်ရပါသည်။ ။

> “ယခုဖြစ်ပွားနေသော ပြဿနာသည် ကိုယ်ပိုင်အကျိုးစီးပွား၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြည်နယ်၊ ကိုယ်ပိုင်ဒေသရရှိအောင် ဥပဒေဘောင်ပြင်ပမှ လက်နက်ကိုင် နည်းလမ်းဖြင့် ဆောင်ရွက်နေခြင်း ဖြစ်သည်။ လက်နက်ကိုင် နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းသည် မည်သည့်အခါမျှ အောင်မြင်မှု ရရှိလိမ့်မည် မဟုတ်ပေ။ အားလုံးအထိနာ နာလန်မထူနိုင်သည့် အဖြစ်သာ ရောက်ရှိပေလိမ့်မည်”

# ပြည်ထောင်စုအတွေး ပြည်ထောင်စုအရေး . . .

◆ ကိုရင်မောင် ◆



၁၂-၂-၁၉၄၇ ရက်က ပင်လုံသဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့သည့် အထိမ်းအမှတ်အဖြစ် စိုက်ထူထားသည့် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့ရှိ ပင်လုံကျောက်တိုင်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သော နိုင်ငံဖြစ်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း လူမျိုးစုကြီးများအပြင် လူမျိုးခွဲ၊ လူမျိုးငယ်များ ၁၃၅ မျိုးခန့် စုစည်းနေထိုင်ကြသည်ဟု အသိအမှတ်ပြုထားသည်။ စတင်အခြေချ မွေးဖွားရှင်သန်ရာ နယ်မြေဒေသအလိုက် ကချင်လူမျိုးအများစု နေထိုင်ရာဒေသကို ကချင်ပြည်နယ်၊ ရှမ်းလူမျိုးအများစု နေထိုင်ရာဒေသကို ရှမ်းပြည်နယ်၊ ကရင်လူမျိုး အများစုနေထိုင်ရာဒေသကို ကရင်ပြည်နယ်စသည်ဖြင့် အများစုလူမျိုးကို အစွဲပြု၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အမည်နာမ သတ်မှတ်ထားသော်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် လူမျိုးပေါင်းစုံတို့ စုစည်းနေထိုင်ကြသည်။

လူမျိုးရေးအရ၊ အသွေးအရောင်ဓလေ့စရိုက်အရ မတူကွဲပြားသော လူမျိုးများ စုစည်းနေထိုင်ကြသကဲ့သို့ ကိုးကွယ်ယုံကြည်ရာဘာသာရေးအရလည်း မတူကွဲပြားသော ဘာသာတရားများအလိုက် လွတ်လပ်စွာ ကိုးကွယ်ခွင့်ရကြသည်။ မြန်မာနိုင်ငံသည် ရှေးအစဉ်အဆက် ထေရဝါဒဗုဒ္ဓဘာသာကို အဓိကကိုးကွယ်သော နိုင်ငံဖြစ်သော်လည်း ဗုဒ္ဓဘာသာနှင့်အတူ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ ဘာသာကြီးလေးမျိုးအပြင် နတ်ကိုးကွယ်မှုနှင့် အခြားယုံကြည်ရာတို့ကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားသည်။ လူမျိုးအရ၊ ဘာသာအရ ဆိုင်ရာဆိုင်ရာဓလေ့ထုံးစံ အစဉ်အလာများကိုလည်း လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

### လောကအလှတရား

မတူကွဲပြားမှုများ ပေါင်းစည်းထားခြင်းမှာ လောကအလှတရားပင် ဖြစ်သည်။ နှစ်လိုဖွယ်ရာအကောင်းဆုံး ခံစားချက်ပင်ဖြစ်သည်။ စုစည်းညီညွတ်မှုသဘောတရားပင် ဖြစ်သည်။ ဥယျာဉ်ကြီးအတွင်းမှ ပန်းလေးတစ်ပွင့်အနေဖြင့် အခြားအရောင်အသွေးမတူသော ပန်းကလေးများက မိမိထက်ပိုလှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ ပြဿနာတစ်စုံတစ်ရာ အနှောင့်အယှက်ဖြစ်သည်ဟု မဆိုသာပေ။ မတူညီသော ရောင်စုံပန်းများနှင့် အတူတကွ ဖူးပွင့်တည်ရှိနေခြင်းသည် ကြည့်သူမြင်သူတို့အတွက် လှပသော အဆင်တန်ဆာကို ဖြစ်စေပါသည်။ ပန်းပေါင်းဝေဆာနေသော ဥယျာဉ်ကြီးတစ်ခုဝယ် မတူကွဲပြားသော ပန်းမန်များ စုစည်းနေခြင်းသည်ပင် နှစ်လိုဖွယ်ကောင်းသည့် သဘာဝအလှတရားတစ်မျိုး ဖြစ်သည်။

တစ်စုတစ်ဝေးတည်း စုစည်းဝေဆာနေသော ဥယျာဉ်ကြီးအတွင်းမှ အလှကိုယ်စီရှိသည့် ပန်းမန်တစ်မျိုးစီကို ဖယ်ရှား ခွဲခြားလိုက်သည့်အခါတွင် နှစ်လိုဖွယ်ကောင်းသည့် ဝေဆာနေသော အလှတရားများ ပျက်ပြယ်သွားပြီး အထီးကျန်ဆန်ဆန် တစ်ပွင့်တည်း စံလျက် အလှပျက်ပြယ်ရသည်။ မတူကွဲပြား တည်ရှိနေခြင်းကို ပြဿနာတစ်ရပ်ဟု မရှုမြင်ဘဲ တစ်စုတစ်ဝေးတည်း ရှိနေသည့် အလှသစ်တစ်ခုဟု သဘောယူဆကာ ထိုလှပဝေဆာသည့် ဥယျာဉ်ကြီးအတွင်း အတူတကွ ပူးပေါင်းဖက် ဖြစ်တည်ပူးယှက် နေထိုင်နိုင်ကြခြင်းသည်သာ အလှပေါင်းစု ဥယျာဉ်ကြီး တစ်ခုအဖြစ် အတင့်တယ်ဆုံး ဖြစ်ပေလိမ့်မည်။ ကိုယ်စီကိုယ်င အလှအပတို့ ပေါင်းစုဝေဆာနေခြင်းသည်သာ နှစ်လိုဖွယ် အကောင်းဆုံးဖြစ်ပေလိမ့်မည်။

### သွေးကွဲမှု၏ ဇာစ်မြစ်

အလားတူပင် မတူကွဲပြားသော လူမျိုးများ၊ မတူကွဲပြားသော ဘာသာတရားများ ပေါင်းစုဝေဆာနေခြင်းသည်လည်း လောကအလှတရားတစ်ခုဟု ဆိုနိုင်ပါသည်။ လူမျိုးအလိုက် မတူကွဲပြားမှုများကို ခွဲခြားလိုက်မည်ဆိုလျှင် လူမျိုးစွဲစိတ်ဓာတ် ကြီးမားလာနိုင်သည်။ ဘာသာအလိုက် ကွဲပြားမှုများကို ခွဲခြားဆက်ဆံမည်ဆိုလျှင် ဘာသာစွဲစိတ်ဓာတ် ကြီးမားလာနိုင်သည်။ ဘာသာစွဲ၊ လူမျိုးစွဲကြီးမားလာမည်ဆိုလျှင် မတူကွဲပြား သီးခြားရပ်တည်မှုမှ ဖြစ်ပေါ်လာသော ကွဲလွဲဆန့်ကျင်မှုသဘောဆောင်သည့် ရန်လိုမုန်းထားမှုများ ဖြစ်လာနိုင်ပေသည်။ ရှေးကာလက တိုင်းရင်းသားလူမျိုးအပေါင်းတို့သည် ပြည်ထောင်စုကြီးအတွင်း နှစ်ပေါင်းထောင်ချီ အတူတကွ နေထိုင်ခဲ့ကြသည်။ ရံဖန်ရံခါ အခိုက်အတန့် ပဋိပက္ခအချို့ ရှိခဲ့သော်လည်း ပြေပျောက်လွယ်သည်သာ ဖြစ်သည်။ ကွဲပြားခြားနားသည့် စိတ်ထားများ ဖြစ်ပေါ်လာသည်မှာ ကိုလိုနီခေတ်က စသည်ဟု ဆိုရမည်ဖြစ်သည်။ နယ်ချဲ့စနစ်၏ ပရိယာယ်အရ တိုင်းရင်းသားအချင်းချင်း သွေးခွဲအုပ်ချုပ်ခြင်းမှ စလေသည်။ မူလက ပြည်ထောင်စုကြီးအတွင်း တစ်စုတစ်ဝေးတည်း စုစည်းနေထိုင်လာခဲ့ကြရာမှ သွေးခွဲအုပ်ချုပ်မှုအရ ခွဲခြားနေထိုင်လိုသော ဆန္ဒများ ဖြစ်ပေါ်စေခဲ့သည်။

နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်တို့တွင် မတရားကျူးကျော်စစ်ဖြင့် သိမ်းပိုက်ခဲ့သည့်အခါ တိုင်းပြည်ကို ချစ်မြတ်နိုးသောစိတ်၊ မိမိတိုင်းပြည်ကို ကာကွယ်လိုသောစိတ်ဖြင့် တိုင်းရင်းသားလူမျိုး အသီးသီးတို့က နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးစစ်ပွဲများ ဆင်နွှဲခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်ကာလ နယ်ချဲ့ဗြိတိသျှတို့က မြန်မာနိုင်ငံကို မလွှဲမရှောင်သာ၊ မဖြစ်မနေ လွတ်လပ်ရေးပေးရတော့မည့်ကာလတွင် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ဗမာ - ဗမာအချင်းချင်း၊ ဗမာ - တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားမှုများ ပေါ်ပေါက်လာခဲ့သည်။ မြန်မာနိုင်ငံကို လွတ်လပ်ရေး ပေးရသည့်တိုင် တောင်တန်းဒေသကို ဆက်လက်အုပ်ချုပ်လိုသည့် ရိုက်ခတ်မှုဖြစ်ခဲ့သည်။

### သွေးကွဲရသည့်မျိုးစေ့

အောင်ဆန်း-အက်တလီစာချုပ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရယူသည့်အခါ ပြည်မနှင့်ပူးပေါင်း၍ လွတ်လပ်ရေးယူလိုသည်၊ မယူလိုသည်ကို သိရှိရန် ကွန်ဖရင့်ကျင်းပ၍ တိုင်းရင်းသားတို့ဆန္ဒယူရမည်ဟု ပါရှိခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းက တောင်တန်းနှင့် ပြည်မပူးပေါင်း၍ လွတ်လပ်ရေးရယူရန်

*အချပ်ပို (ခ) သို့*

> မတူကွဲပြားသော လူမျိုးများ၊ မတူကွဲပြားသော ဘာသာတရားများ ပေါင်းစုဝေဆာနေခြင်းသည်လည်း လောကအလှတရားတစ်ခုဟု ဆိုနိုင်ပါသည်။ လူမျိုးအလိုက် မတူကွဲပြားမှုများကို ခွဲခြားလိုက်မည်ဆိုလျှင် လူမျိုးစွဲစိတ်ဓာတ် ကြီးမားလာနိုင်သည်။ ဘာသာအလိုက် ကွဲပြားမှုများကို ခွဲခြားဆက်ဆံမည်ဆိုလျှင် ဘာသာစွဲစိတ်ဓာတ် ကြီးမားလာနိုင်သည်။ ဘာသာစွဲ၊ လူမျိုးစွဲ ကြီးမားလာမည်ဆိုလျှင် မတူကွဲပြား သီးခြားရပ်တည်မှုမှ ဖြစ်ပေါ်လာသော ကွဲလွဲဆန့်ကျင်မှုသဘောဆောင်သည့် ရန်လိုမုန်းထားမှုများ ဖြစ်လာနိုင်